ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇူလိုင်လ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကိုရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)

၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက်၊ အင်္ဂါနေ့။ Tuesday, 10 September 2019 ၉၇၆၈

# လူထုဖွံ့ဖြိုးရေးစီမံကိန်း အကောင်အထည်ဖော်ရန် အာရှဖွံ့ဖြိုးရေးဘဏ်မှ အမေရိကန်ဒေါ်လာ ၁၈၅ သန်း ချေးငွေရယူရေး ရှင်းလင်းတင်ပြ



ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ ကျင်းပစဉ်။

**နေပြည်တော် စက်တင်ဘာ ၉**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် **နိုင်ငံတော်သမ္မတထံမှပေးပို့သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက လူထုဖွံ့ဖြိုးရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် အာရှဖွံ့ဖြိုးရေးဘဏ်(ADB)ထံမှ အမေရိကန်ဒေါ်လာ ၁၈၅ သန်း ချေးငွေရယူရေး**ကိစ္စနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က ရှင်းလင်းတင်ပြကြသည်။

ဒုတိယဝန်ကြီး ဦးလှကျော်က စီမံကိန်း၏ ရည်ရွယ်ချက်မှာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လူထုကိုယ်တိုင်ဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေမိသားစုဝင်ငွေတိုးပွားလာစေပြီး လူနေမှုအဆင့်အတန်း မြင့်မားလာစေခြင်းနှင့်အတူ သဘာဝဘေးအန္တရာယ် ရင်ဆိုင်တုံ့ပြန်နိုင်စွမ်း အားကောင်းလာစေရန် ဖြစ်ပါကြောင်း၊ အဆိုပါ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အာရှဖွံ့ဖြိုးရေးဘဏ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ကျွမ်းကျင်ပညာရှင်များက ပဏာမစူးစမ်းလေ့လာမှုလုပ်ငန်းကို **စာမျက်နှာ ၃ ကော်လံ ၁ သို့** ✳

## ကြေးမုံ ယနေ့ ဖတ်စရာ

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ (၁၈)ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ၊ ဆုချီးမြှင့်ပွဲကျင်းပ**

စာမျက်နှာ » ၄

**တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်**

စာမျက်နှာ » ၈

**ငြိမ်းချမ်းသော နယ်မြေဖြစ်၍ ကမ္ဘာ့အမွေအနှစ်အဖြစ်သို့**

စာမျက်နှာ » ၁၅

KBZ BANK
BEST BANK IN MYANMAR
Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

ကြေးမုံ

## တုပ်ကွေးအမျိုးမျိုးကို သတိမူအလေးထား

ယခုအချိန်ကာလတွင် မြန်မာနိုင်ငံတစ်ဝန်း၌ ဖြစ်ပွားလျက်ရှိသော ရာသီတုပ်ကွေး၊ သွေးလွန်တုပ်ကွေးရောဂါတို့နှင့်ပတ်သက်၍ ယခင်နှစ်များနှင့်မတူ လူ့အသက်သေဆုံးမှုပိုများသဖြင့် အထူးသတိပြု ကာကွယ်စောင့်ရှောက် ကုသမှုပြုကြရမည်ဖြစ်သည်။ ကျန်းမာရေးဌာန၏ ထုတ်ပြန်ချက်အရ စက်တင်ဘာလ ၆ ရက်နေ့အထိ ရာသီတုပ်ကွေးရောဂါကြောင့် တစ်နိုင်ငံလုံးတွင် သေဆုံးသူ ၁၀၉ ဦးအထိရှိပြီး ဩဂုတ်လ ၁၀ ရက်နေ့အထိ သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးသူ ၆၈ ဦးအထိ ရှိနေပြီဖြစ်သည်။

အဆိုပါကူးစက်ရောဂါများမှာ နှစ်စဉ်ဖြစ်ပွားလေ့ရှိသဖြင့် အထူးအဆန်းမဟုတ်သော်လည်း ယခုနှစ်မိုးရာသီတွင်မူ ရာသီဥတုပြင်းထန်မှုနှင့်ဆက်စပ်လျက် ဖြစ်ပွားမှုနှုန်းလည်းမြင့်တက်ပြီး သေဆုံးမှုနှုန်းပါ ယခင်နှစ်များနှင့်မတူ ပိုမိုလာသည်ကို အထူးဂရုပြုရန်လိုမည်ဖြစ်သည်။ ရာသီတုပ်ကွေးရောဂါမှာ ၂၀၁၇ ခုနှစ်က ဖြစ်ပွားသူ ၄၀၆ ဦးရှိပြီး သေဆုံးသူ ၃၈ ဦးသာရှိခဲ့သည်။ ယခုနှစ်တွင် ဖြစ်ပွားသူ ၆၇၂ ဦးရှိပြီး သေဆုံးသူ ၁၀၉ ဦးရှိသဖြင့် ၂၀၁၇ ခုနှစ်နှင့်နှိုင်းစာလျှင် သေဆုံးသူ သုံးဆကျော်နေသည်။

ရာသီတုပ်ကွေးဖြစ်ပွားမှုကြောင့် ရန်ကုန်တိုင်းဒေသကြီးတွင် သေဆုံးမှုအများဆုံးဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီးမှာ ဒုတိယအများဆုံးဖြစ်သည်။ သေဆုံးသည့်အသက်အရွယ်မှာ ၁၅ နှစ်မှ ၆၅ နှစ်အတွင်းသေဆုံးမှု ၅၇ ရာခိုင်နှုန်း၊ တစ်နှစ်မှ ငါးနှစ်အတွင်း ၁၄ ရာခိုင်နှုန်း၊ ငါးနှစ်မှ ၁၅ နှစ်အတွင်း ၁၃ ရာခိုင်နှုန်း၊ ၆၅ နှစ်အထက် ကိုးရာခိုင်နှုန်းနှင့် တစ်နှစ်အောက်ကလေးများတွင် ခုနစ်ရာခိုင်နှုန်းသေဆုံးမှုရှိရာ အသက်အရွယ် ငယ်လွန်းသူ၊ ကိုယ်ခံအားနည်းသူနှင့် ရောဂါအခံရှိသူများ အထူးဂရုပြုကြရမည်ဖြစ်သည်။

ရာသီတုပ်ကွေးရောဂါကြောင့် သေဆုံးသူများတွင် အသက်အရွယ်ငယ်လွန်းသူများနှင့် ကြီးလွန်းသူများ၊ ဆီးချို၊ သွေးချို၊ သွေးတိုး၊ နှလုံးရောဂါနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါရှိသူများ၊ နာတာရှည်ရောဂါအခံရှိသူများ ဖြစ်ကြသည်။ ရောဂါပြင်းထန်ပါက အဖျားကြီးခြင်း၊ ချောင်းအလွန်ဆိုးခြင်း၊ မောခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ အသက်ရှူကျပ်ခြင်း၊ ခက်ခြင်း၊ မြန်ခြင်း၊ ဂနာမငြိမ်ဖြစ်ခြင်း၊ သတိလစ်ခြင်းတို့ဖြစ်တတ်ပြီး ဖြစ်ပွားပါက နီးစပ်ရာဆေးရုံ၊ ဆေးခန်းသို့ အမြန်ဆုံးသွားရောက်ပြသ ကုသရမည်ဖြစ်သည်။

သွေးလွန်တုပ်ကွေးရောဂါတွင်လည်း ဖြစ်ပွားမှုနှင့် သေဆုံးမှုအများဆုံးမှာ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးပင် ဖြစ်သည်။ သွေးလွန်တုပ်ကွေးရောဂါမှာ ခြင်မှဖြစ်ပွားခြင်းဖြစ်ပြီး ယခုအခါ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ပွားမှုမြင့်တက်လာသည်။ ယမန်နှစ်က သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၂၃၀၀၀ တွင် သေဆုံးသူ ၁၁၂ ဦးရှိခဲ့သည်။ ယခုနှစ်တွင် ဇန်နဝါရီလမှ ဩဂုတ်လ ၁၀ ရက်နေ့အထိ ဖြစ်ပွားသူ ၁၃၀၄၈ ဦးရှိပြီး သေဆုံးသူ ၆၈ ဦးရှိသည်။ သွေးလွန်တုပ်ကွေးရောဂါမှာ စက်တင်ဘာလအထိဖြစ်ပွားတတ်သဖြင့် ယမန်နှစ်က ဖြစ်ပွားနှုန်းထက် တိုးတက်မလာစေရန် ကာကွယ်စောင့်ရှောက်ပေးရမည်ဖြစ်သည်။

သို့ဖြစ်ရာ ကူးစက်ရောဂါတစ်မျိုးဖြစ်သည့် ရာသီတုပ်ကွေးစသည့် တုပ်ကွေးရောဂါအမျိုးမျိုးတို့သည် ဖြစ်ပွားနှုန်းမြင့်တက်ပြီး လူ့အသက်သေဆုံးနိုင်သည်အထိ ဖြစ်ပေါ်တတ်သဖြင့် ကူးစက်မှုမခံရအောင် ကြိုတင်ကာကွယ်ရေး၊ ကျန်းမာရေးနှင့်ညီညွတ်သော နေထိုင်စားသောက်ရေးကို လူတိုင်းလူတိုင်း ဂရုပြုရမည်ဖြစ်သည့်အပြင် သက်ဆိုင်ရာတို့ကလည်း အထူးဂရုစိုက် ကာကွယ်စောင့်ရှောက်ပေးရမည်ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# (၄၆) ကြိမ်မြောက် အပူပိုင်းမုန်တိုင်းအဖွဲ့ စုံညီအစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၉**




ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်နှင့် ကုလသမဂ္ဂ၊ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင်တို့ ပူးပေါင်း ကျင်းပသည့် (၄၆) ကြိမ်မြောက် အပူပိုင်းမုန်တိုင်းအဖွဲ့ စုံညီအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက နေပြည်တော်ရှိ Hotel Royal Ace ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး အိန္ဒိယနိုင်ငံ မိုးလေဝသဌာနမှ ညွှန်ကြားရေးမှူးချုပ် Ms. Sunithadevi Santhamma၊ ကုလသမဂ္ဂ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင်၏ အကြီးအကဲ Dr. Sanjay Kumar Srivastava နှင့် ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်မှ ကိုယ်စားလှယ် Dr. Taoyong Peng တို့က အမှာစကား ပြောကြားကြသည်။

ဖွင့်ပွဲအခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသာဦး၊ အမြဲတမ်းအတွင်းဝန်များ၊ ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ် (World Meteorological Organization-WMO)နှင့် ကုလသမဂ္ဂ၊ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့်လူမှုရေး ကော်မရှင် (United Nations Economic and Social Commission for Asia and the Pacific-UNESCAP) တို့မှ ပညာရှင်များ၊ တရုတ်နိုင်ငံ မိုးလေဝသဌာနနှင့် ဂျပန်နိုင်ငံ ရေနှင့်ဆက်နွှယ်သည့် ဘေးအန္တရာယ်များနှင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှု အပြည်ပြည်ဆိုင်ရာဗဟိုဌာနမှ ပညာရှင်များ၊ အပူပိုင်းမုန်တိုင်းအဖွဲ့ဝင်နိုင်ငံများမှ ပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ဆွေးနွေးသွားမည်

အပူပိုင်းမုန်တိုင်းအဖွဲ့စုံညီအစည်းအဝေးကို စက်တင်ဘာ ၁၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး အပူပိုင်းမုန်တိုင်း အဖွဲ့ဝင်နိုင်ငံများမှ မိမိတို့နိုင်ငံအလိုက် ၂၀၁၈ ခုနှစ် စက်တင်ဘာမှ ၂၀၁၉ ခုနှစ် ဩဂုတ်အတွင်း ဖြစ်ပေါ်ခဲ့သည့် မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာ ဘေးအန္တရာယ်များ၊ သဘာဝဘေးများမှ ကြိုတင်ကာကွယ်ရေးနှင့် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ၊ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများနှင့် သုတေသနလုပ်ငန်းများကို တင်ပြဆွေးနွေးကြမည်ဖြစ်ပြီး ဘင်္ဂလားပင်လယ်အော်နှင့် အာရေဗျပင်လယ်တို့တွင် မုန်တိုင်းများ ဖြစ်ပေါ်ပါက ကြိုတင်ပြင်ဆင်မှု၊ သတင်းအချက်အလက်နှင့် သတိပေးချက်များ ဖြန့်ဝေမှု၊ အဖွဲ့ဝင်နိုင်ငံများအချင်းချင်း အပြန်အလှန် သတင်းအချက်အလက် ဖလှယ်မှုများအတွက် လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်သည့် အပူပိုင်းဆိုင်ကလုန်းစီမံအုပ်ချုပ်မှု အစီအမံများအား ပြန်လည်သုံးသပ်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့ပြင် ဘင်္ဂလားပင်လယ်အော်နှင့် အာရေဗျပင်လယ်ပြင်တွင် ဖြစ်ပေါ်သည့် မုန်တိုင်းများအား အမည်သစ်ပေးရန်အတွက် အဖွဲ့ဝင်နိုင်ငံများက အဆိုပြုထားသည့် မုန်တိုင်းအမည်များကို အတည်ပြုခြင်းနှင့် WMO၊ ESCAP Panel on Tropical Cyclone Trust Fund (PTCTF) တွင် ရန်ပုံငွေထည့်ဝင်နိုင်ရေးတို့ကို ဆွေးနွေးသွားကြမည်ဖြစ်သည်။

### ရည်ရွယ်ကျင်းပ

အစည်းအဝေးကို ဘင်္ဂလားပင်လယ်အော်နှင့် အာရေဗျပင်လယ်ပြင်တွင်ဖြစ်ပေါ်သည့် အပူပိုင်းမုန်တိုင်းများအတွက် ခန့်မှန်းချက်နှင့် သုတေသနလုပ်ငန်းများအတွက် နည်းပညာဆိုင်ရာ သတင်းအချက်အလက်များ ဖြန့်ဝေခြင်းအပါအဝင် အပူပိုင်းမုန်တိုင်း သတိပေးချက်စနစ်များကို ပိုမိုတိုးတက်ကောင်းမွန်လာစေရန်၊ အပူပိုင်းမုန်တိုင်းနှင့် ဆက်နွှယ်သည့် ဘေးအန္တရာယ်များကြောင့် စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခြင်းကို လျှော့ချနိုင်ရန် ရည်ရွယ်ကျင်းပခြင်း ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၉-၉-၂၀၁၉)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၂,၀၀၀ | ၁၁,၅၀၀ | ၁,၂၉၅ | ၁၅,၃၅၆,၅၀၀ |
| MTSH | ၄,၄၀၀ | ၄,၅၀၀ | ၁၃,၈၂၅ | ၆၁,၂၀၅,၃၀၀ |
| MCB | ၈,၄၀၀ | ၈,၄၀၀ | ၅၉၂ | ၄,၉၇၂,၈၀၀ |
| FPB | ၂၄,၅၀၀ | ၂၅,၀၀၀ | ၁၁၅ | ၂,၈၄၈,၅၀၀ |
| TMH | ၃,၀၀၀ | ၃,၀၅၀ | ၂,၄၂၈ | ၇,၂၈၅,၀၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် စက်တင်ဘာ ၉**

ရန်ကုန်(ရွှေဈေး) ၁၂၄၅၀၀၀ မန္တလေး(ရွှေဈေး) ၁၂၄၅၀၀၀

**စက်သုံးဆီဈေးနှုန်း**

| | | | ရန်ကုန် | မန္တလေး |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၈၆၀/၉၀၀ ကျပ် | ၉၁၀/၉၂၅ ကျပ် |
| (ခ) | အောက်တိန်း ၉၅ | တစ်လီတာ | ၈၅၀/၈၉၅ ကျပ် | ၉၃၀/၉၅၀ ကျပ် |
| (ဂ) | အောက်တိန်း ၉၂ | တစ်လီတာ | ၇၆၀/၈၀၅ ကျပ် | ၈၃၀/၈၄၅ ကျပ် |
| (ဃ) | အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၇၀/၉၁၀ ကျပ် | ၉၂၅/၉၄၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၄၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၅၅ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၇၄၅ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၃၈.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၉၆.၉ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၁၅.၈၅ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၅၀.၁၉၆ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၆၇.၉၀ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁.၄၉၂ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၄၃၇.၆ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၈.၉၈ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၅၆.၃ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၁၄.၆ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်။**

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

**✱ ရှေ့ဖုံးမှ**

၂၀၁၈ ခုနှစ်တွင် တစ်နှစ်ကြာ ဆောင်ရွက်ခဲ့ပြီး စီမံကိန်းဒီဇိုင်းကို ရေးဆွဲခဲ့ခြင်းဖြစ်ပါကြောင်း၊ အဆိုပါစီမံကိန်းဒီဇိုင်းသည် ကုန်ကျစရိတ် အမေရိကန်ဒေါ်လာ ၂၄၄ ဒသမ ၉၅ သန်းဖြစ်ပြီး စီမံကိန်းကာလကို ခုနစ်နှစ်၊ ၂၀၁၉-၂၀၂၀ မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အထိ ဆောင်ရွက်သွားရန် ရည်မှန်းထားပါကြောင်း။

စီမံကိန်းဒေသများအဖြစ် ချင်းပြည်နယ်တွင် ဟားခါး၊ ဖလမ်း၊ တီးတိန်၊ ထန်တလန် လေးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ကလေးဝ၊ မော်လိုက်၊ မင်းကင်း၊ ဖောင်းပြင် လေးမြို့နယ်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် လေရှီး၊ လဟယ်၊ နန်းယွန်း သုံးမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီးတွင် သရက်ချောင်း၊ ရေဖြူ၊ လောင်းလုံးသုံးမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးတွင် ဘိုကလေး၊ ဖျာပုံ၊ လပွတ္တာ သုံးမြို့နယ် စုစုပေါင်း မြို့နယ် (၁၇)မြို့နယ်တွင် ကာလအပိုင်းအခြားအလိုက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ယခု အဆိုပြုစီမံကိန်း၏ ချေးငွေသက်တမ်းကာလသည် (၃၂)နှစ်ဖြစ်ပြီး ဆိုင်းငံ့ကာလမှာ ရှစ်နှစ်ဖြစ်ပါကြောင်း၊ ဆိုင်းငံ့ကာလအတွင်း ပေးဆပ်ရမည့် အတိုးနှုန်းမှာ တစ်ရာခိုင်နှုန်းဖြစ်ပြီး ကျန်ရှိသည့်ကာလ (၂၄)နှစ်အတွက် အတိုးနှုန်းမှာ ၁ ဒသမ ၅ ရာခိုင်နှုန်း ဖြစ်ပါကြောင်း၊ ပြန်လည်ပေးဆပ်ရမည့် အတိုးအရင်းငွေများကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရသုံးမှန်းခြေငွေစာရင်းတွင် ဘဏ္ဍာနှစ်အလိုက် ထည့်သွင်းရေးဆွဲပြီး ပြည်ထောင်စုအစိုးရနှင့် ပြည်ထောင်စုလွှတ်တော်တို့၏ အတည်ပြုခွင့်ပြုချက်ဖြင့် ပြန်လည်ပေးဆပ်သွားမည်ဖြစ်ပါကြောင်း။

ယခုစီမံကိန်းသည် နိုင်ငံတော်၏ စိုက်ပျိုးစီးပွားဖွံ့ဖြိုးရေးဆိုင်ရာ မူဝါဒများနှင့် လုပ်ငန်းစဉ်များကို အထောက်အကူဖြစ်စေမည့် စီမံကိန်းဖြစ်ပါကြောင်း၊ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ခြင်းအားဖြင့် သဘာဝဘေးဒဏ်ခံနိုင်သော ကျေးရွာအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးလာခြင်း၊ ဆင်းရဲနွမ်းပါးသည့် ကျေးလက်အိမ်ထောင်စုများ၏ သက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖွံ့ဖြိုးလာခြင်းနှင့် မိသားစုဝင်ငွေတိုးပွားလာခြင်း၊ ကျေးရွာကုန်ထုတ်လုပ်ငန်းများတိုးတက်လာခြင်း၊ အစိုးရအဖွဲ့အစည်းများနှင့် ကျေးလက်နေပြည်သူများ၏ သဘာဝဘေးအန္တရာယ် ရင်ဆိုင်တုံ့ပြန်နိုင်သည့် စွမ်းဆောင်ရည် မြင့်မားလာစေခြင်းစသည့် အကျိုးရလဒ်များ ခံစားရရှိမည်ဖြစ်ပါကြောင်း၊ ထို့ပြင် စီမံကိန်းမြို့နယ် (၁၇)မြို့နယ်ရှိ ကျေးရွာ(၂၉၄၂)ရွာမှ ကျေးလက် လူဦးရေ ၁ ဒသမ ၈၁ သန်းခန့်ကို အကျိုးပြုစေမည်ဖြစ်ပြီး ဒေသခံလူငယ် ၁၃၉၅ ဦးအား စီမံကိန်းတွင် လူထုစည်းရုံးရေးမှူးများအဖြစ် ခန့်အပ်တာဝန်ပေးခြင်းကြောင့် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် တုံ့ပြန်နိုင်စွမ်းအားကောင်းသော လူထုဖွံ့ဖြိုးရေးစီမံကိန်းဖြင့် ပြည်နယ်/တိုင်းဒေသကြီး လေးခုရှိ မြို့နယ် (၁၇)မြို့နယ်တွင် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းများ စီမံအကောင်အထည်ဖော်ဆောင်ရွက်သွားရန်အတွက် အာရှဖွံ့ဖြိုးရေးဘဏ်မှ ချေးယူမည့် ချေးငွေ အမေရိကန်ဒေါ်လာ ၁၈၅ သန်းအား ချေးယူခွင့်ပြုနိုင်ပါရန် အဆိုပြုတင်ပြအပ်ပါကြောင်း ပြောကြားသည်။

## ဖွံ့ဖြိုးတိုးတက်လာစေရန် စီမံကိန်းရန်ပုံငွေများကို ထိထိရောက်ရောက်ဖြစ်အောင် သုံးစွဲနိုင်ရန် အရေးကြီး

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အဆိုပါ စီမံကိန်းသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ၊ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေ၊ ၂၀၁၈ ခုနှစ်ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာ၊ ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာ မူဝါဒတို့နှင့် ကိုက်ညီမှုရှိပါကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (၂၀၁၈-၂၀၃၀)၏ မဟာဗျူဟာ ၃ ဒသမ ၁၊ ၃ ဒသမ ၆ တို့နှင့်လည်း ကိုက်ညီမှုရှိသည်ကို စိစစ်တွေ့ရှိရပါကြောင်း။

စီမံကိန်းနှင့် ဘဏ္ဍာရေးရှုထောင့်မှ တင်ပြရပါက စီမံကိန်း၏ ရည်ရွယ်ချက်အတိုင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လူထုကိုယ်တိုင် ပါဝင်ဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေမိသားစုများ၏ ဝင်ငွေတိုးပွားစေခြင်း၊ လူနေမှုအဆင့်အတန်းမြင့်မားတိုးတက်စေခြင်းတို့မှတစ်ဆင့် နိုင်ငံတော်၏ ဂျီဒီပီတိုးတက်မှုကို အထောက်အကူပြုနိုင်ရန် ဆောင်ရွက်သင့်ပါကြောင်း၊ သို့မှသာ နိုင်ငံတော်မှ ချမှတ်ဖော်ဆောင်နေသော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များ ပိုမိုအောင်မြင်သည်နှင့်အမျှ ကမ္ဘာ့ကုလသမဂ္ဂ၏ Sustainable Development Goals များကိုပါ ပါဝင်ဖော်ဆောင်ပေးရာလည်း ရောက်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် ကျေးလက်နေပြည်သူများ အထူးသဖြင့် ဖွံ့ဖြိုးမှုနောက်ကျနေသည့် ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝများ အမှန်တကယ် ဖွံ့ဖြိုးတိုးတက်လာစေရန် စီမံကိန်းရန်ပုံငွေများကို ထိထိရောက်ရောက်ဖြစ်အောင် သုံးစွဲနိုင်ရန် အရေးကြီးပါကြောင်း၊ စီမံကိန်းတို့၏ သဘောသဘာဝအတိုင်း အတိုင်ပင်ခံစရိတ်များ၊ အုပ်ချုပ်မှုကိစ္စ၊ ရုံးကိစ္စ၊ မော်တော်ယာဉ်ဝယ်ယူခြင်းကိစ္စ၊ အစည်းအဝေးများပြုလုပ်သည့်ကိစ္စ၊ သင်တန်း၊ ဆွေးနွေးပွဲများစသည့် ကိစ္စများအတွက် သုံးစွဲရာတွင် စီမံကိန်းအကောင်အထည်ဖော်သူများက အထူးသတိပြု၍ လိုအပ်သလောက်သာ သုံးစွဲခြင်းဖြစ်စေရန် ဆောင်ရွက်သင့်ပါကြောင်း။

အဆိုပါ ချေးငွေသည် စီးပွားရေးတွက်ခြေကိုက်မှုကိုကြည့်၍ ချေးယူသော ချေးငွေမျိုးမဟုတ်ဘဲ ကျေးလက်ဒေသဖွံ့ဖြိုးရေးမှတစ်ဆင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးယူသော ဖွံ့ဖြိုးရေးချေးငွေအမျိုးအစားဖြစ်ပြီး နိုင်ငံတော်၏ ဝင်ငွေများဖြင့်သာ နှစ်ရှည်ပြန်လည်ပေးဆပ်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ ဂျီဒီပီတိုးတက်လာခြင်းသည် တိုင်းပြည်ဝင်ငွေတိုးလာခြင်းသာ ဖြစ်ပါကြောင်း၊ တိုင်းပြည်ဝင်ငွေတိုးလာမှသာ ကြွေးမြီပြန်လည်ပေးဆပ်နိုင်စွမ်းလည်း ကောင်းမွန်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ယင်းစီမံကိန်းမှ နိုင်ငံ့ဂျီဒီပီတိုးတက်စေရေးကို အထောက်အကူပြုနိုင်အောင် ဆောင်ရွက်သင့်ပြီး စီမံကိန်းတိုးတက်မှုများကို စဉ်ဆက်မပြတ်တင်ပြသင့်ပါကြောင်း၊ ထို့ကြောင့် တုံ့ပြန်နိုင်စွမ်းအားကောင်းသော လူထုဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ရန် အာရှဖွံ့ဖြိုးရေးဘဏ်(ADB) ထံမှ သက်သာမှုရှိသောချေးငွေ အမေရိကန်ဒေါ်လာ ၁၈၅ သန်း ရယူရေးအတွက် ပြည်ထောင်စုလွှတ်တော်မှ ဆွေးနွေးသုံးသပ်၍ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။



ဒုတိယဝန်ကြီး
ဦးလှကျော်



ဒုတိယဝန်ကြီး
ဦးမောင်မောင်ဝင်း



ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ
ဦးစိုးမင်း



ဥပဒေကြမ်းပူးပေါင်းကော်မတီဝင်
ဦးဇော်ဝင်း

ယင်းနောက် လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ်၏ အတည်ပြုချက်နှင့် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်တို့ ပါဝင်သည့် ပြင်ဆင်ချက်များကို ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဦးနေမျိုးထွန်းက တစ်ပိုဒ်ချင်းစီအလိုက် အဆိုပြုတင်ပြ၍ ပြည်ထောင်စုလွှတ်တော်နာယကက လွှတ်တော်၏ သဘောထား ရယူအတည်ပြုသည်။

## ငွေကြေးမူဝါဒနည်းလမ်းများကို အသုံးပြုရာတွင် မိမိတို့နိုင်ငံ၏ ငွေကြေးဈေးကွက် ဖွံ့ဖြိုးတိုးတက်မှုသာ ပိုမိုထိရောက်စွာ ကိုင်တွယ်အသုံးပြုနိုင်မည်

ဆက်လက်၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်နှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်များအတွက် ငွေကြေးမူဝါဒအကောင်အထည်ဖော်ဆောင်ရွက်ချက် အစီရင်ခံစာနှင့် ငွေရေးကြေးရေးတည်ငြိမ်မှုအခြေအနေ အစီရင်ခံစာတို့နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်းက ငွေကြေးမူဝါဒကို အကောင်အထည်ဖော်ရန်အတွက် ငွေကြေးမူဝါဒနည်းလမ်းများကို အသုံးပြုရာတွင် မိမိတို့နိုင်ငံ၏ ငွေကြေးဈေးကွက်ဖွံ့ဖြိုးတိုးတက်မှုသာ ပိုမိုထိရောက်စွာ ကိုင်တွယ်အသုံးပြုနိုင်မည်ဖြစ်ပါကြောင်း၊ သီအိုရီအရ အဆိုပါနည်းလမ်းများ ဆောင်ရွက်နိုင်သည်ဆိုသော်လည်း မိမိတို့နိုင်ငံတွင် အစိုးရငွေတိုက်စာချုပ် (Secondary Market)ပင်လျှင် ဖြစ်ထွန်းခြင်းမရှိသေးပါကြောင်း၊ သို့သော် ဗဟိုဘဏ်အနေဖြင့် ငွေကြေးဈေးကွက်ဖွံ့ဖြိုးတိုးတက်ရန် တွန်းအားပေးဖန်တီးလျက်ရှိပါကြောင်း၊ ထို့ပြင် ငွေကြေးပမာဏတိုးတက်မှုနှုန်းအား ရည်မှန်းချက်ဘောင်အတွင်းရှိစေရန် သီးသန့်ငွေလိုအပ်ချက်သတ်မှတ်ခြင်း၊ အပ်ငွေလေလံခေါ်ယူခြင်းစသည့် ငွေကြေးမူဝါဒနည်းလမ်းများဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ကာလတိုအတွင်း နိုင်ငံခြားငွေလဲလှယ်နှုန်းကြီးမားစွာတက်ခြင်း၊ ကျခြင်းတို့ကို လျှော့ပါးစေရန်အတွက် နိုင်ငံခြားငွေထိန်းကျောင်း ဆောင်ရွက်မှုမူဘောင်(Rule-based Interventions Framework)တစ်ရပ် ချမှတ်ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံခြားငွေလဲလှယ်နှုန်း တည်ငြိမ်ရေးတွင် ပို့ကုန်ရငွေများအား (Banking Channel)အသုံးပြု၍ ပြည်တွင်းသို့ အပြည့်အဝမှန်ကန်စွာဝင်ရောက်ရေးမှာ အဓိကကျသည့်အချက်ဖြစ်ပါကြောင်း၊ ထို့ပြင် မြန်မာငွေတန်ဖိုးကျဆင်းမှုသည် နိုင်ငံ၏ နိုင်ငံခြားသုံး သီးသန့်ရန်ပုံငွေပိုင်ဆိုင်မှု၊ နိုင်ငံ၏စီးပွားရေး၊ ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးဆိုင်ရာ မေခရိုစီးပွားရေးအခြေအနေများ အားကောင်းခိုင်မာမှုအပေါ်တွင် များစွာမူတည်လျက်ရှိပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် အခြားဆက်စပ်ဝန်ကြီးဌာနများနှင့် မူဝါဒပိုင်းဆိုင်ရာတို့အား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း။

ထို့ပြင် ငွေရေးကြေးရေးစနစ်တည်ငြိမ်ရေးသည် ဗဟိုဘဏ်၏အဓိကရည်မှန်းချက်များထဲမှ တစ်ခုဖြစ်ပါကြောင်း၊ ငွေရေးကြေးရေးစနစ်တည်ငြိမ်စေရန်အတွက် ဗဟိုဘဏ်အနေဖြင့် ငွေရေးကြေးရေးအဖွဲ့အစည်းများအား စည်းမျဉ်းများချမှတ်၍ ကြပ်မတ်ကွပ်ကဲခြင်းနှင့် ကြီးကြပ်စစ်ဆေးခြင်းကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ငွေရေးကြေးရေးအဖွဲ့အစည်းများကို ကြပ်မတ်ကွပ်ကဲရာတွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥပဒေ၊ ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေတို့တွင် ချမှတ်ထားသည့် စည်းမျဉ်းများအရ မတည်ငွေရင်းတောင့်တင်းခိုင်မာမှု၊ ရပိုင်ခွင့်များအရည်အသွေးပြည့်မီမှု၊ စီမံခန့်ခွဲရေးကောင်းမွန်မှု၊ ငွေကြေးလွယ်ကူမှု၊ ဈေးကွက်ဆုံးရှုံးနိုင်ခြေခံနိုင်ရည်ရှိမှု စသည်တို့ကို ပြည့်ဝစွာ လိုက်နာဆောင်ရွက် ခြင်း ရှိ/မရှိ စိစစ်ရန်အတွက် ဘဏ်များအား ပုံမှန်သွားရောက်စစ်ဆေးခြင်း၊ လိုအပ်ပါက အထူးအစီအစဉ်ဖြင့် သွားရောက်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ကိုယ်စားလှယ်များတင်ပြသကဲ့သို့ ငွေကြေးစနစ်တည်ငြိမ်ရေးကို Liquidity Ratio၊ Loan to Deposit Ratio၊ Capital Adequency Ratio များနှင့် သတ်မှတ်ပြဋ္ဌာန်းကြသည့်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် အဆင့်ဆင့်ပြဋ္ဌာန်းခဲ့သည့် ဘဏ်ဥပဒေများနှင့်အညီ ဘဏ်များ၏ ငွေကြေးခိုင်မာတောင့်တင်းမှုကို အမြဲမပြတ် စောင့်ကြည့်ထိန်းကျောင်းလာခဲ့ပါကြောင်း၊ နောက်ဆုံးပြဋ္ဌာန်းလိုက်သည့် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေသည် ၂၀၁၆ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့်အတွက် ယင်းဥပဒေနှင့်အညီဖြစ်စေရန်နှင့် ဘဏ်များခိုင်မာတောင့်တင်းစေရန် ထိန်းသိမ်းရသည့် အချိုးရာခိုင်နှုန်းများမှ သွေဖည်ခြင်းမရှိစေရန်အတွက် ၂၀၁၇ ခုနှစ်တွင် စည်းမျဉ်းလေးရပ်ကို ထုတ်ပြန်ပြီး ဘဏ်များကို လိုက်နာဆောင်ရွက်စေခဲ့ပါကြောင်း၊ ပိုမိုတောင့်တင်းခိုင်မာစေရန် ပြဋ္ဌာန်းလိုက်နာစေသည့် စည်းမျဉ်းများဖြစ်သည့်အတွက် တွက်ချက်မှုပုံစံများနှင့် အချိုးများသည် ယခင်သတ်မှတ်ချက်များနှင့် မတူညီပါကြောင်း၊ သို့သော် ချက်ချင်းပြောင်းလဲရန် မလွယ်ကူသော်လည်း လိုက်နာမှုရှိကြပါကြောင်း၊ ထို့ကြောင့် ငွေကြေးတည်ငြိမ်မှုအခြေအနေများသည် ၂၀၁၇ - ၂၀၁၈ အစီရင်ခံသည့် ကာလထက် ဘဏ်များသည် ပိုမိုတိုးတက်ခိုင်မာမှုရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်နှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်များအတွက် ငွေကြေးမူဝါဒ အကောင်အထည်ဖော်ဆောင်ရွက်ချက် အစီရင်ခံစာနှင့် ငွေရေးကြေးရေးတည်ငြိမ်မှုအခြေအနေ အစီရင်ခံစာအပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ပြန်လည်ရှင်းလင်းတင်ပြချက်ကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ပြင်ဆင်ချက်အဆိုပါရှိသည့် စီမံကိန်းလုပ်ငန်းများအတွက် ပြင်ဆင်ချက်ကို ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဦးဇော်ဝင်းက တစ်ပိုဒ်ချင်းစီအလိုက် အဆိုပြုတင်ပြရာ ပြည်ထောင်စုလွှတ်တော်နာယကက သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၏ သဘောထားရယူပြီး လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုသည်။

ယင်းနောက် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း၏ ဥပဒေအကြောင်းအရာပါ ပြင်ဆင်ချက်တို့ကို ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဦးဇော်ဝင်းက တစ်ပိုဒ်ချင်းစီအလိုက် အဆိုပြုတင်ပြရာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဦးသန်းစိုး(ခေါ်)သန်းစိုး(ဘောဂဗေဒ) က ပြင်ဆင်လိုသည့် အပိုဒ်များအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးပြီး ပြည်ထောင်စုလွှတ်တော်နာယကက လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။

ဆက်လက်၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အဆိုပါ ဥပဒေကြမ်းတစ်ရပ်လုံးကို ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးဆုံးဖြတ်ထားသည့်အတိုင်း အတည်ပြုပေးပါရန် အဆိုတင်သွင်းသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်က ဆုံးဖြတ်ထားသည့်အတိုင်း ဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ကို စက်တင်ဘာ ၁၂ ရက်တွင် ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်ရဲသွင်၊ အေးအေးသန့်(သတင်းစဉ်)**

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ (၁၈)ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ၊ ဆုချီးမြှင့်ပွဲကျင်းပ



**နေပြည်တော် စက်တင်ဘာ ၉**

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ (၁၈)ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ အကောင်းဆုံးတံခွန်စိုက်ဆုအား ပေးအပ်ချီးမြှင့်သည်။

ရှေးဦးစွာ မျက်လှည့်ပြိုင်ပွဲ (အဖွဲ့လိုက်)၊ ခေတ်ပေါ်တီးဝိုင်းပြိုင်ပွဲ(အဖွဲ့လိုက်)၊ မြန်မာ့ဆိုင်းအတီးပြိုင်ပွဲ(အဖွဲ့လိုက်) ပထမဆုရရှိကြသည့် စစ်သည်၊ စစ်သမီးများအား စိတ်ဓာတ်ရေးရာနှင့် လူထုဆက်ဆံရေးကော်မတီဥက္ကဋ္ဌ၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးမျိုးဇော်သိန်းကလည်းကောင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှု(နန်းတွင်း) ယိမ်းအကပြိုင်ပွဲ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု (စိတ်ကြိုက်) ယိမ်းအကပြိုင်ပွဲ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု (တိုင်းရင်းသားရိုးရာ)ယိမ်းအက ပြိုင်ပွဲတို့တွင် ပထမဆုရရှိသည့် စစ်သည်၊ စစ်သမီးများအား ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမြထွန်းဦးကလည်းကောင်း၊ အငြိမ့်ပြိုင်ပွဲ(အဖွဲ့လိုက်)၊ ပြဇာတ်ပြိုင်ပွဲ (အဖွဲ့လိုက်) ပထမဆုရရှိကြသည့် စစ်သည်၊ စစ်သမီးများအား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းကလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ (၁၈)ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲတွင် အကောင်းဆုံးတံခွန်စိုက်ဆုရရှိသည့် အမှတ်(၂) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တံခွန်စိုက်ဆုပေးအပ်ချီးမြှင့်သည်။ **(ဓာတ်ပုံ)**

ထို့နောက် ပြိုင်ပွဲဝင် စစ်သည်၊ စစ်သမီးများစုပေါင်း၍ သီဆိုတီးမှုတ် ကပြဖျော်ဖြေကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြိုင်ပွဲဝင် စစ်သည်၊ စစ်သမီးများနှင့် အကဲဖြတ်အနုပညာရှင်ကြီးများအတွက် ချီးမြှင့်ငွေများပေးအပ်ပြီး သီဆိုတီးမှုတ် ကပြဖျော်ဖြေမှုများနှင့်ပတ်သက်၍ လိုအပ်ချက်များကို ဆွေးနွေးလမ်းညွှန်မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဆုချီးမြှင့်ပွဲ ဒုတိယပိုင်းအား ဆက်လက်ကျင်းပရာ ပြိုင်ပွဲအလိုက် အကောင်းဆုံးဆု၊ ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် အထူးဆုများရရှိကြသည့် စစ်သည်၊ စစ်သမီးများအား ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ထွန်းထွန်းညီ၊ ဒုတိယညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးရဲရင့်အောင်၊ အကြံပေးပညာရှင်များ၊ အကဲဖြတ်ပညာရှင်များနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယခုနှစ်ပြိုင်ပွဲတွင် ခေတ်ဟောင်းတေး၊ ကာလပေါ်တေး၊ ခေတ်ပေါ်တေး၊ အငြိမ့်ပြိုင်ပွဲ၊ အကပြိုင်ပွဲ၊ မြန်မာ့ဆိုင်းပြိုင်ပွဲ၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှု (စိတ်ကြိုက်) ယိမ်းအက၊ နှစ်ပါးသွားအက၊ ပြဇာတ်ပြိုင်ပွဲ၊ ခေတ်ပေါ်တီးဝိုင်း၊ မျက်လှည့်ပြိုင်ပွဲနှင့် တေးသီချင်းအရေးပြိုင်ပွဲ စုစုပေါင်း ပြိုင်ပွဲအမျိုးအစား ၃၅ မျိုးအား ပြိုင်ပွဲဝင် စစ်သည်၊ စစ်သမီး စုစုပေါင်း ၃၁၂ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းက ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲ ပြုလုပ်



**ရန်ကုန် စက်တင်ဘာ ၉**

ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းက ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့်ပတ်သက်၍ အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန် ယနေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ အလုံမြို့နယ်ရှိ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းရုံး အစည်းအဝေးခန်းမ၌ သတင်းစာရှင်းလင်းပွဲ ပြုလုပ်သည်။

သတင်းစာရှင်းလင်းပွဲတွင် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဦးမောင်မောင်လတ်က "ရန်ကုန်တိုင်းဒေသကြီးအတွင်း တိုးတက်သုံးစွဲလာသော လျှပ်စစ်ဓာတ်အားကို အပြည့်အဝဖြန့်ဖြူးပေးနိုင်ရန်အတွက် သုံးနှစ်တာကာလအတွင်း ဓာတ်အားခွဲရုံများ၊ ဓာတ်အားလိုင်းများ တိုးချဲ့တည်ဆောက်ခဲ့ပါကြောင်း၊ အသစ်တည်ဆောက်ခဲ့သည့် ဓာတ်အားခွဲရုံများသည် ၆၆ ကေဗွီ GIS ဓာတ်အားခွဲရုံ ကိုးရုံ၊ တပ်ဆင်အင်အား ၄၁၀ အမ်ဗွီအေ၊ ၆၆ ကေဗွီ AIS ဓာတ်အားခွဲရုံ ငါးရုံ၊ တပ်ဆင်အင်အား ၁၈၀ အမ်ဗွီအေ၊ ၃၃ ကေဗွီ ဓာတ်အားခွဲရုံ ၁၄ ရုံ၊ တပ်ဆင်အင်အား ၈၅ အမ်ဗွီအေ အသစ်တည်ဆောက်ခဲ့ကြောင်း ပြောကြားသည်။

ထို့အတူ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ၆၆ ကေဗွီ ဓာတ်အားလိုင်း ၄၈ ဒသမ ၂၆ မိုင်၊ ၃၃ ကေဗွီ Insulate Cable ဓာတ်အားလိုင်း ၃၅ ဒသမ ၃၆ မိုင်၊ ၁၁ ကေဗွီ Insulate Cable ဓာတ်အားလိုင်း ၃၇၄ ဒသမ ၉၈ မိုင်၊ ၀ ဒသမ ၄ ကေဗွီ Insulate Cable ဓာတ်အားလိုင်း ၂၉၆ ဒသမ ၁၉ မိုင်၊ လမ်းမီး Insulate Cable ဓာတ်အားလိုင်း ၃၂ ဒသမ ၉၇ မိုင် ဓာတ်အားလိုင်းများကို အသစ်တည်ဆောက်ခဲ့ကြောင်း။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကျေးရွာများ မီးလင်းရေးအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ၃၃/၁၁ ကေဗွီခွဲရုံခုနစ်ရုံ၊ ထရန်စဖော်မာ အလုံး ၂၁၀၊ လိုင်း ၅၇ ဒသမ ၁၁၀ မိုင်၊ ၁၁ ကေဗွီလိုင်း ၂၅၀ ဒသမ ၉၇၀ မိုင်၊ ၄၀၀ ကေဗွီလိုင်း ၂၄၇ ဒသမ ၁၃၀ မိုင် တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အတွင်း ၃၃/၁၁ ကေဗွီခွဲရုံ ရှစ်ရုံ၊ ထရန်စဖော်မာ ၁၅၂ လုံး၊ ၃၃ ကေဗွီလိုင်း ၄၁ ဒသမ ၇ မိုင်၊ ၁၁ ကေဗွီလိုင်း ၃၂၀ ဒသမ ၈၀၃ မိုင်၊ ၄၀၀ ကေဗွီလိုင်း ၁၃၄ ဒသမ ၅၄၁ မိုင် တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ၃၁/၁၁ ကေဗွီခွဲရုံ ၁၁ ရုံ၊ ထရန်စဖော်မာ ၄၀၃ လုံး၊ ၃၃ ကေဗွီလိုင်း ၃၈ ဒသမ ၀၃၀ မိုင်၊ ၁၁ ကေဗွီလိုင်း ၇၇၁ ဒသမ ၄၆၈ မိုင်၊ ၄၀၀ ကေဗွီလိုင်း ၃၄၉ ဒသမ ၁၁၀ မိုင် တည်ဆောက်သွားမည်ဖြစ်ကြောင်း။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကျေးရွာများ အားလုံး ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလတွင် မီးလင်းနိုင်ရေးအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ၃၂ ဒသမ ၅၈၅ ဘီလီယံ၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ၄၅ ဒသမ ၄၆၉ ဘီလီယံနှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ၃၁ ဒသမ ၅ ဘီလီယံ သုံးစွဲသွားမည်ဖြစ်ကြောင်း ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ သိရသည်။

ထို့အတူ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းက ရန်ကုန်တိုင်းဒေသကြီးအတွင်း လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ခရိုင်လေးခရိုင်အတွင်းရှိ မြို့နယ်များတွင် လမ်းမီးအလင်းရောင်ရရှိရန် လမ်းမီးလုံးများတပ်ဆင်ခြင်း၊ လမ်းမီးဓာတ်အားလိုင်းများ ပြေးဆွဲခြင်း၊ ထရန်စဖော်မာများတပ်ဆင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း ဥက္ကဋ္ဌ ဦးမောင်မောင်လတ်က ပြောသည်။

**သတင်း-မင်းသစ်(MNA)**

**ဓာတ်ပုံ-ဇော်မင်းလတ်**

## မြစ်ရေကြီးမှု အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၉**

**စစ်တောင်းမြစ်**

ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် သုံးပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်သုံးရက်အတွင်း တစ်ပေခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ရွှေကျင်မြစ်**

ယနေ့ နံနက် ၁၁ နာရီခွဲအချိန် တိုင်းထွာချက်အရ ရွှေကျင်မြစ်ရေသည် သုံးစင်တီမီတာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း ပေဝက်ခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**မိုး/ဇလ**

## ယူနီကုဒ်ဆိုတာဘာလဲ

➢ ယူနီကုဒ်ဆိုသည်မှာ တိုင်းရင်းသား ဘာသာစကားများအပါအဝင် တစ်ကမ္ဘာလုံးရှိ ဘာသာစကားအများစုကို ကွန်ပျူတာစနစ်အားလုံးတွင် ရေးသားဖတ်ရှုနိုင်ရန်၊ အပြန်အလှန် တွဲဖက်အသုံးပြုနိုင်ရန်နှင့် အခြားအဆင့်မြင့် စွမ်းဆောင်မှုများ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ သတ်မှတ်ထားသော နိုင်ငံတကာ စံချိန်စံညွှန်းတစ်ခု ဖြစ်ပါသည်။

➢ မြန်မာယူနီကုဒ်စနစ်သည် နိုင်ငံတကာစံချိန်စံညွှန်းအဖွဲ့အစည်း (ISO) ၏ ISO/IEC 10646 စံချိန်စံညွှန်းနှင့် ကိုက်ညီပြီး မြန်မာစာရေးထုံးနှင့်လည်း ကိုက်ညီသည့် စနစ်တစ်ခု ဖြစ်ပါသည်။

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

မြန်မာနိုင်ငံကြက်ခြေနီအသင်း

၂၀၁၉ခုနှစ်၊ စက်တင်ဘာ(၁၄)

## ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့

"အားလုံးအကျုံးဝင်ပါဝင်ဖို့ ရှေးဦးပြုစုခြင်းဖြင့်ဆောင်ရွက်စို့"

## ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး ကျင်းပ



**နေပြည်တော် စက်တင်ဘာ ၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး(၃၃/၂၀၁၉)ကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ ပူးပေါင်းကော်မတီဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးနှင့် အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ထိုင်းနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ထံသို့ ညှိနှိုင်းမေတ္တာရပ်ခံစာပေးပို့ခဲ့ခြင်းနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်

**နေပြည်တော် စက်တင်ဘာ ၉**

ထိုင်းနိုင်ငံ ခိုတောင်ကျွန်းတွင် ဗြိတိန်နိုင်ငံသား ၂ ဦး အသတ်ခံရသည့်ကိစ္စနှင့်စပ်လျဉ်း၍ သေဒဏ်ချမှတ်ခံခဲ့ရသော မြန်မာရွှေ့ပြောင်းလုပ်သား ၂ ဦးဖြစ်သည့် ဝင်းဇော်ထွန်းနှင့် ဇော်လင်းတို့သည် ၂၀၁၉ ခုနှစ် ဩဂုတ် ၂၉ ရက်တွင် နောက်ဆုံးအယူခံ ရှုံးနိမ့်ခဲ့ခြင်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ၎င်းတို့ ၂ ဦး၏ အသက်ရှင်သန်ပိုင်ခွင့် ခံစားရရှိနိုင်ရေးအတွက် ထိုင်းနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် လူ့အခွင့်အရေးရှုထောင့်မှ ကူညီဆောင်ရွက်ပေးပါရန် ညှိနှိုင်းမေတ္တာရပ်ခံခဲ့သည့် စာနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ယနေ့ ထုတ်ပြန်လိုက်သည်။

ယင်းထုတ်ပြန်ချက်တွင် ထိုင်းနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌထံသို့ လိပ်မူ၍ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြပေးပို့သော စာပါအကြောင်းအရာများဖြစ်သည့် ထိုင်းနိုင်ငံ ခိုတောင်ကျွန်းတွင် ဗြိတိန်နိုင်ငံသား ၂ ဦး အသတ်ခံရသည့်ကိစ္စနှင့်စပ်လျဉ်း၍ သေဒဏ်ချမှတ်ခံခဲ့ရသော မြန်မာရွှေ့ပြောင်းလုပ်သား ၂ ဦးဖြစ်သည့် ဝင်းဇော်ထွန်းနှင့် ဇော်လင်းတို့သည် ၂၀၁၉ ခုနှစ် ဩဂုတ် ၂၉ ရက်တွင် နောက်ဆုံးအယူခံရှုံးနိမ့်ခဲ့သည်ကို သိရှိရကြောင်း။

အဆိုပါ ရွှေ့ပြောင်းလုပ်သား ၂ ဦးကို မျှတစွာတရားစီရင်ခွင့်ရရှိရေး၊ ညှဉ်းပန်းနှိပ်စက်မှုမပြုရေး၊ တရားစီရင်ရာတွင် ကြန့်ကြာမှုမရှိစေရေး၊ မိသားစုနှင့် တွေ့ဆုံခွင့်ပြုရေး၊ ဥပဒေ၏ ကာကွယ်စောင့်ရှောက်မှုကို ခွဲခြားဆက်ဆံမှုမရှိစေဘဲ ခံစားခွင့်ရရှိရေး၊ ၎င်းတို့၏ အသက်ရှင်သန်ပိုင်ခွင့် ရရှိခံစားနိုင်ရေးတို့အတွက် ကူညီဆောင်ရွက်ပေးပါရန် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ၂၀၁၄ ခုနှစ် အောက်တိုဘာလတွင် တစ်ကြိမ်၊ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် တစ်ကြိမ် မေတ္တာရပ်ခံခဲ့ရာ ထိုင်းနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က အတတ်နိုင်ဆုံး ပူးပေါင်းဆောင်ရွက်ပေးခဲ့သည့်အတွက် မိမိတို့ ကော်မရှင်အနေဖြင့် များစွာကျေးဇူးတင်မိကြောင်းနှင့် ယခုအခါ အဆိုပါ ရွှေ့ပြောင်းလုပ်သား ၂ ဦး၏ နောက်ဆုံးအယူခံရှုံးနိမ့်ခဲ့ခြင်းနှင့်စပ်လျဉ်း၍ ၎င်းတို့ ၂ ဦး၏ အသက်ရှင်သန်ပိုင်ခွင့် ခံစားရရှိနိုင်ရေးအတွက် ထိုင်းနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်အနေဖြင့် လူ့အခွင့်အရေးရှုထောင့်မှ ကူညီဆောင်ရွက်ပေးပါရန် ညှိနှိုင်းမေတ္တာရပ်ခံအပ်ပါသည်ဟု ဖော်ပြထားသည်။

**သတင်းစဉ်**




## သဘာဝဘေးဒဏ်မှ ကာကွယ်ဖို့ သစ်တောများကို ထိန်းသိမ်းစို့

# ပင်လယ်ကြမ်းပြင်အရင်းအမြစ်များနှင့် အဏ္ဏဝါစီးပွားရေးဆိုင်ရာ အာဆီယံနှင့်ဘင်းမ်စတက်ဒေသတွင်း အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၉**

ပင်လယ်ကြမ်းပြင်အရင်းအမြစ်များနှင့် အဏ္ဏဝါစီးပွားရေးဆိုင်ရာ အာဆီယံနှင့် ဘင်းမ်စတက်ဒေသတွင်း အသိပညာပေးအလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ Park Royal ဟိုတယ်၌ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် အပြည်ပြည်ဆိုင်ရာ ပင်လယ်ကြမ်းပြင်အာဏာပိုင်အဖွဲ့ (International Seabed Authority)၏ အထွေထွေအတွင်းရေးမှူးချုပ် Mr. Michael Lodge တို့ကအဖွင့်အမှာစကား ပြောကြားကြသည်။






**ဆောင်ရွက်မှုများတွင် တိုးမြှင့်ပါဝင်**

အလုပ်ရုံဆွေးနွေးပွဲကို နိုင်ငံများ၏ တရားစီရင်ပိုင်ခွင့် ပြင်ပဧရိယာ (နိုင်ငံတကာရေပြင်)ရှိ ပင်လယ်ကြမ်းပြင်၌ သယံဇာတများ ရှာဖွေတူးဖော်ရာတွင် အပြည်ပြည်ဆိုင်ရာ ပင်လယ်ကြမ်းပြင် အာဏာပိုင်အဖွဲ့၏ ဆောင်ရွက်ပိုင်ခွင့်နှင့် တာဝန်များ၊ သယံဇာတရှာဖွေတူးဖော်နိုင်ရေးအတွက် ကမကထပြုသည့် နိုင်ငံများနှင့် ရှာဖွေတူးဖော်သည့် အဖွဲ့အစည်းများ၏ ဝတ္တရားများနှင့်ပတ်သက်၍ အာဆီယံနှင့်ဘင်းမ်စတက်နိုင်ငံများအား အသိပညာပေးရန်၊ ပြင်ပဧရိယာရှိ ပင်လယ်ကြမ်းပြင်ဆောင်ရွက်မှုများတွင် တိုးမြှင့်ပါဝင်ခြင်းဖြင့် အာဆီယံနှင့် ဘင်းမ်စတက်နိုင်ငံများအတွက် ရရှိလာနိုင်မည့် ဖွံ့ဖြိုးတိုးတက်မှုနှင့် စွမ်းဆောင်ရည်မြှင့်တင်နိုင်မှု အခွင့်အလမ်းများရရှိစေရန် ရည်ရွယ်ကျင်းပခြင်း ဖြစ်သည်။

**ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်**

အလုပ်ရုံဆွေးနွေးပွဲ ပထမနေ့တွင် ကုလသမဂ္ဂပင်လယ်ပြင်ဥပဒေနှင့်စပ်လျဉ်း၍ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ (The United Nations Convention on the Law of the Sea and 1994 Agreement) ကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် ဒေါ်လှမျိုးနွယ်ကလည်းကောင်း၊ ကုလသမဂ္ဂပင်လယ်ပြင်ဥပဒေဆိုင်ရာ ကွန်ဗင်းရှင်းအောက်မှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများအနေဖြင့် တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများတွင် ဆောင်ရွက်နေမှုလုပ်ငန်းများ (Other institutions operating or created under the framework of the Convention in South Asia and South East Asia) ကို Mr. Michael Lodge ကလည်းကောင်း၊ အာဆီယံနှင့်ဘင်းမ်စတက်နိုင်ငံများတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အဏ္ဏဝါစီးပွားရေးကို ပံ့ပိုးပေးနိုင်ရေးအတွက် ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များ (Increased regional international cooperation in support of the sustainable development of ASEAN and BIMSTEC members' Blue Economy)ကို မုံ့ရွာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသူရဦးကလည်းကောင်း သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ကြပြီး မြန်မာနိုင်ငံရှိ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံနှင့် ဘင်းမ်စတက်ဒေသတွင်း နိုင်ငံပေါင်း ၁၅ နိုင်ငံမှ ကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာ ပင်လယ်ရေကြောင်းနှင့်စပ်လျဉ်းသည့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများဖြစ်ကြသည့် International Seabed Authority (ISA), Commission on the Limits of the Continental Shelf (CLCS), Division for Ocean Affairs and the Law of the Sea (DOALOS) နှင့် Korea Maritime Institute (KMI) တို့မှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ဆွေးနွေးကြသည်။

အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ကို စက်တင်ဘာ ၁၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး အလုပ်ရုံဆွေးနွေးပွဲကို အာဆီယံနှင့် ဘင်းမ်စတက်ဒေသတွင်း နိုင်ငံများတွင် ပထမဆုံးအကြိမ်အဖြစ်မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် အပြည်ပြည်ဆိုင်ရာ ပင်လယ်ကြမ်းပြင်အာဏာပိုင်အဖွဲ့နှင့်ပူးပေါင်း၍ Korea Maritime Institute ၏ ကူညီမှုဖြင့် ကျင်းပခဲ့ခြင်းဖြစ်သည်။

**စတင်တည်ထောင်**

International Seabed Authority ကို ကုလသမဂ္ဂပင်လယ်ပြင်ဥပဒေအာဏာတည်ပြီးနောက် ၁၉၉၄ ခုနှစ် နိုဝင်ဘာလတွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ရုံးချုပ်ကို ဂျမေကာနိုင်ငံ ကင်းစတန်မြို့တွင် အခြေစိုက် ဖွင့်လှစ်ထားသည်။ International Seabed Authority ကို နိုင်ငံများ၏ တရားစီရင်ပိုင်ခွင့်ဧရိယာပြင်ပရှိ အပြည်ပြည်ဆိုင်ရာ ပင်လယ်ကြမ်းပြင်တွင်ရှိသည့် ဓာတ်သတ္တုနှင့် သယံဇာတများ ရှာဖွေတူးဖော်ခြင်းများအပေါ် စုစည်းခြင်း၊ ထိန်းညှိခြင်းနှင့် ထိန်းချုပ်ခြင်းများ ဆောင်ရွက်ရန် ရည်ရွယ်ဖွဲ့စည်းထားခြင်းဖြစ်သည်။

**သတင်းစဉ်**

# နိုင်ငံအားလုံးရဲ့ အကျိုးစီးပွားအတွက် ပင်လယ်သမုဒ္ဒရာဧရိယာကို စုပေါင်းစီမံခန့်ခွဲနိုင်ဖို့ နည်းလမ်းရှာဖွေမှာဖြစ်

**ပင်လယ်ကြမ်းပြင်အရင်းအမြစ်များနှင့် အဏ္ဏဝါစီးပွားရေးဆိုင်ရာ အာဆီယံနှင့် ဘင်းမ်စတက်ဒေသတွင်း အသိပညာပေးအလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့တွင် နေပြည်တော်ရှိ Park Royal ဟိုတယ်၌ ကျင်းပရာ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် ပါဝင်တက်ရောက်လျက်ရှိသော အပြည်ပြည်ဆိုင်ရာ ပင်လယ်ကြမ်းပြင်အာဏာပိုင်အဖွဲ့ -International Seabed Authority (ISA) အထွေထွေအတွင်းရေးမှူးချုပ် Mr. Michael Lodge နှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်။**

**မေး။ ။ ပထမဆုံးအနေနဲ့ အလုပ်ရုံဆွေးနွေးပွဲ ရည်ရွယ်ချက်ကို သိပါရစေ။**

ဖြေ။ ။ ကျွန်တော်တို့ ISA မှာ မြန်မာနိုင်ငံအပါအဝင် အဖွဲ့ဝင်နိုင်ငံပေါင်း ၁၆၈ နိုင်ငံ ရှိပါတယ်။ ကျွန်တော်တို့အဖွဲ့ဟာ မြန်မာနိုင်ငံသာမက အာဆီယံနဲ့ ဘင်းမ်စတက်အဖွဲ့ဝင် နိုင်ငံတွေပါဝင်တဲ့ အရေးပါတဲ့ အစည်းအဝေးကို မြန်မာနိုင်ငံမှာ အိမ်ရှင်အဖြစ် ကျင်းပဖို့ အလွန်ဝေးကွာတဲ့ ခရီးကိုလာရောက်ခဲ့ပါတယ်။ ဒီအစည်းအဝေးပွဲဟာ ကျွန်တော်တို့အတွက် အင်မတန်ကို အရေးကြီးပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အာဆီယံနဲ့ ဘင်းမ်စတက် အဖွဲ့ဝင် နိုင်ငံအများစုဟာ ISA အဖွဲ့ဝင်နိုင်ငံတွေဖြစ်လို့ပါပဲ။ ဒ့ါကြောင့် မြန်မာနဲ့အိမ်နီးချင်းနိုင်ငံတွေက Blue Economy ကို ဘယ်လိုတိုးတက်အောင် လုပ်ဆောင်မလဲဆိုတာ ဆွေးနွေးဖို့ ကျွန်တော်တို့ ဒီသီတင်းပတ်အတွင်း မြန်မာနိုင်ငံမှာ အစည်းအဝေးကျင်းပရခြင်းဖြစ်ပါတယ်။ Blue Economy ဆိုတာကတော့ အဏ္ဏဝါဆိုင်ရာ စီးပွားရေးလုပ်ငန်းကို ဆိုလိုပါတယ်။ အထူးသဖြင့် ရေနံ၊ သဘာဝဓာတ်ငွေ့နဲ့ သတ္တုအပါအဝင် ပင်လယ်သမုဒ္ဒရာ သယံဇာတတွေကို စဉ်ဆက်မပြတ်အသုံးပြုနိုင်ဖို့ ဖြစ်ပါတယ်။

**မေး။ ။ ဒီအဖွဲ့ကြီးအနေနဲ့ မြန်မာနိုင်ငံအတွက် ပင်လယ်ကြမ်းပြင် သုတေသနဖွံ့ဖြိုးမှုအတွက် ဘယ်လို အထောက်အကူပေးနိုင်မလဲဆိုတာ ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ။ ISA အဖွဲ့ဟာ ပင်လယ်သမုဒ္ဒရာဆိုင်ရာ သိပ္ပံ




Mr. Michael Lodge

သုတေသနပြုမှု မြှင့်တင်ရာမှာ ထဲထဲဝင်ဝင် ပါဝင်ဆောင်ရွက်နေတဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။ ကျွန်တော်တို့ ပင်လယ်သမုဒ္ဒရာဆိုင်ရာ သိပ္ပံသုတေသနပြုမှုအကြောင်း လေ့လာနေပါတယ်။ ဒါကြောင့် ပင်လယ်သမုဒ္ဒရာ ဆိုင်ရာ သိပ္ပံသုတေသနပြုမှုကို မြှင့်တင်ပြီး အားပေးချီးမြှောက်ဖို့ အရေးကြီးပါတယ်။ ဒါမှသာ ကျွန်တော်တို့ ပင်လယ်နေဇီဝ မျိုးစုံမျိုးကွဲတွေ၊ သယံဇာတအရင်းအမြစ်တွေရဲ့ သဘောသဘာဝနဲ့ တန်ဖိုးမဖြတ်နိုင်တဲ့ အရင်းအမြစ်တွေအကြောင်းနဲ့ ကျွန်တော်တို့ အရင်းအမြစ်တွေကို ဘယ်လိုစဉ်ဆက်မပြတ် အသုံးပြုနိုင်တယ်ဆိုတာ ပိုမိုနားလည်နိုင်မှာဖြစ်ပါတယ်။ ပင်လယ်နေဇီဝမျိုးစုံမျိုးကွဲတွေကို ကျွန်တော်တို့ ဘယ်လိုနည်းလမ်းနဲ့ ထိန်းသိမ်းနိုင်တယ်ဆိုတာ အရေးကြီးပါတယ်။

**မေး။ ။ မြန်မာနိုင်ငံဟာ ရှည်လျားတဲ့ ကမ်းရိုးတန်းကို ပိုင်ဆိုင်ထားတဲ့အတွက် မြန်မာနိုင်ငံမှာ ပင်လယ်သမုဒ္ဒရာဆိုင်ရာသုတေသနနဲ့ အခြားလုပ်ငန်းတွေ ပိုမိုလုပ်ဆောင်ဖို့ ဘယ်လိုအကြံပြုချင်ပါသလဲ။**

ဖြေ။ ။ မြန်မာနိုင်ငံက ရှည်လျားတဲ့ ကမ်းရိုးတန်းပိုင်ဆိုင်ထားပါတယ်။ ရေမိုင် ၂၀၀ ကို မြန်မာနိုင်ငံက ထိန်းချုပ်ထားပြီး ဒါဟာမြန်မာနိုင်ငံရဲ့ အမျိုးသားရေးတာဝန်ဖြစ်ပါတယ်။ ကျွန်တော်တို့ ISA အဖွဲ့ရဲ့တာဝန်ကတော့ နိုင်ငံတကာရေပိုင်နက်ဖြစ်တဲ့ ရေမိုင် ၂၀၀ ကျော်တဲ့ ဧရိယာကို စီမံခန့်ခွဲဖို့ဖြစ်ပါတယ်။ ရေမိုင် ၂၀၀ ရဲ့အလွန်ဧရိယာဟာ နိုင်ငံအားလုံးနဲ့ သက်ဆိုင်ပါတယ်။ ဒါကြောင့် ISA ရဲ့အရေးကြီးတဲ့ လုပ်ငန်းကဏ္ဍတစ်ခုကတော့ နိုင်ငံတကာရဲ့ပူးပေါင်းဆောင်ရွက်မှုဖြစ်ပါတယ်။ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု အထူးသဖြင့် ဒေသတွင်းတိုင်းပြည်တွေရဲ့ပူးပေါင်းဆောင်ရွက်မှုကို အားပေးချင်လို့ ဒီအစည်းအဝေးကို မြန်မာနိုင်ငံမှာကျင်းပခြင်းဖြစ်ပါတယ်။ ဒီအစည်းအဝေးမှာနိုင်ငံအားလုံးရဲ့အကျိုးစီးပွားအတွက် နိုင်ငံတော်ဆိုင်ရာ တရားစီရင်ပိုင်ခွင့်အာဏာထက် ကျော်လွန်တဲ့ ပင်လယ်သမုဒ္ဒရာဧရိယာကို ကျွန်တော်တို့ စုပေါင်းစီမံခန့်ခွဲနိုင်ဖို့ နည်းလမ်းရှာဖွေမှာဖြစ်ပါတယ်။

**မေး။ ။ ဒီဆွေးနွေးပွဲဟာ မြန်မာနိုင်ငံမှာ ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်တယ်လို့ သိရပါတယ်။ မြန်မာနိုင်ငံအတွက် သင်တန်းတွေပေးသွားမယ့် အစီအစဉ်တွေ ရှိ၊ မရှိ သိပါရစေ။**

ဖြေ။ ။ ကျွန်တော်တို့ တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ သင်တန်းပေးရေးအစီအစဉ်တွေ လုပ်ဆောင်နေပါတယ်။ ကျွန်တော်တို့ ISA က တစ်ကမ္ဘာလုံးနဲ့ဆိုင်တဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။ မြန်မာနိုင်ငံကလည်း ISA အဖွဲ့ဝင်နိုင်ငံဖြစ်တဲ့အတွက် သင်တန်းပေးရေး အစီအစဉ်အတွက် အကျုံးဝင်တဲ့နိုင်ငံဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွက်သာမက အာဆီယံနိုင်ငံတွေအတွက်ပါ သင်တန်းပေးရေးအစီအစဉ်တွေက အကျိုးကျေးဇူးရှိစေမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ လုပ်ဆောင်စရာများစွာ ရှိနေပါသေးတယ်။ စွမ်းဆောင်ရည်မြှင့်တင်ရေးနဲ့ သင်တန်းပို့ချရေးအကြောင်း ပိုမိုသိရှိနားလည်ဖို့ မြန်မာနိုင်ငံသာမက အိမ်နီးချင်းနိုင်ငံတွေရဲ့အသံကို နားထောင်ရမှာဖြစ်တဲ့အတွက် ကျန်ရှိနေတဲ့ အစည်းအဝေး နှစ်ရက်တာကာလကို စိတ်ဝင်စားမိပါတယ်။ ကျွန်တော်တို့ ဒီလိုလုပ်ဆောင်ခြင်းအားဖြင့် အနာဂတ်မှာပိုမိုဆောင်ရွက်နိုင်မယ်လို့ မျှော်လင့်ပါတယ်။ ဒါဟာ ကနဦးအစပဲ ရှိပါသေးတယ်။ ရေရှည်မှာ မြန်မာနဲ့ အိမ်နီးချင်းနိုင်ငံတွေအတွက် အကျိုးဖြစ်ထွန်းစေတဲ့ အရာတွေ ပိုမိုဆောင်ရွက်နိုင်မယ်လို့ မျှော်လင့်ပါတယ်။

**မေး။ ။ အာဆီယံဒေသအပါအဝင် ဘင်းမ်စတက်အဖွဲ့ဝင် နိုင်ငံတွေပါဝင်တဲ့ ဒီအစည်းအဝေးကနေ ဘယ်လို အကျိုးကျေးဇူးတွေရမယ်လို့ မျှော်လင့်ပါသလဲ။**

ဖြေ။ ။ ဒီဒေသတွင်းက နိုင်ငံတွေမှာ အလားအလာကောင်းတွေ များစွာရှိတယ်လို့ ကျွန်တော်ထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီဒေသဟာ ပင်လယ်ဆိုင်ရာဥပဒေကတစ်ဆင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးကို အလေးထားဆောင်ရွက်ဖို့ စာမျက်နှာ ၇ သို့ »»

# ရာသီတုပ်ကွေးရောဂါ Seasonal Influenza ဖြစ်ပွားမှုနှင့်ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း၊ ကြိုတင်ကာကွယ်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင် ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၉**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ကူးစက်ရောဂါများ၊ ကူးစက်မြန်ရောဂါများ အထူးသဖြင့် ပြည်သူ့ကျန်းမာရေးပြဿနာ (Public Health Problem) နှင့်ကပ်ရောဂါ (Epidemic) အသွင်ဖြင့် ဖြစ်ပွားနိုင်သော ကူးစက်ရောဂါများ စောင့်ကြပ်ကြည့်ရှုခြင်း၊ ကြိုတင်ကာကွယ်ခြင်းနှင့် ထိရောက်စွာ တုံ့ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းများ၊ (Communicable Disease Surveillance) လုပ်ငန်းများကို အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးပြဋ္ဌာန်းချက် (၂၀၀၅) (International Health Regulations-IHR 2005)နှင့်အညီ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ဒေသတွင်းအဖွဲ့အစည်းများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အရှိန်အဟုန်မြှင့်တင် ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

ရာသီတုပ်ကွေးရောဂါသည် မြန်မာနိုင်ငံတွင်သာမက အိမ်နီးချင်းနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံများ၌လည်း ဖြစ်ပွားလျက်ရှိပြီး မြန်မာနိုင်ငံတွင် ယခု (၂၀၁၉)ခုနှစ်၌ ဖြစ်ပွားနေသော ရာသီတုပ်ကွေးရောဂါပိုးမှာ ကမ္ဘာ့နိုင်ငံအများအပြားတွင် ဖြစ်ပွားလျက်ရှိသော ရာသီတုပ်ကွေးရောဂါပိုး (Seasonal Influenza A(H1N1)pdm09) သာ ဖြစ်ကြောင်း၊ ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ အသွင်ကူးစက်ဖြစ်ပွားနိုင်သော အသွင်ပြောင်းတုပ်ကွေးရောဂါပိုးအသစ် မဟုတ်ကြောင်း ဂျပန်နိုင်ငံရှိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အသိအမှတ်ပြု ဓာတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးအတည်ပြုပြီး ဖြစ်ပါသည်။

(က) **(၂၀၁၉) ခုနှစ်၊ ဇန်နဝါရီလ(၁) ရက်နေ့မှ စက်တင်ဘာလ(၉) ရက်နေ့အထိ မြန်မာနိုင်ငံ အပါအဝင် ကမ္ဘာ့နိုင်ငံအချို့တွင် ရာသီတုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားမှုအခြေအနေ**

| စဉ် | နိုင်ငံ | ခန့်မှန်း လူဦးရေ(သန်း) | Influenza A (H1N1) pdm09 | Influenza A(H3N2) | Influenza B | စုစုပေါင်း |
|---|---|---|---|---|---|---|
| ၁ | တရုတ် | ၁၄၃၄ | ၄၈၇၇၉ | ၂၁၂၅၂ | ၂၆၃၇၅ | ၉၆၄၀၆ |
| ၂ | အိန္ဒိယ | ၁၃၆၆ | ၆၀၀၈ | ၂၄၈၃ | ၅၈၉ | ၉၀၈၀ |
| ၃ | သြစတြေးလျ | ၂၅ | ၅၈၄ | ၄၃၉၃ | ၁၁၀၂ | ၆၀၇၉ |
| ၄ | ဂျပန် | ၁၂၆ | ၁၆၉၈ | ၃၈၅၇ | ၅၀၄ | ၆၀၅၉ |
| ၅ | ကာတာ | ၂ | ၂၀၁ | ၃၁၃ | ၁၄၀၂ | ၁၉၁၆ |
| ၆ | ဘင်္ဂလားဒေ့ရှ် | ၁၆၃ | ၃၅၂ | ၅၅၄ | ၇၆၉ | ၁၆၇၅ |
| ၇ | နီပေါ | ၂၉ | ၁၁၀၅ | ၇၇ | ၃၈၁ | ၁၅၆၃ |
| ၈ | ထိုင်း | ၇၀ | ၁၆၃ | ၂၈၉ | ၇၂၀ | ၁၁၇၂ |
| ၉ | အီရန် | ၈၃ | ၅၅ | ၁၀၆၃ | ၂၆ | ၁၁၄၄ |
| ၁၀ | မြန်မာ | ၅၄ | ၅၅၃ | ၅၄ | ၉၁ | ၆၉၈ |
| ၁၁ | ပါကစ္စတန် | ၂၀၄ | ၂၆၃ | ၉၉ | ၂၁၆ | ၅၇၈ |
| ၁၂ | မလေးရှား | ၃၂ | ၁၂၈ | ၈၄ | ၃၃၈ | ၅၅၀ |
| ၁၃ | ဘူတန် | ၁ | ၃၀၆ | ၇၈ | ၁၃၇ | ၅၂၁ |
| ၁၄ | စင်ကာပူ | ၅ | ၁၁၈ | ၈၈ | ၂၆၁ | ၄၆၇ |
| ၁၅ | ကမ္ဘောဒီးယား | ၁၇ | ၁၅၂ | ၂၂၆ | ၈၁ | ၄၅၉ |

Source: Flunet, WHO

(ခ) **(၂၀၁၉) ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့မှ စက်တင်ဘာလ(၉)ရက်နေ့အထိ မြန်မာနိုင်ငံ၌ ရာသီတုပ်ကွေးရောဂါပိုး ဖြစ်ပွားမှုအား ဆန်းစစ်သုံးသပ်ချက်**

**(ခ-၁) ရောဂါတွေ့ရှိမှုနှင့် ဖြစ်ပွားမှုအခြေအနေ**

| ရာသီတုပ်ကွေးရောဂါ သံသယလူနာ ဓာတ်ခွဲနမူနာအရေအတွက် | ရာသီတုပ်ကွေး ရောဂါပိုးတွေ့လူနာဦးရေ | | | |
|---|---|---|---|---|
| | Influenza A (H1N1)pdm09 | Influenza A(H3N2) | Influenza B | စုစုပေါင်း |
| ၁၆၃၂ | ၅၅၃ | ၅၄ | ၉၁ | ၆၉၈ |

အထက်ဖော်ပြပါ ဇယားများအရ ရာသီတုပ်ကွေးရောဂါပိုးတွေ့သူ ၆၉၈ ဦးအနက် ရာသီတုပ်ကွေးရောဂါဖြစ်ပွားမှုနှင့် ဆက်စပ်ရောဂါများကြောင့် သေဆုံးသူ ၁၁၀ ဦး ရှိခဲ့ပါသည်။

**(ခ-၂) ရာသီတုပ်ကွေးရောဂါနှင့် ဆက်စပ်သေဆုံးသူများအားဆန်းစစ်သုံးသပ်ချက်**

ရာသီတုပ်ကွေးရောဂါဖြစ်ပွားသူများတွင် နာတာရှည်ရောဂါအခံရှိသူများ၊ အသက်အရွယ်ကြီးလွန်းသူနှင့် ငယ်လွန်းသူကလေးငယ်များတွင် ရောဂါပိုမိုပြင်းထန်ပြီး သေဆုံးမှုနှုန်းမြင့်မားကြောင်း တွေ့ရှိရပါသည်။ (၁-၁-၂၀၁၉) ရက်နေ့မှ (၉-၉-၂၀၁၉) ရက်နေ့အထိ ရာသီတုပ်ကွေးရောဂါတွေ့ရှိ၍ သေဆုံးသူ (၁၁၀) ဦးအနက် အသက်အုပ်စုအသက် (၁၅-၆၅) နှစ်တွင် သေဆုံးမှုအများဆုံးဖြစ်ပြီး စုစုပေါင်းသေဆုံးမှု၏ (၄၄ %) ဖြစ်ကာ နာတာရှည်ရောဂါအခံရှိသူ (ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊အသက်ရှူလမ်းကြောင်းရောဂါ၊ အာရုံကြောရောဂါ၊ မွေးရာပါရောဂါလက္ခဏာစု၊ ကင်ဆာရောဂါနှင့် အခြားကိုယ်ခံအားကျဆင်းသည့်ရောဂါ) များတွင် သေဆုံးသူ (၈၈)ဦးအထိရှိပြီး စုစုပေါင်းသေဆုံးမှု၏ (၈၀ %)ရှိကြောင်း တွေ့ရှိရပါသည်။ အထူးသဖြင့် ရောဂါလက္ခဏာများ ဖြစ်ပွားခဲ့သော်လည်း ဆေးရုံသို့ နောက်ကျမှ ရောက်ရှိလာသူများတွင် သေဆုံးမှုနှုန်းမြင့်မားသည်ကို တွေ့ရှိရပါသည်။

**(ခ-၃) ရာသီတုပ်ကွေးရောဂါဖြစ်ပွားသူများအနက် ဓာတ်ခွဲအတည်ပြု Influenza A(H1N1)pdm09 ဖြင့် သေဆုံးသူများအား ဆန်းစစ်ခြင်း (၁-၁-၂၀၁၉ မှ ၉-၉-၂၀၁၉ ရက်နေ့အထိ)**

| နာတာရှည်ရောဂါ အခံရှိသူများတွင် သေဆုံးသူဦးရေ | ရောဂါပိုးကူးစက်ခံရပါက သေဆုံးနိုင်ခြေများသော အုပ်စု (အသက်အရွယ် ကြီးရင့်သူများ၊ အသက်အရွယ်ငယ်လွန်းသူများ) တွင် သေဆုံးသူဦးရေ | ရာသီတုပ်ကွေးရောဂါ ဖြစ်ပွားပြီး အခြားသိသာ ထင်ရှားသော ရောဂါအခံမရှိသူများတွင် သေဆုံးသူဦးရေ | သေဆုံးသူ စုစုပေါင်း |
|---|---|---|---|
| ၈၈ (၈၀%) | ၁၃ (၁၂%) | ၉ (၈%) | ၁၁၀ |

**(ခ-၄) ပြည်သူ့ဆေးရုံများတွင် တက်ရောက်ကုသမှုအခြေအနေ**

(၁-၁-၂၀၁၉) ရက်နေ့မှ (၉-၉-၂၀၁၉) ရက်နေ့အထိ ရာသီတုပ်ကွေးရောဂါဖြင့် -

- စုစုပေါင်းဆေးရုံတက်ရောက်ကုသသူ ၄၄၀ ဦး
- ဆေးရုံမှ ဆင်းသွားသူ ၃၂၂ ဦး
- လက်ရှိ အတွင်းလူနာအဖြစ် တက်ရောက်ကုသလျက်ရှိသူ ၈ ဦး

**(ခ-၅) တိုင်းဒေသကြီး/ပြည်နယ်အလိုက် Seasonal Influenza ဓာတ်ခွဲအတည်ပြုဖြစ်ပွား/ သေဆုံးသူဦးရေစာရင်း(၁-၁-၂၀၁၉) ရက်နေ့မှ (၉-၉-၂၀၁၉) ရက်နေ့အထိ**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | လူဦးရေ သိပ်သည်းဆ (Population Density per $Km^2$) | ရာသီတုပ်ကွေး ရောဂါ သံသယလူနာ ဓာတ်ခွဲစစ်ဆေးသူ ဦးရေ | ဓာတ်ခွဲ အတည်ပြု ဖြစ်ပွားသူ ဦးရေ | ဓာတ်ခွဲ အတည်ပြု သေဆုံးသူ ဦးရေ |
|---|---|---|---|---|---|
| ၁ | ရန်ကုန်တိုင်းဒေသကြီး | ၇၁၆ | ၆၈၀ | ၂၈၃ | ၆၈ |
| ၂ | နေပြည်တော် | ၁၆၄ | ၂၁၄ | ၉၉ | - |
| ၃ | ဧရာဝတီတိုင်းဒေသကြီး | ၁၇၇ | ၁၂၄ | ၅၉ | ၁၄ |
| ၄ | ပဲခူးတိုင်းဒေသကြီး | ၁၂၄ | ၁၀၉ | ၄၇ | ၁၀ |
| ၅ | ကချင်ပြည်နယ် | ၁၉ | ၁၁၂ | ၃၉ | ၁ |
| ၆ | မကွေးတိုင်းဒေသကြီး | ၈၇ | ၅၈ | ၃၈ | ၄ |
| ၇ | ရခိုင်ပြည်နယ် | ၈၇ | ၈၄ | ၃၂ | ၂ |
| ၈ | မန္တလေးတိုင်းဒေသကြီး | ၂၀၀ | ၅၂ | ၂၀ | ၂ |
| ၉ | ကရင်ပြည်နယ် | ၅၂ | ၈၉ | ၁၇ | - |
| ၁၀ | မွန်ပြည်နယ် | ၁၆၇ | ၂၆ | ၁၄ | ၃ |
| ၁၁ | စစ်ကိုင်းတိုင်းဒေသကြီး | ၅၇ | ၂၇ | ၁၃ | ၄ |
| ၁၂ | ရှမ်းပြည်နယ်(တောင်ပိုင်း) | - | ၁၇ | ၁၂ | ၁ |
| ၁၃ | ကယားပြည်နယ် | ၂၄ | ၁၂ | ၁၂ | - |
| ၁၄ | ရှမ်းပြည်နယ် (မြောက်) | - | ၁၃ | ၆ | - |
| ၁၅ | တနင်္သာရီတိုင်းဒေသကြီး | ၃၂ | ၉ | ၅ | ၁ |
| ၁၆ | ချင်းပြည်နယ် | ၁၃ | ၅ | ၂ | - |
| ၁၇ | ရှမ်းပြည်နယ် (အရှေ့) | - | ၁ | | - |
| | **စုစုပေါင်း** | **၇၆** | **၁၆၃၂** | **၆၉၈** | **၁၁၀** |

*** ရှမ်းပြည်နယ် တစ်ခုလုံး၏ လူဦးရေသိပ်သည်းဆမှာ ၁ စတုရန်းကီလိုမီတာတွင် ၃၇ဦးဖြစ်ပါသည်။**

ယခုနှစ် ရာသီတုပ်ကွေးရောဂါပိုးတွေ့ရှိမှုကို လေ့လာသုံးသပ်ရာတွင် တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ဇူလိုင်လ ပထမအပတ်နှင့် ဒုတိယပတ်တို့တွင် ဖြစ်ပွားမှု အမြင့်ဆုံးအခြေအနေသို့ ရောက်ရှိခဲ့သော်လည်း တွေ့ရှိမှုမှာ ဇူလိုင်လတတိယပတ်မှစတင်၍ ကျဆင်းလာကြောင်း တွေ့ရှိရပါသည်။ ရာသီတုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားမှု လျော့နည်းကျဆင်းလာသော်လည်း ရောဂါပိုးကူးစက်ခံရပါက အသက်အရွယ်ကြီးသူများနှင့် ကလေးသူငယ်များနှင့် သေဆုံးနိုင်ခြေများသော အုပ်စုများနှင့် နာတာရှည်ရောဂါအခံရှိသူများတွင် ရောဂါပိုးကူးစက်ခံရပါက ရောဂါလက္ခဏာ ပြင်းထန်နိုင်ပြီးသေဆုံးနိုင်ခြေများရှိသဖြင့် အဆိုပါအုပ်စုများတွင် ရောဂါဖြစ်ပွားပါက နီးစပ်ရာကျန်းမာရေးဌာနများတွင် အမြန်ဆုံးတက်ရောက်ကုသမှုခံယူရန် လိုအပ်ပါသည်။

ယခုလက်ရှိအချိန်တွင် ရောဂါဖြစ်ပွားမှုမှာ လျော့နည်းကျဆင်းလာပြီး ပုံမှန်အခြေအနေသာ ဖြစ်ပွားလျက်ရှိကြောင်း တွေ့ရှိရသော်လည်း တိုင်းဒေသကြီး/ပြည်နယ်များအနေဖြင့် ရာသီတုပ်ကွေးရောဂါ ဖြစ်ပွားမှုနှင့်ပတ်သက်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ လမ်းညွှန်ချက်များချမှတ်ပြီး တိုင်းဒေသကြီး/ပြည်နယ်များတွင် ရာသီတုပ်ကွေးရောဂါ စောင့်ကြပ်ကြည့်ရှုခြင်း၊ ကြိုတင်ကာကွယ်ခြင်းနှင့် ထိရောက်စွာတုံ့ပြန်ဆောင်ရွက်ခြင်း၊ ဗဟို၊တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိဆေးရုံများတွင်လည်း လိုအပ်သောဆေးနှင့် ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ထားရှိခြင်း၊ ရောဂါဖြစ်ပွားလာပါက ထိရောက်စွာကုသခြင်းနှင့် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း စသည့်လုပ်ငန်းများကို ဆက်လက်အားဖြည့်ဆောင်ရွက်လျက်ရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ရာသီတုပ်ကွေးရောဂါဖြစ်ပွား၊ သေဆုံးမှုနှင့်ပတ်သက်၍ ပြည်သူများအကြား သတင်းအမှန်ရရှိပြီး စိုးရိမ်မှုလျော့ကျစေရန်အတွက် ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာဖြစ်သော www.mohs.gov.mm, https://www.facebook.com/Ministry OfHealthAndSportsMyanmar နှင့် https://www.facebook.com/MyanmarCDC ၏ Facebook စာမျက်နှာများတွင် အချိန်နှင့်တစ်ပြေးညီ ကြည့်ရှုနိုင်ပါသည်။ ရာသီတုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားမှု လျော့နည်းကျဆင်းလာသော်လည်း ပြည်သူများအနေဖြင့် ရာသီတုပ်ကွေးရောဂါ ကြိုတင်ကာကွယ်မှုနှင့်ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်များကို တိကျစွာဆက်လက်လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

»» စာမျက်နှာ ၆ မှ

သန္နိဋ္ဌာန်ချထားပါတယ်။ ဒါဟာ ကောင်းမွန်တဲ့ အစခရီးပဲဖြစ်ပါတယ်။ ဒီဒေသဟာပင်လယ် သမုဒ္ဒရာနဲ့ပတ်သက်လို့ စိတ်ဝင်စားသလိုသက်မဲ့ အရင်းအမြစ်တွေ၊ သက်ရှိအရင်းအမြစ်တွေအပါအဝင် ပင်လယ်သယံဇာတတွေ၊ လူ့စွမ်းအားအရင်းအမြစ်လို အရင်းအမြစ်တွေ အများအပြားရှိပါတယ်။ တက္ကသိုလ်တွေ၊ သိပ္ပံအကယ်ဒမီတွေမှာလည်း သင်တန်းတွေ အများကြီးလုပ်ဆောင်ခဲ့တာ တွေ့ရပါတယ်။ ကျွန်တော်တို့ အမှန်တကယ်ဆောင်ရွက်ဖို့ စိတ်ဝင်စားတာကတော့ အနာဂတ်ကာလမှာ ဘယ်လိုအကူအညီပေးရမလဲ။ ပင်လယ်သမုဒ္ဒရာ သိပ္ပံပညာဟာဖွံ့ဖြိုးဆဲ နိုင်ငံတွေအတွက် စိန်ခေါ်မှုတွေများစွာ ရှိနေပါတယ်။ ပိုမိုဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတွေဆီက လူသားရင်းမြစ်တွေ၊ အကူအညီတွေရရှိဖို့ လိုအပ်ပါတယ်။ မြန်မာနဲ့အိမ်နီးချင်းနိုင်ငံတွေ ပိုမိုပါဝင်ဆောင်ရွက်နိုင်ဖို့ ကျွန်တော်တို့ နည်းလမ်းတွေ ကြိုးစားရှာဖွေမှာ ဖြစ်ပါတယ်။

**အောင်ဇော်လင်း၊ ကျော်ထိုက်စိုး**
**ဓာတ်ပုံ- မိုက်ကယ်ထန်း**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၃၄ / ၂၀၁၉**
၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်
(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်)

## "တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျလက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"**ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | ကယားပြည်နယ်၊ လွိုင်ကော်မြို့ မင်္ဂလာရပ်ကွက်၊ မင်္ဂလာလမ်းနေ ဒေါ်မိုးမိုးနှောင်းသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၅-၉-၂၀၁၉ ရက်နေ့တွင် လွိုင်ကော်မြို့ မင်္ဂလာရပ်ကွက်၊ မင်္ဂလာလမ်းနေ ဒေါ်မိုးမိုးနှောင်း(၅၁)နှစ်၊ (ဘ)ဦးချစ်လွန်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (လွိုင်ကော်)မယ(ပ)၄၉/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ လယ်ပြင်ကျေးရွာနေ တင်ရွှေသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၆-၉-၂၀၁၉ ရက်နေ့တွင် အင်းတော်မြို့နယ်၊ လယ်ပြင်ကျေးရွာနေ တင်ရွှေ(၆၆)နှစ်၊ (ဘ)ဦးကံကြီး၏ လယ်စောင့်တဲအား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်တစ်ရွာတည်းနေ မော်ဘီ (ခ)သိန်းဇော်ထွန်း(၃၄) နှစ်၊ (ဘ)ဦးထွန်းမြင့်သိန်း၊ မြင့်ကျော် (၂၇)နှစ်၊ (ဘ)ဦးကြီးအောင်၊ ဝင်းငွေ(၅၈)နှစ်၊ (ဘ)ဦးကြိုင်၊ စိုးလင်း(၄၆)နှစ်၊ (ဘ)ဦးခွေးမောင်နှင့် မောင်မောင်တုတ် (ခ)ရန်မျိုးနိုင်(၂၄)နှစ်၊ (ဘ)ဦးသောင်းမြင့်တို့(၆) ဦးအား ဘိန်းဖြူများ၊ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(အင်းတော်)မယ(ပ)၉၀/ ၂၀၁၉၊ မယ(ပ)၁၆(ဂ)/ ၂၁ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၂၀)၊ မိုးကြိုးကွက်သစ်နေ မင်းရဲသျှင်(ခ)ပေါက်စီသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂-၉-၂၀၁၉ ရက်နေ့တွင် ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး (၆)၊ အိမ်တော်လမ်းပေါ်တွင် ရပ်ကွက်ကြီး(၂၀)၊ မိုးကြိုးကွက်သစ်နေ မင်းရဲသျှင်(ခ) ပေါက်စီ(၂၂)နှစ်၊(ဘ) ဦးသန်းဝင်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ပြင်ဦးလွင်) မယ(ပ) ၂၉/ ၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၄ | မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ ကျောက်အိုက်ကျေးရွာနေ အုန်းမြင့်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၅-၉-၂၀၁၉ ရက်နေ့တွင် သပိတ်ကျင်းမြို့နယ်၊ ကျောက်အိုက်ကျေးရွာနေ အုန်းမြင့်(၄၆)နှစ်၊ (ဘ)ဦးကျော်အောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူဖမ်းဆီးရမိသဖြင့် နမစ (တကောင်း) မယ(ပ)၁၃/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၅ | မွန်ပြည်နယ်၊ ခေါဇာမြို့ ရာဇမိရာဇ်လမ်းနေ အောင်မင်းနိုင်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၃-၉-၂၀၁၉ ရက်နေ့တွင် ခေါဇာမြို့ အမှတ်(၂)ရပ်ကွက်၊ ရာဇမိရာဇ်လမ်းနေ အောင်မင်းနိုင်(၃၃)နှစ်၊ (ဘ)ဦးမောင်ငယ်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ခေါဇာ) မယ(ပ)၁၃/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၆ | ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ စမ်းချောင်းလမ်းနေ ဇင်ဦးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၆-၉-၂၀၁၉ ရက်နေ့တွင် မရမ်းကုန်းမြို့နယ်၊ အမှတ်(၅) ရပ်ကွက်၊ စမ်းချောင်းလမ်းနေ ဇင်ဦး(ခ)သန့်ဇင်ဦး(၂၉)နှစ်၊ (ဘ)ဦးမျိုးညွန့်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မရမ်းကုန်း)မယ(ပ)၂၀/ ၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၇ | ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သီပေါမြို့နယ်၊ တိန်းချေကျေးရွာနေ စိုင်းအိုက်မွန်း(ခ) အိုက်စတီးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၇-၉-၂၀၁၉ ရက်နေ့တွင် သီပေါမြို့နယ်၊ တိန်းချေကျေးရွာနေ စိုင်းအိုက်မွန်း (ခ)အိုက်စတီး(ခ)စိုင်းမွန်ခမ်း(၃၃)နှစ်၊ (ဘ) ဦးအောင်ပု၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(သီပေါ)မယ(ပ) ၄၄/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၈ | ဧရာဝတီတိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်းမြို့ အမှတ်(၉)ရပ်ကွက်နေ ခင်မောင်အေးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁-၉-၂၀၁၉ ရက်နေ့တွင် မော်လမြိုင်ကျွန်းမြို့ အမှတ်(၉) ရပ်ကွက်၊ ဇီဇဝါလမ်းပေါ်၌ ၎င်းရပ်ကွက်နေ ခင်မောင်အေး (၄၈)နှစ်၊(ဘ) ဦးမောင်စိန်အား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (မော်လမြိုင်ကျွန်း) မယ(ပ)၃/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှု အပါအဝင် ၇-၉-၂၀၁၉ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၇၄၂)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၉၇၃)ဦး၊ မ(၁၈၂)ဦး၊ ပေါင်း(၁၁၅၅)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၆၇၁၁.၆၇၈၄)ဂရမ်၊ ICE (၁၃၁၈.၇၂)ဂရမ်၊ ဘိန်း(၃၉၇၇၆.၉၅)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၃၂၉.၆)ဂရမ်၊ ဘိန်းစာမှုန့်(၁၉၈၀၉.၂၇)ဂရမ်၊ ဘိန်းစာရွက်(၇၈၃၃.၁၉)ဂရမ်၊ ဘိန်းစာရည်(၂.၅)လီတာ၊ စိတ်ကြွဆေးပြား(၃၃၉၄၄၁)ပြား၊ ဆေးခြောက် (၈၃၆၃.၂၂)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၅၁၃.၂၆)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြား အကြေမှုန့် (၂၉.၁၅)ဂရမ်၊ Ecstasy အကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၁၈)လက်၊ ကျည်မျိုးစုံ(၂၅၇)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာနသို့ တိုင်ကြားပေးပို့သော သတင်းများကို စိစစ်ဖော်ထုတ်အရေးယူခဲ့သည့်အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သီးခြားရရှိသော မူးယစ်ဆေးဝါးသတင်းများအပေါ် စိစစ်ဖော်ထုတ်ခြင်း၊ နယ်စပ်ပူးပေါင်းစစ်ဆေးရေးဂိတ်များတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ နယ်မြေရှင်းလင်းခြင်း၊ သတင်းအရ မော်တော်ယာဉ်/ဆိုင်ကယ်များကိုရှာဖွေစစ်ဆေးခြင်း၊ အချို့ဒေသများတွင် စီမံချက်ဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေး ဆောင်ရွက်ခြင်းတို့ ပြုလုပ်ခဲ့ရာ ယခုသီတင်းပတ်အတွင်း နယ်စပ်ဒေသများ၊ ပူးပေါင်းစစ်ဆေးရေးဂိတ်များအပါအဝင် ပြည်နယ်/တိုင်းဒေသကြီးအသီးသီး၌ ဖမ်းဆီးရမိမှုများမှာ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ တဲကြီးကုန်းကျေးရွာ၌ တရားခံအမျိုးသား (၁)ဦးထံမှ ဘိန်း(၁၀၂၀) ဂရမ်၊ ဖားကန့်မြို့နယ်၊ တောင်းကော့ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၄)ပြား၊ အဆင့်နိမ့်ဘိန်း(၃)ဂရမ်၊ မိုးကာကျေးရွာလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၉၈၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ မိုးမောက်မြို့နယ်၊ လွယ်ဂျယ်မြို့ လွယ်ဂျယ်-မန်ကောင်းသွားလမ်းပေါ်၌ သတင်းအရ Crown ယာဉ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား (၁)ဦးထံမှ ဘိန်းဖြူ(၈၅၅)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ ဝိန်းခမ်းကျေးရွာအဝင် လွယ်ဂျယ်-မိုးမောက်သွား ကားလမ်းပေါ်၌ သတင်းအရ Crown ယာဉ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၃၉၉၀၀)ပြား၊ ဘိန်းဖြူ(၆၆၀)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ ၎င်းနေရာ၌ပင်ကွင်းဆက်သတင်းအရ Wish ယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ ဘိန်းဖြူ(၇၃၀)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ ကျောက်စခန်းစစ်ဆေးရေးဂိတ်၌ သတင်းအရ Nissan ယာဉ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၃)ဦးတို့ထံမှ ဘိန်းဖြူ(၁၄၅၀)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ မန်စီမြို့နယ်၊ မန်ရကျေးရွာအနီး မန်သာ-ဟန်ထက်ကျေးရွာသွားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၉၇၅)ပြား၊ ဆိုင်ကယ်(၁)စီး၊ မန်ရကျေးရွာ အဝင်လမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၁၇၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်၊ အောင်သပြေကျေးရွာ၌ တရားခံအမျိုးသား (၂)ဦးထံမှ စိတ်ကြွဆေးပြား(၂၀၅)ပြား၊ ကရင်ပြည်နယ်၊ ဘားအံမြို့ အမှတ်(၂)ရပ်ကွက်လမ်းပေါ်၌ ရပ်တန့်ထားသည့် ဆိုင်ကယ်အား သတင်းအရစိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၀၂)ပြား၊ ဆိုင်ကယ် (၁)စီး၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ အမှတ်(၉)ရပ်ကွက်၌ တရားခံအမျိုးသား (၃)ဦးထံမှ စိတ်ကြွဆေးပြား(၄၇)ပြား၊ ဆေးခြောက်(၁၆)ဂရမ်၊ ဆိုင်ကယ်(၂)စီး၊ မွန်ပြည်နယ်၊ မုဒုံမြို့ မြို့မ(၄)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၆)ပြား၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ထိန်ကုန်းရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၇၄၈)ပြား၊ ရခိုင်ပြည်နယ်၊ မောင်တောမြို့ မြို့မအနောက်ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၃)ပြား၊ ကညင်တန်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၂၅၀)ပြား၊ စိတ်ကြွဆေးပြားအကြေမှုန့်(၈)ဂရမ်၊ အလယ်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးအား စိတ်ကြွဆေးပြား (၂၀၀)ပြားနှင့်အတူ ဖမ်းဆီးရမိပြီး ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ အမှတ်(၃)ရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦး၊ လသာကျေးရွာ၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၄၅၄၆၇၀)ပြား၊ ဆက်လက်ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ အမှတ်(၅)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦး၊ ဘူးသီးတောင်မြို့နယ်၊ ဂန္ဓမာကျေးရွာအနီးလမ်းပေါ်၌ သတင်းအရ (၃)ဘီးယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၄)ပြား၊ (၃)ဘီးယာဉ်(၁)စီး၊ ကျောက်ဖြူမြို့နယ်၊ ကုလားဘာတောင်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၇)ပြား၊ အမ်းမြို့ ဈေးရပ်ကွက်ကားကြီးဝင်းရှိ ကားဂိတ်၌ စစ်တွေမြို့သို့တင်ပို့ရန် ပါဆယ်ထုပ် လာရောက်ပို့ဆောင်သည့် တရားခံအမျိုးသား(၁)ဦးထံမှ ဆေးခြောက်(၄၀၀၀)ဂရမ်၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ စဝ်စံထွန်းရပ်ကွက်၌ တရားခံအမျိုးသား(၄)ဦးထံမှ စိတ်ကြွဆေးပြား(၅၀၀)ပြား၊ ချမ်းမြသာစည်ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၄၂)ပြား၊ ဘိန်းဆီခဲ(၀.၅)ဂရမ်၊ ဆီဆိုင်မြို့ဆီဆိုင်-လွိုင်ကော်သွားကားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၇၅၅)ပြား၊ ဆိုင်ကယ်(၁)စီး၊ မိုင်းရယ်မြို့နယ်၊ ပန်ညှောင်ကျေးရွာတံတားအနီး၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၉၉၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ မူဆယ်မြို့နယ်၊ ပန်ခမ်းကျေးရွာ ကူးတို့ဆိပ်အနီး လမ်းဘေး၌ အချိန်ကြာမြင့်စွာရပ်တန့်ထားသည့် Nissan(၁၂)ဘီးယာဉ်အား မသင်္ကာ စစ်ဆေးရာ ပိုင်ရှင်တိမ်းရှောင်နေပြီး အက်စစ်(အမျိုးအစားစိစစ်ဆဲ)(၁၅၉၂၀)လီတာ၊ မော်တော်ယာဉ် (၁)စီး၊ နောင်ချိုမြို့နယ်၊ ကျောက်တောကျေးရွာလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား စိစစ်ရန်တားဆီးစဉ် နောက်ပြန်လှည့်မောင်းနှင်ထွက်ပြေးသွားပြီး ဆိုင်ကယ်ပေါ်မှ ပြုတ်ကျကျန်ခဲ့သည့် ကျောပိုးအိတ်အတွင်းမှ စိတ်ကြွဆေးပြား(၁၉၈၈၀) ပြား၊ သီပေါမြို့နယ်၊ ဆောင်ကြဲကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၀၇၅)ပြား၊ ဘိန်းဖြူ (၄.၈၂)ဂရမ်၊ ကျိုင်းတုံမြို့နယ်၊ ဝမ်တာပင်းကျေးရွာအနီးကားလမ်းနှင့် နမ့်မလွေချောင်းကြား၌ ပိုင်ရှင်မဲ့အထုပ်(၁)ထုပ်အတွင်းမှ စိတ်ကြွဆေးပြား(၁၅၀၀၀)ပြား၊ စိတ်ကြွဆေးပြား အကြေမှုန့် (၈၃၀)ဂရမ်၊ တာချီလိတ်မြို့နယ်၊ မယ်ဟုတ်ကျေးရွာလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၂၀၄၀၀) ပြား၊ ဆိုင်ကယ်(၁)စီး၊ မကာဟိုခမ်းရပ်ကွက်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၀၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပင်လည်ဘူးမြို့အဝင် ပင်လည်ဘူး-ကောလင်းသွားကားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ ဘိန်း(၃၈၆၂၀.၄၅)ဂရမ်၊ ဆိုင်ကယ် (၁)စီး၊ ခမ်းပါတ်မြို့ အမှတ်(၅)ရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၅၄၀)ပြား၊ ဘိန်းဖြူ (၁၀၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ တမူးမြို့ မြို့မရပ်ကွက်၊ မဟာရာလမ်းမကြီးပေါ်၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၉၇၅)ပြား၊ ဟုမ္မလင်းမြို့နယ်၊ နောင်ခမ်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်း (၁၁၀၀)ဂရမ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့ ဆန်းချီရပ်ကွက်လမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၇၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ တလိုင်းထိန်ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၈၀၂)ပြား၊ မြိတ်မြို့ ရေပုန်းရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၃)ဦးတို့ထံမှ ဘိန်းစာမှုန့်(၄၀၆၀)ဂရမ်၊ ကုန်းဖောက်(၂)ရပ်ကွက်၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၈)ပြား၊ ICE(၇.၅၅)ဂရမ်၊ ဘိန်းစာမှုန့်(၃၅၀၀)ဂရမ်၊ ဆိပ်ငယ်ရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၃၉၆၀)ပြား၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ရာပြည့်ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ

စာမျက်နှာ ၉ သို့ ❖

❖ စာမျက်နှာ ၈ မှ

ICE(၀.၀၆)ဂရမ်၊ တနင်္သာရီမြို့ ချောင်းငယ်ရပ်ကွက် ကူးတို့ဆိပ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းစာမှုန့်(၁၅၁၃.၅) ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ကော့သောင်းမြို့ ရွှေပြည်သာရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၄၃၈)ပြား၊ ဘိန်းစာမှုန့်(၆၈၀)ဂရမ်၊ ကွင်းဆက်စစ်ဆေး ဖော်ထုတ်ချက်အရ အေးရိပ်ငြိမ်ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၄)ပြား၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့ ကျွန်းသာယာရပ်ကွက်၌ တရားခံအမျိုးသား(၅)ဦးထံမှ စိတ်ကြွဆေးပြား (၁၁၂)ပြား၊ ဆိုင်ကယ်(၁)စီး၊ မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့ ရွှေကြာအင်း(၁) ရပ်ကွက်အနီး တောင်တွင်းကြီး-မကွေးသွားကားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၁)ပြား၊ ဘိန်းဖြူ(၀.၁)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအရှေ့ရပ်ကွက်ရှိတည်းခိုခန်း၌ ခေတ္တတည်းခိုနေသည့် တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၉၅၀)ပြား၊ ဘိန်းဖြူ(၄၀.၃)ဂရမ်၊ မိုးကုတ်မြို့နယ်၊ လယ်ကြီးကျေးရွာအနီး မိုင်းလုံ-မိုးကုတ်သွားကားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၁၀)ဂရမ်၊ ဘိန်း(၈၁၅)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ သပိတ်ကျင်းမြို့နယ်၊ တောင်လယ်ကျေးရွာ၊ တွင်းငယ်-မိုးမိတ်သွားကားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၉၆၂)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်စစ်ဆေး ဖော်ထုတ်ချက်အရ အုန်းပိုင်ကျေးရွာနှင့် စံပွာယ်နဂိုရ်ကျေးရွာလမ်းဆုံ၌ ဆိုင်ကယ်(၁)စီးနှင့်အတူ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၈၂)ပြား၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ချစ်တီးကုန်းရပ်ကွက်၊ အောင်မင်္ဂလာအဝေးပြေးကားဝင်းအတွင်း၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၅၃၃)ပြား၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံ ရပ်ကွက်၌ တရားခံအမျိုးသား(၈)ဦး၊ အမျိုးသမီး(၄) ဦး၊ ပေါင်း(၁၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၆၂၀)ပြား၊ ICE(၈၈၀)ဂရမ်အားလည်းကောင်း၊ လက်နက်နှင့်အတူဖမ်းဆီးရမိမှုဖြစ်စဉ်(၁)ခုရှိခဲ့ပြီး ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ်၊ မင်းအောင်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၂)ပြား၊ တူမီးသေနတ်(၁)လက်အား လည်းကောင်း၊ ထွက်ပြေးသဖြင့် ပစ်ခတ်ဖမ်းဆီးရမိမှုဖြစ်စဉ်(၁) ခုရှိခဲ့ပြီး ရှမ်းပြည်နယ်၊ တာချီလိတ်မြို့နယ်၊ ကော့မိုင်ဟုန်းကျေးရွာအနီး ကျိုင်းလပ်-တာလေသွားကားလမ်းပေါ်၌ သတင်းအရ Hilux ယာဉ်အား ရပ်တန့်စစ်ဆေးစဉ် မူးယစ်ဆေးဝါးများတွေ့ရှိသဖြင့် လုပ်ထုံးနှင့်အညီစစ်ဆေးရေတွက်နေချိန် Vigo ယာဉ်(၁)စီး ထပ်မံရောက်ရှိလာ၍ စစ်ဆေးရန်ရပ်တန့်ခိုင်းစဉ် ယာဉ်မောင်းမှာ ယာဉ်ပေါ်မှ ဆင်းပြေးသဖြင့် ပစ်ခတ်ဖမ်းဆီးရာ ခြေထောက်တွင် ကျည်ထိမှန် မစိုးရိမ်ရ ဒဏ်ရာရရှိပြီး ယာဉ်များနှင့်အတူ တရားခံအမျိုးသား(၃) ဦးထံမှ ကဖင်း(၁၉၅၀၀၀၀) ဂရမ်၊ မော်တော်ယာဉ်(၂)စီး၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ကျကကျေးရွာနှင့် ကော့မိုင်ဟုန်းကျေးရွာကြား ရွှေတြိဂံတိရစ္ဆာန်ဥယျာဉ်ဘေးမဲ့တောအနီး ချောင်းအတွင်းရပ်ထားသည့် Vigo ယာဉ် (၁)စီးနှင့် တောင်စောင်းရှိချုံများအတွင်း ဘိလပ်မြေအိတ်များဖြင့် ထည့်သွင်းဝှက်သိမ်းထားသည့် ကဖင်း(၆၇၅၀၀၀) ဂရမ်တို့အား ထပ်မံဖော်ထုတ်သိမ်းဆည်းရမိခဲ့ကြောင်းနှင့် သီးခြားဖော်ထုတ်ဖမ်းဆီးရမိမှု စုစုပေါင်းအနေဖြင့် ယခုသီတင်းပတ်(၁-၉-၂၀၁၉ရက်နေ့မှ ၇-၉-၂၀၁၉ရက်နေ့အထိ)အတွင်း အမှုပေါင်း(၂၂၁)မှု၊ တရားခံကျား(၂၇၈)ဦး၊ မ(၃၃)ဦး၊ ပေါင်း(၃၁၁)ဦး၊ စိတ်ကြွဆေးပြား(၅၉၂၆၇၆)ပြား၊ စိတ်ကြွဆေးပြားအကြေမှုန့် (၈၃၈)ဂရမ်၊ ဘိန်းဖြူ (၄၅၉၅)ဂရမ်၊ ICE(၈၈၉.၆၁)ဂရမ်၊ ဘိန်း(၄၂၂၇၁.၄၅)ဂရမ်၊ ဘိန်းဆီခဲ(၀.၅)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၃.၅)ဂရမ်၊ ဘိန်းစာမှုန့်(၂၃၇၅၃.၅)ဂရမ်၊ ဆေးခြောက်(၄၀၆၉.၄)ဂရမ်၊ ကဖင်း(၂၆၂၅၀၀၀)ဂရမ်၊ အက်စစ် (အမျိုးအစားစိစစ်ဆဲ) (၁၅၉၂၀)လီတာ၊ တူမီးသေနတ်(၁)လက်တို့အား ဖော်ထုတ်သိမ်းဆည်းရမိကြောင်း သတင်းရရှိပါသည်။

၅။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့် ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှု ကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **“မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန”** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

| | | |
|---|---|---|
| **အော်တိုတယ်လီဖုန်းနံပါတ်** | - | ၀၆၇-၃၉၀၂၀၀ |
| **ဖက်စ်ဖုန်းနံပါတ်** | - | ၀၆၇-၃၉၀၂၃၃ |
| **အီးမေးလ်လိပ်စာ** | - | antinarcotics@presidentoffice.gov.mm |




# ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၉**

ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနနှင့် Yooshin Engineering Corporation တို့အကြား Greater Mekong Sub – region(GMS) Highway Modernization Project (HMP) (Funded by Asian Development Bank) Contract Signing Ceremony အခမ်းအနားကို ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်နှင့် Yooshin Engineering Corporation မှ President , Mr. Jong Hun Kim တို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုန်းလွင်နှင့် Yooshin Engineering Corporation မှ President , Mr. Jong Hun Kim တို့က Greater Mekong Sub – region (GMS) Highway Modernization Project (HMP)Contract အား ပြည်ထောင်စုဝန်ကြီး၏ ရှေ့မှောက်တွင် လက်မှတ်ရေးထိုးကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကနေဒါသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် မြန်မာနိုင်ငံဆိုင်ရာ ကနေဒါနိုင်ငံ သံအမတ်ကြီး Ms. Karen Mac Arthur နှင့် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝန်ကြီးရုံး မေခလာခန်းမ၌ တွေ့ဆုံသည်။

**ရင်းရင်းနှီးနှီးဆွေးနွေး**

တွေ့ဆုံစဉ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးကိစ္စရပ်များနှင့် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်လိုကြောင်းကိစ္စ၊ ရှေးဦးအရွယ် ကလေးသူငယ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၊ ကလေးသူငယ် အခွင့်အရေးဆိုင်ရာကိစ္စ၊ လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းစဉ်များ၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဒုက္ခသည်စခန်းများ ပိတ်သိမ်းနိုင်ရေး၊ အမျိုးသားရေး မူဝါဒရေးဆွဲနိုင်ရေး ဆောင်ရွက်နေမှုများနှင့် ရှေ့ဆက်လက်၍ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**






# ပြည်သူ့အကျိုးပြု စုပေါင်းသွေးလှူဒါန်းပွဲနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၉**

(၅၅) နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် နေပြည်တော် ရဲတပ်ဖွဲ့မှ အရာရှိ/တပ်ဖွဲ့ဝင် ၇၄ ဦးသည် နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင် ၁၀၀၀) သွေးလှူဘဏ်၌ စက်တင်ဘာ ၇ ရက်က စုပေါင်းသွေးလှူဒါန်းကြပြီး အရာရှိ/တပ်ဖွဲ့ဝင် ၂၀၀ ခန့်သည် ဆေးရုံဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြရာ နေပြည်တော် ရဲတပ်ဖွဲ့မှတာဝန်ရှိသူများ ကြည့်ရှုအားပေးပြီး ဆေးရုံအုပ်ချုပ်မှုအဖွဲ့ဝင်များ၊ ဆရာဝန်၊ သူနာပြုနှင့်



သန့်ရှင်းရေး ဝန်ထမ်းများမှလည်း စက်တင်ဘာ ၁၇ ရက်တွင် ကျရောက်မည့် ကမ္ဘာ့လူနာဘေးကင်းလုံခြုံမှုဆိုင်ရာ အထိမ်းအမှတ်နေ့ (World Patient Safety Day) အကြိုလှုပ်ရှားမှုအနေဖြင့် ဆေးရုံဝန်းကျင်သန့်ရှင်းလှပရေး လုပ်ငန်းများကို ပူးပေါင်းကူညီ ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကမ္ဘာ့အကြောအဆစ်ကုပညာအဖွဲ့ဝင် မြန်မာအကြောအဆစ်ကုပညာ ဖီဆီအိုသရပီအသင်း

ဦးတင်လှိုင်စိုး ဘွဲ့လွန်ကထိက(ငြိမ်း)

ကမ္ဘာ့အကြောအဆစ်ကုပညာအဖွဲ့ (World Confederation for Physical Therapy)ရဲ့ အစည်းအဝေးကို မေလ ၇ ရက်နေ့မှ ၁၀ ရက်နေ့အထိ လည်းကောင်း၊ ပညာရပ်ဆိုင်ရာညီလာခံကို မေလ ၁၁ ရက်နေ့မှ ၁၃ ရက်နေ့အထိလည်းကောင်း ကမ္ဘာ့ကြက်ခြေနီအဖွဲ့ရုံးချုပ်မှာ အကြောအဆစ်ကုပညာရှင်များရဲ့အလုပ်ရုံဆွေးနွေးပွဲကို မေလ ၁၄ ရက်နေ့ကလည်းကောင်း၊ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့မှာ ကျင်းပခဲ့ပါတယ်။ မြန်မာနိုင်ငံမှ ကိုယ်စားလှယ်အနေနဲ့ ကမ္ဘာ့ကြက်ခြေနီအဖွဲ့ရဲ့ကူညီမှုနဲ့ စာရေးသူတက်ရောက်ခဲ့ပါတယ်။ ဆွစ်ဇာလန်နိုင်ငံ ဖီဆီအိုသရပီအသင်းဟာ အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပနိုင်ဖို့ နှစ်နှစ်တာ အချိန်ယူပြီး ပြင်ဆင်ခဲ့ကြရပါတယ်။ တစ်ကမ္ဘာလုံးမှာရှိတဲ့ အသင်းတွေ၊ ပညာရှင်တွေ၊ ဆေးနဲ့ ဆေးပစ္စည်းကုမ္ပဏီတွေနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ရပါတယ်။

မြန်မာနိုင်ငံ အကြောအဆစ်ကုပညာအသင်း (ဖီဆီအိုသရပီအသင်း)အနေနဲ့ ကမ္ဘာ့အဖွဲ့ဝင်နိုင်ငံဖြစ်လာဖို့ အချိန်ယူပြီး ကြိုးစားခဲ့ရပါတယ်။ ၂၀၁၇ ခုနှစ် ဇူလိုင်လမှာ ကမ္ဘာ့အကြောအဆစ်ကုအဖွဲ့ရဲ့ ညီလာခံကို တောင်အာဖရိကနိုင်ငံ ကိတ်(ပ်)တောင်းမြို့မှာ ကျင်းပခဲ့ပါတယ်။ စာရေးသူတက်ရောက်ပြီး ကမ္ဘာ့အဖွဲ့ဝင်အသင်းဖြစ်ရေးအတွက် ဆွေးနွေးပြီး လိုအပ်တဲ့စာရွက်စာတမ်းတွေကို တင်ခဲ့ပါတယ်။ ဒီ ၂၀၁၇ ထဲမှာပဲ ယာယီအဖွဲ့ဝင်အသင်း (Provisional Membership)အဖြစ် သတ်မှတ်ခံရပါတယ်။

### နိုင်ငံအသီးသီးဆွေးနွေး

စာရေးသူဟာ မေလ ၅ ရက်နေ့ ညနေ ၃ နာရီမှာ ကာတာလေကြောင်းခရီးစဉ်နဲ့ ရန်ကုန်-ဘန်ကောက်၊ ဘန်ကောက်-ကာတာနိုင်ငံ ဒိုဟာ၊ ဒိုဟာမှ ဂျီနီဗာကို စီးရပါတယ်။ နံနက် ၈ နာရီမှာ ဂျီနီဗာလေဆိပ်ကို ရောက်ပါတယ်။ သုညဒီဂရီစင်တီဂရိတ်ရှိပြီး ပတ်ဝန်းကျင်တောင်တွေမှာ ရေခဲဖုံးနေပါတယ်။ ဟိုတယ်က ပြင်သစ်နယ်ထဲမှာဆိုတော့ Taxi ငှားစီးပြီး သွားရပါတယ်။ ဟိုတယ်က ညနေ ၃ နာရီမှစပြီး နေရမှာဖြစ်လို့ ဧည့်ခန်းထဲမှာ ချမ်းချမ်းနဲ့ပဲ တွေ့တဲ့လူနဲ့ စကားပြောပြီး နေရပါတယ်။

မေလ ၇ ရက်နေ့မှာ အစည်းအဝေးကျင်းပရာ ဂျီနီဗာမြို့စတားလင်းဟိုတယ်ကို ဘတ်စ်ကား နှစ်ဆင့်စီးပြီး သွားရပါတယ်။ ပြင်သစ်နယ်ထဲမှာ လက်မှတ်စက်မရှိပါဘူး။ ဘတ်စ်ကားပေါ်မှာလည်း ပိုက်ဆံပေးစီးလို့ မရပါဘူး။ ငွေပေးကတ်နဲ့မှ ရတာကြောင့် ယာဉ်မောင်းကို ပြောပြီး စီးရပါတယ်။ ဂျီနီဗာရောက်မှ လက်မှတ်စက်မှာ လက်မှတ်ဝယ်ပြီး ကားပြောင်းစီးရပါတယ်။ မရောက်ဖူးတဲ့မြို့မှာ တစ်ယောက်တည်း ဟိုမေးဒီမေးနဲ့ သွားရပါတယ်။ အင်္ဂလိပ်စကားကောင်းကောင်း မပြောတတ်သူတွေအပြင် ဟိုတယ်ကို မသိတဲ့လူတွေနဲ့ပါ တွေ့ရပါတယ်။ အခက်အခဲများစွာနဲ့ပဲ အစည်းအဝေးကျင်းပရာ စတားလင်းဟိုတယ်ကို ရောက်ပါတယ်။ ဟိုတယ်ကကြီးတော့ အစည်းအဝေးတွေကလည်း အများကြီးပါ။ ကျွန်တော်ရောက်တော့ အစည်းအဝေးကစနေပါပြီ။ အဲဒီနေ့ အစည်းအဝေးက Asia West Pacific Re အာရှနဲ့ ပစိဖိတ်အနောက်ဘက်ကမ်းရိုးတန်း နိုင်ငံတွေရဲ့ အစည်းအဝေးပါ။ အာရှနိုင်ငံတွေ၊ သြစတြေးလျ၊ နယူးဇီလန်၊ ပါပူဝါနယူးဂီနီ စတဲ့နိုင်ငံတွေ ပါပါတယ်။ ကမ္ဘာ့အကြောအဆစ်ကုပညာအဖွဲ့ ဥက္ကဋ္ဌနဲ့ ဒုတိယဥက္ကဋ္ဌတို့က မိန့်ခွန်းပြောပါတယ်။ ထပ်ပြီး AWP ဥက္ကဋ္ဌ ထိုင်ဝမ်မှ Ms. Sug Fang ပြောပါတယ်။ CEO လုပ်ငန်းဆောင်ရွက်မှု၊ ဘဏ္ဍာရေးအခြေအနေ၊ Mr. Jone က မူဝါဒရေးရာတွေကို တင်ပြပါတယ်။ တက်ရောက်သူတွေကလည်း ဆွေးနွေးကြပါတယ်။ စာရေးသူကတော့ ပညာရပ်ဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်နဲ့ ပတ်သက်လို့ ဆွေးနွေးပါတယ်။

မူဝါဒရေးရာနဲ့ပတ်သက်ပြီး ကမ္ဘာ့အကြောအဆစ်ကုပညာအဖွဲ့ (WCPT)က ချမှတ်တဲ့ မူဝါဒတွေက ကောင်းပါတယ်။ နိုင်ငံဘယ်လောက်များစွာက ဘယ်အဆင့်၊ ဘယ်အခြေအနေတွေ ရောက်နေပြီလဲဆိုတာကို ပြန်လည်ဆန်းစစ်ဖို့လိုကြောင်း၊ ဒါမှ နောက်ကျန်ခဲ့တဲ့နိုင်ငံတွေက အတုယူအမီလိုက်နိုင်ကြောင်း၊ ကူညီနိုင်ကြောင်း ဆွေးနွေးခဲ့ပါတယ်။ ဒီနောက်မှာတော့ အာရှ-ပစိဖိတ် အနောက်ဘက်နိုင်ငံများ AWP ရဲ့ကိုယ်စားလှယ်လောင်းများကို လျှို့ဝှက်မဲစနစ်ဖြင့် ရွေးပါတယ်။ ဂျပန်နိုင်ငံက Mr. အိုရှိယားမားကို တညီတညွတ်တည်းပဲ ရွေးချယ်ခဲ့ပါတယ်။ ဂျပန်နိုင်ငံဟာ WCPT အဖွဲ့မှာ ထည့်ဝင်ငွေအများဆုံးလို့ သိရပါတယ်။ WCPT ရဲ့ဒုတိယဥက္ကဋ္ဌနေရာမှာ အရွေးခံဖို့ သြစတြေးလျနိုင်ငံသူ Ms. Mellisa Locke ကို အတည်ပြုခဲ့ပါတယ်။ Mr. အိုရှိယားမားနဲ့ Ms. Mellisa Locke တို့က ကျေးဇူးတင်စကား ပြောကြားကြပါတယ်။ ဒီနောက်မှာတော့ မှတ်တမ်းတင် ဓာတ်ပုံရိုက်ပါတယ်။

### စံတော်ချိန်အပြောင်းအလဲနှင့် အခက်အခဲ

အစည်းအဝေးပြီးတော့ အပြန်မှာလည်း အခက်အခဲများစွာနဲ့ပါ။ ခါးပိုက်နှိုက်ပေါတယ်ဆိုလို့ ဘတ်စ်ကားပေါ်မှာလည်း တော်တော်သတိထားရပါတယ်။ ည ၇ နာရီကျော်မှ ပြင်သစ်ဘက်ခြမ်း ဟိုတယ်ကို ရောက်ပါတယ်။ မမှောင်သေးပါဘူး၊ နေရောင်ရှိပါတယ်။ ည ၈ နာရီကျော်မှ နေရောင်ပျောက်ပြီး ၉ နာရီကျော်မှ မှောင်တာပါ။ ရေချိုး၊ ညစာစားပြီး နောက်တစ်နေ့အတွက် ပြင်ဆင်ရပါတယ်။ ရန်ကုန်နဲ့က လေးနာရီခွဲကွာတော့ ကောင်းကောင်းအိပ်လို့ မပျော်ပါဘူး။ အိပ်ရာဝင်ချိန်ဟာ ရန်ကုန်မှာနဲ့က အိပ်ရာကနိုးချိန်၊ ထချိန် ဖြစ်နေပါတယ်။

မေလ ၈ ရက်နေ့မှာ အိပ်ရာက စောစောထ ပြင်ဆင်ပြီး နံနက် ၈ နာရီမထိုးခင် ဘတ်စ်ကားမှတ်တိုင်သွားပြီး ကားစီးပါတယ်။ လေကလည်းတိုက် အေးလည်း အရမ်းအေးပါတယ်။ ဒီနေ့တော့ ပိုနီးတဲ့လမ်းကြောင်းပြောင်းပြီး သွားတတ်လို့ အဆင်ပြေပါတယ်။ စတားလင်းဟိုတယ်ကို နံနက် ၈ နာရီလောက် ရောက်ပါတယ်။ ရောက်ရောက်ချင်းပဲ ဒေသဥက္ကဋ္ဌဖြစ်တဲ့ Ms. Suh Fang နဲ့တွေ့ပြီး အလံတိုင်ထုတ်ပေးလို့ မြန်မာနိုင်ငံအလံကို တိုင်မှာ ချိတ်ပေးပါတယ်။ မြန်မာဝတ်စုံပြောင်းဝတ်ပြီး အဆင်သင့်စောင့်ရပါတယ်။ နံနက် ၈ နာရီခွဲမှာ အစည်းအဝေးစပါတယ်။ ဒေသအလိုက်၊ အက္ခရာစဉ်အလိုက် အလံကိုင်ပြီး အသင်းဝင်အသစ်ဖြစ်မည့် ၁၃ နိုင်ငံဟာ အစည်းအဝေးခန်းမရဲ့အပြင်ဘက်မှာ စောင့်ရပါတယ်။ မြန်မာနိုင်ငံကတော့ အာရှနဲ့ ပစိဖိတ် အနောက်ဘက် ကမ်းရိုးတန်းနိုင်ငံများအုပ်စုမှာ ပါပါတယ်။ အသင်းဝင်အသစ်ဖြစ်မယ့် ဘူတန်နိုင်ငံ၊ မြန်မာနိုင်ငံနဲ့ ပါပူဝါနယူးဂီနီနိုင်ငံ သုံးနိုင်ငံပါပါတယ်။ ဥရောပ၊ အာဖရိက၊ တောင်အမေရိကနိုင်ငံတွေလည်း ပါပါတယ်။

### ဂုဏ်ယူဝမ်းမြောက်

အစည်းအဝေးမှာ ယာယီအဖွဲ့ဝင်နိုင်ငံတွေရဲ့အဖွဲ့ဝင်အဖြစ် လက်ခံဖို့ သင့်၊ မသင့် အဖွဲ့ဝင်နိုင်ငံတွေရဲ့သဘောတူညီမှုနဲ့ ဆုံးဖြတ်ကြမယ်ပြောပါတယ်။ ဒါကြောင့် ခန်းမအပြင်ဘက်မှာ အဖွဲ့ဝင်နိုင်ငံအဖြစ် လက်ခံပါ့မလား၊ မထောက်ခံရင် နောက်ထပ် လေးနှစ်စောင့်ရဦးမယ် စသဖြင့် တွေးပြီးပူမိပါတယ်။ ဒီအခြေအနေအထိရောက်အောင် အခက်အခဲများစွာနဲ့ ကြိုးစားခဲ့ရတာပါ။ နံနက် ၉ နာရီခွဲမှာတော့ ဒေသဥက္ကဋ္ဌ Ms. Suh Fang အစည်းအဝေးခန်းက ထွက်လာပြီး အဖွဲ့ဝင်နိုင်ငံအဖြစ် လက်ခံကြောင်း ဝမ်းသာအားရလာပြောပါတယ်။ ဒီတော့မှပဲ ပူပင်သောကတွေပျောက်ပြီး နိုင်ငံအတွက်၊ အသင်းအတွက် ဂုဏ်ယူမိပါတယ်။ သက်ဆိုင်ရာ ဒေသဥက္ကဋ္ဌတွေက အဖွဲ့ဝင်နိုင်ငံအသစ်တွေကို ဦးဆောင်ပြီး အစည်းအဝေးခန်းမထဲကို တန်းစီပြီး နိုင်ငံတော်အလံကို လွှင့်ထူဝင်ရပါတယ်။ ဝင်လာတဲ့အချိန်မှာ အဖွဲ့ဝင်နိုင်ငံတွေက ကိုယ်စားလှယ်တွေ မတ်တတ်ရပ်ပြီး လက်ခုပ်သြဘာပေးကြပါတယ်။ ဗီဒီယို ရိုက်သူကလည်း ရိုက်ကြပေါ့။ စင်မြင့်ရှေ့ပရိသတ်ရှေ့မှာ တန်းစီပြီးရပ်ကြရပါတယ်။ သဘာပတိကအဖွဲ့ဝင်နိုင်ငံဖြစ်ကြောင်း ကြေညာပါတယ်။ ဒီနေ့ ၂၀၁၉ ခုနှစ် မေလ ၈ ရက်နေ့ နံနက် ၁၀ နာရီမှာ မြန်မာဖီဆီအိုသရပီအသင်း (အကြောအဆစ်ကုပညာအသင်း)ဟာ ကမ္ဘာ့အကြောအဆစ်ကုပညာအဖွဲ့၏ အဖွဲ့ဝင်နိုင်ငံဖြစ်သွားပါပြီ။ ကမ္ဘာ့အဖွဲ့ဝင်နိုင်ငံ ဖြစ်လာတော့ နိုင်ငံတကာနဲ့ ယှဉ်နိုင်အောင်၊ ရင်ပေါင်တန်းနိုင်အောင်၊ လူသားတွေကို ပိုပြီး အကျိုးပြုနိုင်အောင်၊ ကျန်းမာရေးစောင့်ရှောက်မှု တွေကို ပိုပြီးပေးနိုင်အောင် ကြိုးစားဖို့ လိုလာပါပြီ။ တာဝန်လည်း ပိုပြီးကြီးပါတယ်။ ကမ္ဘာနဲ့ယှဉ်ပြီး စဉ်းစားလာရပါတော့မယ်။

**ဒီနေ့ ၂၀၁၉ ခုနှစ် မေလ ၈ ရက်နေ့ နံနက် ၁၀ နာရီမှာ မြန်မာဖီဆီအိုသရပီအသင်း (အကြောအဆစ်ကုပညာအသင်း)ဟာ ကမ္ဘာ့အကြောအဆစ်ကုပညာအဖွဲ့၏ အဖွဲ့ဝင်နိုင်ငံဖြစ်သွားပါပြီ။ ကမ္ဘာ့အဖွဲ့ဝင်နိုင်ငံဖြစ်လာတော့ နိုင်ငံတကာနဲ့ ယှဉ်နိုင်အောင်၊ ရင်ပေါင်တန်းနိုင်အောင်၊ လူသားတွေကို ပိုပြီးအကျိုးပြုနိုင်အောင်၊ ကျန်းမာရေး စောင့်ရှောက်မှုတွေကို ပိုပြီးပေးနိုင်အောင် ကြိုးစားဖို့လို**

### ဖွဲ့စည်းပုံမူဝါဒများဆွေးနွေး

ဒီနောက်မှာတော့ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အမှုဆောင်အဖွဲ့တို့က တစ်ဦးချင်းလာပြီး လက်ဆွဲနှုတ်ဆက်ကြပြီး ဂုဏ်ပြုကြပါတယ်။ ဒီနောက်မှာတော့ စုပေါင်းပြီး ဓာတ်ပုံရိုက်ကြပါတယ်။ အထူးသဖြင့် မြန်မာနိုင်ငံ ဖီဆီအိုသရပီအသင်းကို ကမ္ဘာ့အဖွဲ့ဝင်ဖြစ်ရေးအတွက် နှစ်ချီပြီး အစစအရာရာ ကူညီပေးသူကတော့ ဒုတိယဥက္ကဋ္ဌ Ms. Magot Skiner နယူးဇီလန်နိုင်ငံသူ ဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်က မြန်မာနိုင်ငံကိုလည်း လာခဲ့ပါတယ်။ ၂၀၁၇ ခုနှစ် တောင်အာဖရိကနိုင်ငံ ကိတ်(ပ်)တောင်းမြို့မှာလည်း တွေ့ဆုံခဲ့ပြီး လိုအပ်တာတွေကို ကူညီခဲ့သူပါ။ မြန်မာနိုင်ငံတော်အလံကို အတူကိုင်ပြီး အဖွဲ့ဝင်နိုင်ငံအဖြစ်၊ အထိမ်းအမှတ်အဖြစ် ဓာတ်ပုံရိုက်ခဲ့ပါတယ်။ ဒေသဆိုင်ရာ ဥက္ကဋ္ဌ Ms. Suh Fang နဲ့လည်း အမှတ်တရဓာတ်ပုံရိုက်ပါတယ်။ သူတို့အားလုံးလည်း ဝမ်းသာနေကြပါတယ်။ သဘာပတိက အစည်းအဝေးဆက်လက်ကျင်းပဖို့ နေရာယူခိုင်းပါတယ်။ မြန်မာကိုယ်စားလှယ်အတွက် ဆိုင်းဘုတ်ရေးထားတဲ့ နေရာမှာ နေရာရှာရပါတယ်။ အက္ခရာအစဉ်အတိုင်း ညာဘက်မှာ မော်ရိုကို၊ ဘယ်ဘက်မှာ နီပေါနိုင်ငံ ရှိပါတယ်။ ဥက္ကဋ္ဌ Emma Stoke က လေးနှစ်တာအတွင်း ဆောင်ရွက်ချက်တွေ၊ CEO Mr. Kruger က ရုံးအဖွဲ့ရဲ့ ဆောင်ရွက်ချက်နဲ့ ဘဏ္ဍာရေးရှင်းတမ်း၊ Mr. Jone ကတော့ မူဝါဒရေးရာတွေနဲ့ပတ်သက်လို့ ဆောင်ရွက်ခဲ့တာတွေ တင်ပြပါတယ်။ မွန်းလွဲ ၁၂နာရီခွဲမှာ ရပ်နားပြီး နေ့လယ်စာစားကြပါတယ်။ မွန်းလွဲ ၁ နာရီခွဲမှာ အစည်းအဝေးပွဲပြန်စပါတယ်။ ဖွဲ့စည်းပုံမူဝါဒတွေကို တစ်ခုချင်း ဆွေးနွေးကြပါတယ်။ ပြင်ရန်မလိုတဲ့ အချက်တွေရှိသလို ပြင်ဖို့လိုတဲ့ အချက်တွေမှာ အပြန်ပြန်အလှန်လှန် ဆွေးနွေးကြပါတယ်။ တချို့အကြောင်းအရာတွေကိုတော့ မဲခွဲဆုံးဖြတ်ကြရပါတယ်။ မြန်မာနိုင်ငံက အဖွဲ့ဝင်နိုင်ငံဖြစ်လာတော့ မဲပေးခွင့်၊ ဆွေးနွေးခွင့်ရလာပါတယ်။ အထူးသဖြင့် နိုင်ငံတစ်နိုင်ငံမှာ အသင်းတစ်သင်းသာ ကိုယ်စားပြု ဝင်ခွင့်ပြုဖို့ ကိစ္စမှာ တော်တော်ဆွေးနွေးရပါတယ်။ နိုင်ငံကိုယ်စားပြုနိုင်တဲ့ အချက်အလက်တွေပါ စဉ်းစားရပါတယ်။ အသင်းဝင်ဦးရေ အများဆုံးဖြစ်ဖို့၊ အသင်းသားတွေနဲ့ နိုင်ငံကို အကျိုးပြုဖို့၊ နိုင်ငံတော်အစိုးရကလည်း အသိအမှတ် ပြုထားတဲ့အသင်းဖြစ်ဖို့ ဆုံးဖြတ်ကြပါတယ်။ တချို့ကလည်း နိုင်ငံတစ်နိုင်ငံ အသင်းတစ်သင်းထက် ပိုလက်ခံသင့်ကြောင်း အဆိုပြုတာရှိပါတယ်။ မဲခွဲဆုံးဖြတ်တော့ နိုင်ငံတစ်နိုင်ငံမှာ အသင်းတစ်သင်းသာ လက်ခံဖို့အများဆန္ဒဖြစ်ခဲ့ပါတယ်။ ၄၅ မိနစ်နား ကော်ဖီသောက်ကြပါတယ်။

အစည်းအဝေးပြန်စတော့ နောက်လေးနှစ်သက်တမ်းမှာ အရွေးခံမယ့်ဥက္ကဋ္ဌနဲ့ ဒုတိယဥက္ကဋ္ဌအတွက် အမည်တင်သွင်းထားသူတွေက သူတို့ရဲ့မူဝါဒတွေ၊ လုပ်ဆောင်ခဲ့တာတွေ ရှင်းလင်းတင်ပြကြပါတယ်။ ဥက္ကဋ္ဌနေရာအတွက် ဥက္ကဋ္ဌ Emma Stoke၊ ကနေဒါနိုင်ငံက တစ်ဦးတို့က ပြောကြားပြီး၊ ဒုတိယဥက္ကဋ္ဌနေရာအတွက် လက်ရှိ ဒုတိယဥက္ကဋ္ဌက အနားယူမှာပါ။ မော်လတာနိုင်ငံက Mr. Jone နဲ့ သြစတြေးလျနိုင်ငံက Ms. Mellisa Locke တို့က သူတို့ရဲ့ ကိုယ်ရေးရာဇဝင်၊ ဆောင်ရွက်ခဲ့ပုံ၊ မူဝါဒတွေကို ချပြပါတယ်။ ညနေ ၅ နာရီမှာ အစည်းအဝေးပြီးဆုံးသွားပါတယ်။ အစည်းအဝေးပြီးတော့ မိုးတွေကရွာ၊ လေကလည်းတိုက် အလွန်အေးပါတယ်။ ဘတ်စ်ကားမှတ်တိုင်က ပြင်နေတော့ နောက်တစ်နေရာကို လမ်းလျှောက်ပြီး စီးရပါတယ်။ ဟိုတယ်ရောက်မှ ရေချိုးစားသောက်ပြီး နားရပါတယ်။ နောက်နေ့ အစည်းအဝေးအတွက် ကြိုတင်စဉ်းစားပြင်ဆင်ရပါတယ်။ ဘယ်သူ့ကို မဲပေးရွေးမလဲ စဉ်းစားရပါတယ်။ စာတွေလည်း ကြိုဖတ်ပြီးမှ အိပ်ရပါတယ်။

### ပြန်လည်ဆွေးနွေးအတည်ပြု

မေလ ၉ ရက်နေ့မှာတော့ ဟိုတယ်က ဂိတ်ဆုံးကို သွားပါတယ်။ လက်မှတ်စက်ရှိမယ် ထင်လို့ပါ။ ဒါပေမယ့် မရှိပါဘူး။ ကံကောင်းချင်တော့ မလေးရှားက ဥက္ကဋ္ဌအမျိုးသမီးနဲ့ တွေ့ပါတယ်။ သူနဲ့က ကိတ်(ပ်)တောင်းမြို့ အစည်းအဝေးမှာကတည်းက ရင်းနှီးပါတယ်။ သူကတော့ Visa Card ပါတော့ နှစ်ယောက်စလုံးအတွက် ကားပေါ်မှာ လက်မှတ်ဖြတ်ပါတယ်။ လက်မှတ်တစ်စောင်အတွက် ကျသင့်ငွေကို ပေးလိုက်ပါတယ်။ နံနက်စာကို စတားလင်းဟိုတယ်မှာ စားကြပါတယ်။

နံနက် ၉ နာရီမှာ အစည်းအဝေးစပါတယ်။ ကျန်နေသေးတဲ့ Agenda တွေကို ဆက်ပြီးဆွေးနွေးကြပါတယ်။ ၂၀၁၅ ခုနှစ်က တင်ခဲ့တဲ့အဆိုတွေကို ပြန်လည်ဆွေးနွေးပြီး အတည်ပြုခဲ့ပါတယ်။

၁။ ရပ်ရွာလူထုအတွင်း ပြန်လည်ထူထောင်ရေး Community Based Rehabilitation မှာ
- Physiotherapist အကြောအဆစ်ကုပညာရှင်တွေ ပါဝင်ဆောင်ရွက်ရေး၊

၂။ ဂျပန်နိုင်ငံက အဆိုပြုတဲ့ ကမ္ဘာကြီးပူနွေးလာမှုကြောင့် ဖြစ်လာတဲ့ သဘာဝကပ်ဘေးအန္တရာယ်တွေကို သတိပြုရေး၊ ကုသရေး၊ ပြန်လည်ထူထောင်ရေးတွေမှာ ပါဝင်ဆောင်ရွက်ရေး
- လူလုပ်ကပ်ဘေးတွေဖြစ်တဲ့ စစ်ဖြစ်ပွားရာဒေသတွေမှာ ကျန်းမာရေးစောင့်ရှောက်မှုပေးရေး၊ ပြန်လည်ထူထောင်ရေးတွေ လုပ်ကိုင်ရေး Diversity and inclusion မူဝါဒ

စာမျက်နှာ ၁၁ သို့

❑ စာမျက်နှာ ၁၀ မှ

- မူဝါဒအသစ်ချမှတ်ခြင်း၊ ပြန်လည်သုံးသပ်ခြင်း၊ အတည်ပြုခြင်း စသည်တို့ကို နိုင်ငံပေါင်း ၁၂၁ နိုင်ငံရဲ့ကိုယ်စားလှယ်တွေရဲ့သဘောတူချက်တွေနဲ့ ဆောင်ရွက်ခဲ့ပါတယ်။

ဒီနောက်မှာတော့ ဥက္ကဋ္ဌရာထူးအတွက် ရွေးကောက်ပွဲကျင်းပခဲ့ပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့အသင်းကိုယ်စား တာဝန်အရှိဆုံးပုဂ္ဂိုလ်တစ်ဦးသာ မဲပေးခွင့်ရှိပါတယ်။ ဒါကြောင့် မဲပေးခွင့်မရှိတဲ့ ကိုယ်စားလှယ်တွေက ထွက်ပေးရပါတယ်။ တချို့တတ်နိုင်တဲ့ နိုင်ငံတွေက တစ်ယောက်မကပါဘူး။ မြန်မာနိုင်ငံကတော့ စာရေးသူတစ်ယောက်ပဲ တက်ပါတယ်။ မဲရေတွက်တဲ့နေရာမှာ Coffee Break ပေးပါတယ်။ ပြီးတော့မှ ဒုတိယဥက္ကဋ္ဌနေရာအတွက် ရွေးကောက်ပွဲလုပ်ပါတယ်။ တကယ်မဲပေးခွင့်ရှိသူ ဟုတ်၊ မဟုတ် ကိုယ်စားလှယ်တစ်ဦးက စစ်ဆေးဖို့ အဆိုတင်လို့ မဲစာရင်းနဲ့ နာမည်နဲ့တပ်ပြီး စစ်ဆေးရပါတယ်။ ဒီနောက်မှာတော့ မဲထည့်ရပါတယ်။ ရွေးကောက်ပွဲပြီးတော့မှ နေ့လယ်စာစားဖို့ ရပ်နားပါတယ်။ နေ့လယ်စာစားရင်း တစ်ဦးနဲ့တစ်ဦး မိတ်ဖွဲ့ကြ၊ အမြင်ဖလှယ်ကြပါတယ်။ လုပ်ငန်းတူ၊ ရည်ရွယ်ချက်တူသူတွေဖြစ်လို့ ပျော်စရာကောင်းပါတယ်။

**နှစ်နှစ်တစ်ကြိမ် ညီလာခံကျင်းပ**

မွန်းလွဲပိုင်း ၁ နာရီ ၄၅ မိနစ်မှာ အရွေးခံသူများကို ကြေညာပါတယ်။ ဥက္ကဋ္ဌနေရာမှာ လက်ရှိဥက္ကဋ္ဌ Emma Stoke က မဲအပြတ်အသတ်နဲ့ အနိုင်ရရှိပါတယ်။ ဒုတိယဥက္ကဋ္ဌနေရာမှာတော့ ဩစတြေးလျနိုင်ငံသူ Ms. Mellisa က အနိုင်ရရှိသွားပါတယ်။ ကိုယ့်ဒေသက အရွေးခံရလို့ ဝမ်းသာရပါတယ်။ အစည်းအဝေးကို ဆက်လက်ကျင်းပပါတယ်။ ဆွစ်ဇာလန်နိုင်ငံက ကိုယ်စားလှယ်က ညီလာခံကို ငွေအကုန်အကျများသဖြင့် နှစ်နှစ်တစ်ကြိမ်အစား လေးနှစ်တစ်ကြိမ် ကျင်းပသင့်ကြောင်း အဆိုတင်ပါတယ်။ စာရေးသူကတော့ နှစ်နှစ်တစ်ကြိမ် ကျင်းပသင့်ကြောင်း၊ ပညာရှင်တွေများများတွေ့လေ ပိုရင်းနှီးလေ၊ ပိုပြီးပူးပေါင်းဆောင်ရွက်နိုင်၊ ပိုပြီးပညာရပ်တွေ တိုးတက်လေဖြစ်ကြောင်း၊ ငွေကို မကြည့်ဘဲ အကျိုးကျေးဇူးကို ကြည့်သင့်ကြောင်း ဆွေးနွေးပါတယ်။ မဲခွဲဆုံးဖြတ်လိုက်တော့ စာရေးသူအဆိုအနိုင်ရပြီး နှစ်နှစ်တစ်ကြိမ် ညီလာခံကျင်းပဖို့ အတည်ပြုလိုက်ပါတယ်။ ဒီနောက် Occupation and Ergonomic လုပ်ငန်းခွင်ကျန်းမာရေးအဖွဲ့ခွဲ၊ Physiotherapy and Mental health စိတ်ကျန်းမာရေး အဖွဲ့ခွဲတွေဖွဲ့စည်းခွင့်ကို ထောက်ခံအတည်ပြုပါတယ်။ Physiotherapy (Physical therapy) အမည်ရေးတော့ ဆွစ်ဇာလန်က ကိုယ်စားလှယ်တစ်ဦးက E-survey လုပ်တာကို တင်ပြပါတယ်။ အဆိုပြုပါတယ်။ ဒါကိုတော့ ဆက်မဆွေးနွေးပါဘူး။

**ကဏ္ဍအလိုက်ထူးချွန်ဆုများ ကြေညာ**

အာရှနဲ့ ပစိဖိတ်အနောက်ဘက် နိုင်ငံတွေရဲ့ အစည်းအဝေးကို ၂၀၂၀ ပြည့်နှစ် ဇွန်လတွင် ဟောင်ကောင်မှာ ကျင်းပမယ့်အကြောင်း၊ WCPT ညီလာခံကို ၂၀၂၁ ခုနှစ်မှာ Dubai WCPT အစည်းအဝေးနဲ့ ညီလာခံကို ၂၀၂၃ တွင် Tokyo မှာ ကျင်းပမယ့်အကြောင်း ကြေညာပါတယ်။ ဆက်လက်ပြီးတော့ ကဏ္ဍအလိုက် ထူးချွန်ဆုတွေကို ကြေညာပါတယ်။ အာဖဂန်နစ္စတန်နိုင်ငံမှာ ICRC ရဲ့ လုပ်ငန်းတာဝန် ထမ်းဆောင်ရင်း သေနတ်မှန်သေဆုံးတဲ့ Physiotherapist တစ်ယောက်လည်း ပါပါတယ်။

နောက်မှာတော့ အရွေးခံရတဲ့ ဥက္ကဋ္ဌနဲ့ ဒုတိယဥက္ကဋ္ဌက မိန့်ခွန်းပြောပါတယ်။ အနားယူလိုက်တဲ့ ဒုတိယဥက္ကဋ္ဌ နယူးဇီလန်သူ Margot Skiner က နှုတ်ဆက်စကားပြောပါတယ်။ နယူးဇီလန်မှာလည်း ပါမောက္ခတစ်ယောက်ဖြစ်ပါတယ်။ WCPT အဖွဲ့မှာ ပညာရေးအသိအမှတ်ပြုကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင် စိစစ်ရေးကော်မတီဥက္ကဋ္ဌနှင့် WCPT အဖွဲ့ကြီးနှင့် ဒုတိယဥက္ကဋ္ဌအနေဖြင့် နှစ်ပေါင်းများစွာ လုပ်ဆောင်ခဲ့ပါတယ်။ ဂုဏ်ယူစရာ၊ အတုယူစရာကောင်းပါတယ်။ စာရေးသူကိုလည်း ဆက်လက်ကြိုးစားလုပ်ဖို့ တိုက်တွန်းပါတယ်။ အမှတ်တရလက်ဆောင်လည်း ပေးပါတယ်။ အကူအညီလိုရင် E.mail ပို့ဖို့ ပြောပါတယ်။

ညနေ ၄ နာရီခွဲမှာတော့ အစည်းအဝေး အောင်မြင်စွာ ပြီးဆုံးပါတယ်။ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြ၊ နှုတ်ဆက်ကြပြီး ဟိုတယ်ကို ပြန်ခဲ့ပါတယ်။

**ကြုံဆုံရသည့်အခက်အခဲများ**

မေလ ၁၀ ရက်နေ့ကတော့ အာရှနိုင်ငံတွေနဲ့ ပစိဖိတ်အနောက်နိုင်ငံတွေရဲ့ဒေသဆိုင်ရာ အစည်းအဝေးဖြစ်ပါတယ်။ မြန်မာနိုင်ငံကိုယ်စားလှယ်အနေနဲ့ မိန့်ခွန်းပြောရမှာဖြစ်ပါတယ်။ ဒါကြောင့် ကောင်းကောင်း အိပ်မပျော်ပါဘူး။ အပြန်ပြန်အလှန်လှန် လေ့ကျင့်ရပါတယ်။ အိပ်ရာက စောစောထပြီး ထွက်လာခဲ့ပါတယ်။ ကားပေါ်မှာတော့ အာဖရိကနိုင်ငံတွေက ကိုယ်စားလှယ်တွေ၊ အာရှက မွန်ဂိုလီးယားက ကိုယ်စားလှယ်တွေနဲ့ တွေ့ပါတယ်။ လေဆိပ်မှတ်တိုင်ရောက်တော့ ညီလာခံကို လာတက်တဲ့ စင်ကာပူနိုင်ငံက အကြောအဆစ်ကုပညာရှင် ကန့်ဘလူ ဦးတင်မောင်အေးနဲ့တွေ့လို့ တစ်ခါတည်း အစည်းအဝေးရှိတဲ့ စတားလင်းဟိုတယ်ကို ခေါ်သွားပါတယ်။

နံနက် ၈ နာရီခွဲမှာ အစည်းအဝေးစပါတယ်။ ဒေသဆိုင်ရာဥက္ကဋ္ဌ ထိုင်ဝမ်မှ Ms. Suh Fang က အမှာစကားပြောပါတယ်။ စည်းစည်းလုံးလုံးနဲ့ အတူတကွ ပူးပေါင်းဆောင်ရွက်ဖို့ တချို့နိုင်ငံတွေမှာ Physiotherapy ဟာ တော်တော်တိုးတက်ဖွံ့ဖြိုးပေမယ့် တချို့နိုင်ငံတွေမှာ မဖွံ့ဖြိုးသေးဘဲ ကလေးအရွယ်သာရှိသေးကြောင်း၊ ပညာရေးနဲ့ ကုသရေးတွေမှာ အသိအမှတ်ပြုမှု စံချိန်စံနှုန်းမီအောင် ဆောင်ရွက်ဖို့ အမှာစကားပြောပါတယ်။ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့ကလည်း လုပ်ဆောင်ခဲ့တဲ့ အခြေအနေတွေ ရှင်းပြပါတယ်။ ဒီနောက်မှာတော့ နိုင်ငံအလိုက် တစ်ဦးချင်း မိတ်ဆက်ကြရပါတယ်။ အားလုံး နိုင်ငံ ၃၀ထဲမှာ ၂၅ နိုင်ငံ တက်ပါတယ်။ အဖွဲ့ဝင်နိုင်ငံ မဟုတ်သေးဘဲ လေ့လာသူအနေနဲ့ အိန္ဒိယနဲ့ တရုတ်နိုင်ငံတို့မှ ကိုယ်စားလှယ်များလည်း တက်ရောက်ကြပါတယ်။ ခေတ္တနားပြီး ပြန်စပါတယ်။ အဖွဲ့ရဲ့မူဝါဒတွေ၊ ဖွဲ့စည်းပုံတွေ၊ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းတွေကို ဆွေးနွေးကြပါတယ်။ တချို့အချက်တွေကတော့ အကြိတ်အနယ်ဆွေးနွေးပြီး ဆုံးဖြတ်ကြရပါတယ်။ ပြင်သင့်၊ တိုးသင့်တာလုပ်ပါတယ်။ နိုင်ငံအလိုက်မိန့်ခွန်းပြောကြရပါတယ်။ မြန်မာနိုင်ငံ ကိုယ်စားလှယ်အနေနဲ့ မြန်မာနိုင်ငံ၏ လက်ရှိ Physiotherapy အခြေအနေ၊ ပညာရေး၊ ကုသရေး ပညာရှင်တွေရဲ့လုပ်ငန်းခွင်၊ အသင်းရဲ့ဆောင်ရွက်ချက်၊ ရှေ့ဆောင်ရွက်မည့် အစီအစဉ်၊ မြန်မာနိုင်ငံကို လာလည်ကြဖို့ မိန့်ခွန်းပြောခဲ့ပါတယ်။ အားလုံးပြီးတော့ နေ့လယ်စာစားဖို့ ခေတ္တနားပါတယ်။ ဆွစ်ဇာလန်ရဲ့ပေါင်မုန့်တွေကမာတော့ စားမကောင်းပါဘူး။ အသီးအရွက်နဲ့ ဟင်းပဲဦးစားပေးစားရပါတယ်။

**ခေါင်းစဉ်အလိုက်ဆွေးနွေး**

အစည်းအဝေးပြန်စချိန်မှာတော့ အဖွဲ့လိုက် အလုပ်ရုံဆွေးနွေးပွဲလုပ်ပါတယ်။ ခေါင်းစဉ်အလိုက် ဆွေးနွေးကြပါတယ်။ အများကတော့ ပညာရေးက အရေးအကြီးဆုံးဖြစ်ကြောင်း ဆွေးနွေးကြပါတယ်။ စာရေးသူကတော့ ပညာရေးက အရေးအကြီးဆုံးမှန်သော်လည်း တိကျတဲ့မူဝါဒက အရေးအကြီးဆုံးဖြစ်ကြောင်း၊ ပါရဂူဘွဲ့ဘယ်လောက်ရရ လွတ်လပ်စွာကုသမှု၊ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်မရရင် အကျိုးရှိသင့်သလောက်မရှိကြောင်း၊ ပညာရပ်ကို လူအများသိဖို့လိုကြောင်း ဆွေးနွေးပါတယ်။ မလေးရှားက ဥက္ကဋ္ဌက စာရေးသူရဲ့အဆိုကို ဆွေးနွေးပေးပါတယ်။ ဂျပန်နိုင်ငံဆိုပညာရေးအလွန်ကောင်းပါတယ်။ ပါရဂူတွေလည်း အများကြီးမွေးထုတ်ပါတယ်။ ဒါပေမယ့် လွတ်လပ်စွာကုသခွင့် အပြည့်အဝမရှိလို့ တိုးတက်သင့်သလောက် မတိုးတက်ကြောင်း၊ ဒါကြောင့် မူဝါဒအရေးကြီးကြောင်း ဆွေးနွေးပါတယ်။ ကိုယ်စားလှယ်တွေအားလုံးက လက်ခံအတည်ပြုကြပါတယ်။ အခြားအကြောင်းအရာတွေလည်း ဆွေးနွေးကြပါတယ်။

ဒီနောက်မှာတော့ ဟောင်ကောင် Physiotherapy Association အသင်းဥက္ကဋ္ဌက ၂၀၂၀ ပြည့်နှစ် မေလမှာ AWP အစည်းအဝေးနဲ့ ညီလာခံကို ဟောင်ကောင်မှာ ကျင်းပမယ့်အစီအစဉ်တွေ တင်ပြပါတယ်။ ဟောင်ကောင်က စရိတ်စကကြီးမားတာကြောင့် အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်မယ့်အကြောင်း တင်ပြပါတယ်။ ဟောင်ကောင်အသင်းဥက္ကဋ္ဌဟာ ကမ္ဘာ့အကြောအဆစ်ကုပညာအဖွဲ့ WCPT ရဲ့အဖွဲ့ခွဲဖြစ်တဲ့ အပ်စိုက်ကုပညာအဖွဲ့ ဥက္ကဋ္ဌလည်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာလည်း အပ်စိုက်ကုပညာကို အကြောအဆစ်ပညာရှင်တွေကို သင်ပေးစေလိုကြောင်း၊ လာရောက်ကူညီဖို့အကြောင်း ဆွေးနွေးခဲ့ပါတယ်။ ညီလာခံပြီးလျှင် ကြိုးစားမယ့်အကြောင်း ပြောပါတယ်။

**သမိုင်းတစ်ခေတ် ပြောင်းလဲ**

ဒီနေ့ အစည်းအဝေးကတော့ နောက်ဆုံးနေ့လည်းဖြစ်၊ အယူအဆ တူတာ၊ မတူတာတွေကို ညှိနှိုင်းပြီး ရှေ့လုပ်ငန်းစဉ်တွေအတွက် မူချမှတ်ကြပါတယ်။ အစည်းအဝေးပွဲပြီးတဲ့အခါ စုပေါင်းဓာတ်ပုံရိုက် မှတ်တမ်းတင်ပြီး ပြီးဆုံးသွားပါတယ်။ ။

မြန်မာနိုင်ငံ Physiotherapy Association ဟာ ကမ္ဘာ့အဖွဲ့ဝင်အသင်းဖြစ်သွားတော့ ဆွေးနွေးခွင့်၊ မဲပေးခွင့်၊ ဆုံးဖြတ်ခွင့်တွေ ရလာပါတယ်။ ပညာရပ်တိုးတက်မှု၊ ကုသမှုကောင်းမွန်ဖို့၊ တိုးတက်ဖို့၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ဖို့၊ လူနာကို တိုက်ရိုက်စမ်းသပ်စစ်ဆေးကုသနိုင်ဖို့၊ အတွေ့အကြုံတွေ၊ ပညာရပ်တွေ တစ်ဦးနဲ့တစ်ဦး ဖလှယ်ဖို့ စတဲ့အခွင့်အရေးတွေ ရရှိလာပါတယ်။

တစ်နည်းအားဖြင့် ကမ္ဘာ့အကြောအဆစ်ကုပညာအဖွဲ့ (World Confederation for Physical Therapy)ရဲ့ အဖွဲ့ဝင်ဖြစ်ခြင်းဟာ Myanmar Physiotherapy Association မြန်မာ့အကြောအဆစ်ကုပညာအသင်းရဲ့ သမိုင်းတစ်ခေတ် ပြောင်းလဲလာဖို့ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ။

# “စန်းမောင်မြင့် ဒါနဥပပါရမီသွေးလှူကုသိုလ်ဖောင်ဒေးရှင်း” (၂၁)ကြိမ်မြောက် စုပေါင်းသွေးလှူပွဲပြုလုပ်မည်

**ရန်ကုန် စက်တင်ဘာ ၉**

“စန်းမောင်မြင့် ဒါနဥပပါရမီသွေးလှူကုသိုလ်ဖောင်ဒေးရှင်း”က ကြီးမှူးပြုလုပ်မည့် (၂၁)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ရန်ကုန်ဆေးရုံကြီးဝင်းထောင့်ရှိ အမျိုးသားသွေးဌာန (အမျိုးသားသွေးလှူဘဏ်) ၌ ၂၀၁၉ စက်တင်ဘာ ၂၂ ရက် တနင်္ဂနွေနေ့ နံနက် ၈ နာရီမှ ၁၁ နာရီခွဲအထိ ပြုလုပ်မည်ဖြစ်ပါသဖြင့် မည်သူမဆို ကြွရောက်သွေးလှူဒါန်းနိုင်ပါကြောင်းနှင့် သွေးလှူရှင်များအား သွေးလှူဘဏ်မှ ပုံမှန်ကျွေးမွေးထောက်ပံ့မှုများအပြင် “စန်းမောင်မြင့်သွေးလှူကုသိုလ်ဖောင်ဒေးရှင်း”မှ အမှတ်တရလက်ဆောင် (ကြက်ဥ ၁၀ လုံး၊ UV ကာကွယ် ၁၆ ကိုင်းထီးအကြီးနှင့် ချစ်စဖွယ်ထမင်းချိုင့်) တို့ဖြင့် ပံ့ပိုးဂုဏ်ပြုမည်ဖြစ်ပြီး သွေးလှူဒါန်းမည့် ပုဂ္ဂိုလ်များအနေဖြင့် “စန်းမောင်မြင့်သွေးလှူကုသိုလ်ဖောင်ဒေးရှင်း” ၀၉-၄၄၉၂၅၃၇၆၇၊ ၀၉ ၆၉ ၅၁ ၃၅၅ ၁၅ ဖုန်းနံပါတ်များသို့ စက်တင်ဘာ ၂၀ ရက်နောက်ဆုံးထား၍ စာရင်းပေးသွင်းပါရန် မေတ္တာရပ်ခံထားကြောင်း သတင်းရှိသည်။ **သတင်းစဉ်**



❖ ကျောဖုံးမှ

ကစားသမား ၁၃၇ ဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး မြန်မာကြက်တောင်ရိုက်အဖွဲ့မှာမူ ၁၃ ဦးဖြင့် ယှဉ်ပြိုင်မည်ဖြစ်သည်။ ပြိုင်ပွဲဝင်မည့် မြန်မာကြက်တောင်အသင်းတွင် အမျိုးသား-ချမ်းဝင်းဦး၊ အောင်မျိုးထူး၊ ဟိန်းစည်သူတိုး၊ မင်းထက်ကောင်း၊ ဘုန်းပြည့်နိုင်၊ သူရိန်၊ ဇော်လင်းထူး၊ အမျိုးသမီး သက်ထားသူဇာ၊ ခိုင်သဉ္ဇာ၊ တွယ်တာဦး၊ သင်းသင်းစံ၊ ရီရီလွင်နှင့် ဇွန်မျိုးသက်တို့ ပါဝင်သည်။ မြန်မာကြက်တောင်ရိုက်ကစားသမားများသည် ပြိုင်ပွဲအမျိုးအစားငါးမျိုးစလုံးတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ယခုပြိုင်ပွဲတွင် တစ်ဦးချင်းအမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲ၊ နှစ်ယောက်တွဲ အမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲ၊ အမျိုးသား+အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတို့ ပါဝင်မည်ဖြစ်ပြီး International Series ကြက်တောင်ရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုများစွာ ရယူဖူးသည့် သက်ထားသူဇာသည် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ဆီဒင်သတ်မှတ်ချက် (၁) ရရှိထားကာ ၃၂ ဦးအဆင့်မှ စတင်ကစားရမည်ဖြစ်သည်။ ယင်းပြိုင်ပွဲကို စက်တင်ဘာ ၁၅ ရက်အထိ ကျင်းပမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-ဖိုးသော်ဇင်**

❍ မြန်မာအသင်းမှ

**နည်းပြချုပ်** ဦးစိုးမြတ်မင်း၊ **လက်ထောက်နည်းပြ** ဦးမင်းမင်းထွန်း၊ ဦးအောင်လတ်သူ၊ **ဂိုးနည်းပြ**-ဦးစိန်အေး၊ ကစားသမားများအဖြစ် **ဂိုး-နေလင်းထက်**၊ ပြည့်ဖြိုးသူ၊ စောထက်၊ **နောက်တန်း**-သက်ဟိန်းစိုး၊ ဉာဏ်လင်းထက်၊ စည်သူမိုးခန့်၊ ရှင်းသန့်အောင်၊ ဝေယံစိုး၊ စောထော်နေမျိုး၊ ကောင်းခန့်ကျော်(၁)၊ မျိုးကိုကိုလင်း၊ **အလယ်တန်း**-ရဲမင်းကျော်၊ နောင်နောင်စိုး၊ ဇော်ဝင်းသိန်း၊ အောင်ကိုဦး၊ ရန်ကျော်စိုး၊ ပြည့်ဖြိုးအောင်၊ ခွန်ကျော်ဇင်ဟိန်း၊ မိုးဆွေ၊ ဟိန်းထက်အောင်၊ သူရအောင်၊ ရန်နိုင်လင်း၊ **ရှေ့တန်း**-လမင်းထွေး၊ ညီညီ၊ စောကျော်အဲ၊ ဩဘာခ၊ ရဲထက်အောင်၊ ကောင်းဇင်မိုးတို့ ပါဝင်ကြသည်။

ယင်းအသင်းကို **နည်းပြချုပ်အဖြစ်** ဦးစိုးမြတ်မင်းက ဆက်လက်ကိုင်တွယ်မည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-ဘုန်းသော်**

## တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်း တရားရေးဝန်ကြီးအသစ် ခန့်အပ်



**ဆိုးလ် စက်တင်ဘာ ၉**

တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်းက အကျင့်ပျက်ခြစားမှုစွပ်စွဲချက်များနှင့် ရင်ဆိုင်နေရသည့် ၎င်း၏မိတ်ဆွေ ချိုကတ်ခ်အား တရားရေးဝန်ကြီးအဖြစ် ခန့်အပ်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ချိုကတ်ခ်အား တရားရေးဝန်ကြီးအဖြစ် ခန့်အပ်မှုကို စက်တင်ဘာ ၉ ရက်တွင် သမ္မတရုံးက ထုတ်ပြန်ကြေညာခဲ့သည်။

ချိုကတ်ခ်က ၎င်းအား စွပ်စွဲမှုများကို ငြင်းပယ်ခဲ့ပြီး သုံးရက်အကြာတွင် တရားရေးဝန်ကြီးအဖြစ် ခန့်အပ်ခံရခြင်းဖြစ်သည်။ တရားရေးဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသူ ချိုကတ်ခ်၏ သမီးအား အထက်တန်းလွှာလူတန်းစားများ တက်ရောက်ကြသော တက္ကသိုလ်သို့ အထူးအခွင့်အရေးဖြင့် တက်ရောက်နိုင်ခြင်း၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းတစ်ခုတွင် သံသယရှိဖွယ်ကောင်းလောက်အောင် ရင်းနှီးမြှုပ်နှံမှုများပြားခြင်းတို့အပါအဝင် အခြားသော အကျင့်ပျက်မှုစွပ်စွဲချက်များကို အမျိုးသားလွှတ်တော်တွင် ၁၄ နာရီကြာ ကြားနာစစ်ဆေးခဲ့ရာ ချိုကတ်ခ်က ငြင်းပယ်ခဲ့သည်။

ချိုကတ်ခ်သည် သူ့အား ပေးအပ်ထားသော တာဝန်ဝတ္တရားများကို ကျေပွန်စွာ ထမ်းရွက်နိုင်မည်ဟု သမ္မတ မွန်ဂျေအင်းက ယုံကြည်ထားကြောင်း နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ဆိုသည်။

စက်တင်ဘာ ၉ ရက်တွင် ဥပဒေပြုအမတ်များက ချိုကတ်ခ်အားစွပ်စွဲမှုများနှင့်ပတ်သက်သည့် ကိစ္စရပ်များတွင် ပါဝင်ခဲ့သော ကုမ္ပဏီတာဝန်ရှိသူနှစ်ဦးအား ဖမ်းဝရမ်းထုတ်ရန် တောင်းဆိုခဲ့သည်။

ယင်းတာဝန်ရှိသူများအနက် တစ်ဦးသည် ချိုကတ်ခ်မိသားစုပိုင် လုပ်ငန်းတစ်ခုကို ဦးစီးဆောင်ရွက်ရသူဖြစ်သည်။ ကျန်တစ်ဦးမှာ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းတစ်ခုတွင် ဝင်ရောက်လုပ်ကိုင်နေသူဖြစ်သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အောင်ကျော်ကျော်**

## ဗြိတိန်ပါလီမန်အား ရက်သတ္တငါးပတ်ကြာမျှ ရပ်နားမည်

**လန်ဒန် စက်တင်ဘာ ၉**

ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်အား ထောက်ခံသောအမတ်များ အရေးနိမ့်ခဲ့ပြီးနောက် ဗြိတိန်ပါလီမန်ကို ရက်သတ္တငါးပတ်ကြာမျှ ရပ်နားမည်ဖြစ်ကြောင်း သိရသည်။

ဘောရစ်ဂျွန်ဆင်အနေဖြင့် ဘရီးဇစ်ဆိုင်ရာနည်းဗျူဟာကို ကယ်တင်ရန် ကြိုးပမ်းရာတွင် ယခုကဲ့သို့ ပြင်းထန်သော ပြိုင်ဆိုင်မှုများ ဖြစ်ပွားလာခြင်းဖြစ်သည်။ ဂျွန်ဆင်၏ လာမည့်လတွင် ကြားဖြတ်ရွေးကောက်ပွဲကျင်းပမည့် အစီအစဉ်ကို အခြားလွှတ်တော်အမတ်များက ကန့်ကွက်မဲပေးရာမှ ယခုကဲ့သို့ ပါလီမန်ရပ်နားမည့် အစီအစဉ် ပေါ်ပေါက်လာရခြင်းဖြစ်သည်။

ပါလီမန်ကို ယနေ့မှစပြီး ရပ်နားမည်ဖြစ်ကြောင်းနှင့် ယခုပါလီမန်ရပ်နားမှုနှင့် အောက်တိုဘာ ၁၅ ရက် ရွေးကောက်ပွဲ၏ မဲရလဒ်မည်သို့မျှ မသက်ဆိုင်ကြောင်း ဂျွန်ဆင်၏ပြောခွင့်ရသူက ပြောကြားသည်။ ၎င်းအနေဖြင့် အောက်တိုဘာ ၃၁ ရက်တွင် အင်္ဂလန်အား ဥရောပသမဂ္ဂမှ နုတ်ထွက်ရေးအတွက် သဘောတူညီချက်ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ရှေ့တိုးဆောင်ရွက်သွားရန် ရှိနေသည်။

**ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်-စိုးသူရ**

## အီရန်က ဖမ်းဆီးထားသည့် ဗြိတိန်ရေနံတင်သင်္ဘောကို ပြန်လွှတ်ပေးဖွယ်ရှိ

**တီဟီရန် စက်တင်ဘာ ၉**

အီရန်နိုင်ငံက ဖမ်းဆီးထားသည့် ဗြိတိန်ရေနံတင်သင်္ဘောကို မကြာမီအချိန်အတွင်း ပြန်လွှတ်ပေးဖွယ်ရှိကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

ဖမ်းဆီးထားသည့်ဗြိတိန်ရေနံတင်သင်္ဘောကို ပြန်လွှတ်ပေးရန် လိုအပ်သော လုပ်ငန်းစဉ်များကို လုပ်ဆောင်နေပြီး ဥပဒေပိုင်းဆိုင်ရာအဆင့်များ ပြီးဆုံးတော့မည်ဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူ အသတ်စ်မိုဆာဗီက နိုင်ငံပိုင်သတင်းဌာနသို့ စက်တင်ဘာ ၈ ရက်တွင် ပြောကြားခဲ့သည်။

ယင်းဗြိတိန်ရေနံတင်သင်္ဘောကို အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့ (အိုင်အာရ်ဂျီစီ)က နိုင်ငံတကာ ရေကြောင်းဆိုင်ရာ စည်းမျဉ်းကို ချိုးဖောက်သည်ဟူသော စွပ်စွဲချက်ဖြင့် ဇူလိုင်လအတွင်း၌ ဟော်မုဇ်ရေလက်ကြားတွင် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

ယခုနှစ် ဇူလိုင်လအစောပိုင်းတွင် ဗြိတိန်နိုင်ငံ၏ ပိုင်နက်နယ်မြေတစ်ခုဖြစ်သည့် ဂျီဘရော်တာ အာဏာပိုင်များက အီရန်ရေနံတင်သင်္ဘောတစ်စင်းကို ဖမ်းဆီးမှုများ ပြုလုပ်ခဲ့ကြပြီး တစ်လကျော်ကြာအထိ ထိန်းသိမ်းထားခဲ့ကြသည်။ ဂျီဘရော်တာ အာဏာပိုင်များက ၎င်းတို့ ဖမ်းဆီးထားသည့် အီရန်ရေနံတင်သင်္ဘောကို လွန်ခဲ့သည့်လအတွင်းက ပြန်လွှတ်ပေးခဲ့သည်။

အမေရိကန်ပြည်ထောင်စု၏ ဒဏ်ခတ်ပိတ်ဆို့မှုများနှင့် ရင်ဆိုင်နေရသည့် အီရန်နိုင်ငံသည် ပြင်သစ်နှင့် အခြားသောနိုင်ငံများမှ စီးပွားရေးဆိုင်ရာ အထောက်အပံ့များရရှိရေးအတွက် မကြာသေးမီလများအတွင်းက ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-ဇော်ဝင်း**




## ဘိုကီနာဖာဆိုတွင် အကြမ်းဖက်တိုက်ခိုက်မှုနှစ်ကြိမ်ဖြစ်ပွား လူ ၂၉ ဦးထက်မနည်း သေဆုံး

**အူအာဂါဒိုဂူ စက်တင်ဘာ ၉**

ဘိုကီနာဖာဆိုနိုင်ငံ မြောက်ပိုင်းဒေသတွင် စက်တင်ဘာ ၈ ရက်က အကြမ်းဖက်တိုက်ခိုက်မှုနှစ်ကြိမ် ဖြစ်ပွားခဲ့ခြင်းကြောင့် အရပ်သား ၂၉ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ဘိုကီနာဖာဆိုအစိုးရက ထုတ်ပြန်သည့် ကြေညာချက်အရ သိရသည်ဟု ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

နိုင်ငံမြောက်ပိုင်း ဆန်မာတင်ဂါပြည်နယ်တွင် လူများ စီးနင်းလိုက်ပါလာသည့် ကုန်တင်ယာဉ်တစ်စီး ဗုံးထိမှန်ပေါက်ကွဲမှုကြောင့် အရပ်သား ၁၅ ဦး သေဆုံးပြီး အခြားခြောက်ဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း ယင်းကြေညာချက်တွင် ဖော်ပြသည်။

နိုင်ငံမြောက်ပိုင်းရှိ အဓိကလမ်းမဒါးလ်ဘို-ကာလ်ဘိုလမ်းမတွင် မောင်းနှင်သွားနေသည့် ကုန်တင်ယာဉ် ယာဉ်တန်းကို တိုက်ခိုက်မှုတစ်ခုဖြစ်ပွားခဲ့ရာ အရပ်သား ၁၄ ဦး သေဆုံးခဲ့သည်။

ဘိုကီနာဖာဆိုနိုင်ငံတွင် ၂၀၁၅ ခုနှစ်ကတည်းက အကြမ်းဖက်တိုက်ခိုက်မှုများ စတင်ဖြစ်ပွားခဲ့ပြီး ယင်းတိုက်ခိုက်မှုများကြောင့် အရပ်သား ၅၀၀ ကျော် သေဆုံးခဲ့ပြီး ပြည်သူ ၂၈၀၀၀၀ တို့မှာ နေအိမ်များမှ စွန့်ခွာပြောင်းရွှေ့ခဲ့ရသည်။

စက်တင်ဘာ ၅ ရက်ကလည်း နိုင်ငံမြောက်ပိုင်းရှိ ဆိုအမ်ပြည်နယ်တွင် အစိုးရတပ်ဖွဲ့များ ကင်းလှည့်နေစဉ် သေနတ်သမားများက ချုံခိုတိုက်ခိုက်ခဲ့ရာ ခြောက်ဦးသေဆုံးခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-ဇော်ဝင်း**

## ဗြိတိန်၊ အမေရိကန်နှင့် အိုမန်လေတပ်များစစ်ရေးလေ့ကျင့်မှု ပြုလုပ်



**မတ်စ်ကတ် စက်တင်ဘာ ၉**

အိုမန်တပ်မတော်သည် ကော်ဇောပျံဟု အမည်ပေးထားသော စစ်ရေးလေ့ကျင့်မှုကိုနိုင်ငံ၏ တောင်ဘက် ဒိုဖာပြည်နယ်တွင် စက်တင်ဘာ ၈ ရက်က စတင်ခဲ့ကြောင်း အိုမန်အစိုးရ၏ တရားဝင်ထုတ်ပြန်ချက်အရ သိရသည်။

အိုမန်တော်ဝင်လေတပ်သည် ဗြိတိန်တော်ဝင်လေတပ်နှင့် အမေရိကန်လေတပ်မှ တိုက်လေယာဉ်များနှင့်အတူ စက်တင်ဘာ ၁၉ ရက်အထိ ကြာမြင့်မည့် အဆိုပါစစ်ရေးလေ့ကျင့်မှုကို နိုင်ငံ၏ တောင်ဘက်တွင်တည်ရှိသော သမ်ရိတ်သ်လေတပ်အခြေစိုက်စခန်း၌ ပြုလုပ်လျက်ရှိသည်။

အဆိုပါစစ်ရေးလေ့ကျင့်မှုဖြစ်မြောက်ရေးအတွက် အိုမန်ဘုရင့်ရေတပ်နှင့် အထူးတပ်ဖွဲ့က ပံ့ပိုးပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အိုမန်၊ ဗြိတိန်နှင့် အမေရိကန်ပြည်ထောင်စုတို့သည် အဆိုပါစစ်ရေးလေ့ကျင့်မှုကို ၎င်းတို့၏ မူဘောင်နှင့်အညီ ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး လေကြောင်းစစ်ဆင်ရေးဆိုင်ရာပူးတွဲလေ့ကျင့်မှု ပြုလုပ်ရန်နှင့် လေကြောင်းစစ်ဆင်ရေးနယ်ပယ်များ၌ အမြင်ချင်းဖလှယ်ကြရန် ရည်ရွယ်ပြီး ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ယင်းစစ်ရေးလေ့ကျင့်မှုသည် အိုမန်တော်ဝင်လေတပ်က ၎င်း၏ပုံမှန်စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်နေစဉ်အတွင်း ဖြစ်ပေါ်လာခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ**

# လေယာဉ်မှူးများ၏ဆန္ဒပြမှုကြောင့် လေကြောင်းခရီးစဉ်အားလုံးနီးပါး ဖျက်သိမ်းခဲ့ရဟု ဗြိတိန်လေကြောင်းလိုင်း ပြော

**လန်ဒန် စက်တင်ဘာ ၉**

လေယာဉ်မှူးများ၏ဆန္ဒပြမှု ပထမနေ့တွင် ယူကေရှိ လေဆိပ်များမှပျံသန်းမည့် လေကြောင်းခရီးစဉ်အားလုံးနီးပါးကို ဖျက်သိမ်းခဲ့ရကြောင်း ဗြိတိန်လေကြောင်းလိုင်းက ယနေ့ ပြောကြားလိုက်သည်။

လစာငွေအငြင်းပွားမှုဖြေရှင်းရန် လပေါင်းများစွာ ကြိုးပမ်းပြီးနောက် ယခုအခြေအနေဖြစ်လာသည့်အတွက် အလွန်ပင်စိတ်မကောင်းဖြစ်မိပါကြောင်း ဗြိတိန်လေကြောင်းလိုင်းက ထုတ်ပြန်ချက်တစ်ခုအတွင်း ပြောကြားသည်။ ဗြိတိန် လေယာဉ်မှူးများအသင်းနှင့် ဆွေးနွေးမှုများ ပြန်လည်စတင်ရန် ဆန္ဒရှိနေဆဲဖြစ်ကြောင်း ဗြိတိန်လေကြောင်းလိုင်းက ဆိုသည်။ လေယာဉ်မှူး မည်ရွေ့မည်မျှ ဆန္ဒပြမည်၊ မည်မျှ အလုပ်လုပ်မည် သို့မဟုတ် မည်သည့်လေယာဉ်က ပျံသန်းရန် အရည်အသွေးပြည့်မီသည် မသိရသော်လည်း လေကြောင်းခရီးစဉ် ၁၀၀ ရာခိုင်နှုန်းနီးပါးကို ဖျက်သိမ်းခဲ့ရသည်။ ဗြိတိန်လေကြောင်းလိုင်းရှိ လေယာဉ်မှူး ၄၃၀၀ မှာ လစာငွေကိစ္စနှင့်ပတ်သက်၍ ကိုးလကြာ အငြင်းပွားနေကြသည်။ လေယာဉ်မှူးများက ဆက်လက်ဆန္ဒဖော်ထုတ်မည်ဖြစ်ပြီး စက်တင်ဘာ ၂၇ ရက်တွင် နောက်တစ်ကြိမ် ဆန္ဒပြရန် ခြိမ်းခြောက်လျက်ရှိသည်။

ဇူလိုင်လအတွင်း လေကြောင်းလိုင်းက အဆိုပြုခဲ့သည့် သုံးနှစ်အတွက် လစာငွေ ၁၁ ဒသမ ၅ ရာခိုင်နှုန်း တိုးမြှင့်ပေးရန် ဗြိတိန်လေယာဉ်မှူးများအသင်းက ပယ်ချခဲ့သည်။ အဆိုပြုမှုအရ လေယာဉ်မှူးများမှာ ကမ္ဘာ့အဆင့် လစာငွေရရှိမည်ဖြစ်ပြီး တစ်နှစ်လျှင် ပေါင် ၂၀၀၀၀၀ ဝန်းကျင်ရရှိမည်ဟု ဗြိတိန်လေကြောင်းလိုင်းက ပြောသည်။ လေကြောင်းလိုင်း အလုပ်သမားများ၏ ၉၀ ရာခိုင်နှုန်းကို ကိုယ်စားပြုသော အခြားသမဂ္ဂနှစ်ခုက လစာငွေ ၁၁ ဒသမ ၅ ရာခိုင်နှုန်းတိုးမြှင့်မှုကို လက်ခံခဲ့သည်။ တွဲဖက်လေယာဉ်မှူးများ၏ ပျမ်းမျှလစာမှာ တစ်နှစ်လျှင် ပေါင် ၇၀၀၀၀ ဝန်းကျင်သာရှိကြောင်း သိရသည်။

**ကိုးကား-အေအက်ဖ်ပီ**

**ဘာသာပြန်-ကျော်ထိုက်စိုး**







# ဂျော်ဂျီယာပြည်နယ်ကမ်းလွန်၌ ကုန်တင်သင်္ဘောတိမ်းမှောက်၊ လူလေးဦး ပျောက်ဆုံးနေ

**ဝါရှင်တန် စက်တင်ဘာ ၉**

ယမန်နေ့က ဂျော်ဂျီယာပြည်နယ်ကမ်းလွန်၌ မော်တော်ကားအစီး ၄၀၀၀ တင်ဆောင်လာသော ကုန်တင်သင်္ဘောတစ်စင်း တိမ်းမှောက်ပြီးနောက် ပျောက်ဆုံးခဲ့သူ လူလေးဦးကို အမေရိကန် ကမ်းခြေစောင့်တပ်ဖွဲ့က ရှာဖွေလျက်ရှိသည်။

ကုန်တင်သင်္ဘောပေါ်မှ လူ ၂၀ ကို ကယ်တင်ခဲ့ပြီး သင်္ဘောအမှုထမ်းအများစုမှာ ဖိလစ်ပိုင်နှင့် တောင်ကိုရီးယားနိုင်ငံသားများဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ အဆိုပါ ကုန်တင်သင်္ဘောမှာ တောင်ကိုရီးယား မော်တော်ကားကုမ္ပဏီ Hyundai Motor လုပ် မော်တော်ယာဉ်များ သယ်ဆောင်လာခြင်းဖြစ်သည်။ မီးလောင်ကျွမ်းမှုက ကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်မှုများကို အဟန့်အတားဖြစ်စေလျက်ရှိသည်။ မီတာ ၂၀၀ အရှည်ရှိ ယင်းကုန်တင်သင်္ဘောမှ မီးခိုးများထွက်ရှိနေပုံကို ရုပ်သံဖိုင်က ပြသနေသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-ကျော်ထိုက်စိုး**

# ဟစ်ဇ်ဘိုလာအုပ်စုက အစ္စရေးဒရုန်းလေယာဉ်တစ်စင်းကို ပစ်ချ

**ဘေရွတ် စက်တင်ဘာ ၉**

လက်ဘနွန်နိုင်ငံတောင်ပိုင်း အစ္စရေးနယ်စပ်အနီးတွင် တည်ရှိသော ရာမီယမြို့၏အပြင်ဘက်တွင် ဟစ်ဇ်ဘိုလာတိုက်ခိုက်ရေးသမားများက အစ္စရေးပိုင် မောင်းသူမဲ့ဒရုန်းလေယာဉ်တစ်စင်းကို ယနေ့ ပစ်ချလိုက်သည်ဟု ဟစ်ဇ်ဘိုလာအုပ်စုက ကြေညာသည်။

ယခုအခါ အဆိုပါ ဒရုန်းလေယာဉ်သည် ဟစ်ဇ်ဘိုလာတိုက်ခိုက်ရေးသမားများ၏ လက်ဝယ်သို့ ရောက်ရှိခဲ့ကြောင်း ဟစ်ဇ်ဘိုလာအုပ်စုက ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

အစ္စရေးကာကွယ်ရေးတပ်ဖွဲ့က ပြီးခဲ့သည့် ဩဂုတ် ၂၄ ရက်တွင် ဆီးရီးယားနိုင်ငံအတွင်း လေကြောင်းတိုက်ခိုက်မှုအများအပြား လုပ်ဆောင်ခဲ့ပြီး ဟစ်ဇ်ဘိုလာတိုက်ခိုက်ရေးသမား နှစ်ဦးအသက်ဆုံးရှုံးခဲ့ပြီးနောက် လက်ဘနွန်နှင့် အစ္စရေးနိုင်ငံတို့အကြား တင်းမာမှုအရှိန် မြင့်မားလာခဲ့သည်။

ထို့အပြင် အစ္စရေးနိုင်ငံသည် လက်ဘနွန်နိုင်ငံ၏မြို့တော် ဘေရွတ်မြို့ တောင်ဘက် ဆင်ခြေဖုံးအရပ်တွင် ဩဂုတ် ၂၅ ရက်က မောင်းသူမဲ့ဒရုန်းလေယာဉ် နှစ်စင်းဖြင့် တိုက်ခိုက်မှုပြုလုပ်ခဲ့ရာ နှစ်ဖက်အကြားတင်းမာမှုသည် ပို၍ဆိုးရွားလာခဲ့သည်။

ယင်းဖြစ်စဉ်နှစ်ခုနှင့်ပတ်သက်၍ ဟစ်ဇ်ဘိုလာအုပ်စုက လက်တုံ့ပြန်သည့်အနေဖြင့် သီတင်းပတ်တစ်ပတ်ခန့်အကြာတွင် အစ္စရေးနိုင်ငံမြောက်ပိုင်း အာဗီဗိမ်မြို့၌ အစ္စရေးစစ်ဘက်ယာဉ်တစ်စင်းကို တိုက်ခိုက်ပြီး ဖျက်ဆီးခဲ့သည်။

တစ်ဆက်တည်းမှာပင် ဟစ်ဇ်ဘိုလာခေါင်းဆောင် ဟာဆန်နာစရာလာက လက်ဘနွန်လေပိုင်နက်ထဲ ကျူးကျော်ဝင်ရောက်လာသည့် အစ္စရေး၏ မောင်းသူမဲ့ဒရုန်းလေယာဉ်ဟူသမျှကို ဟစ်ဇ်ဘိုလာတိုက်ခိုက်ရေးသမားများက ပစ်ချမည်ဟု သတိပေးလိုက်သည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-ဂျေတီ**

# တရုတ်အထက်တန်းကျောင်းအုပ် စံပြပုဂ္ဂိုလ်အဖြစ် ဂုဏ်ပြုခံရ

**ပေကျင်း စက်တင်ဘာ ၉**




တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ ပြန်ကြားရေးဌာနသည် အထက်တန်းကျောင်းအုပ် ချန်လီကွမ်အား စံပြပုဂ္ဂိုလ်အဖြစ် ဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်း သိရသည်။ အတွေ့အကြုံ ကြွယ်ဝသည့် ကျောင်းဆရာ ချန်သည် တရုတ်နိုင်ငံ အရှေ့ပိုင်း ကျယ်ကျန်းပြည်နယ်ရှိ အထက်တန်းကျောင်းများတွင် ကျောင်းအုပ်အဖြစ် အလုပ်လုပ်ခဲ့သည်။

၂၀၁၆ ခုနှစ်တွင် အငြိမ်းစားယူပြီးနောက် ပုဂ္ဂလိကကျောင်းများက မြင့်မားသည့်လစာဖြင့် အလုပ်ကမ်းလှမ်းမှုများကို ငြင်းပယ်၍ တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ကွေ့ကျိုးပြည်နယ်ရှိ ဆင်းရဲမွဲတေမှု ဖိစီးနှိပ်စက်ခြင်းခံရသည့် ဒေသရှိ အထက်တန်းကျောင်းတစ်ကျောင်းတွင် စေတနာ့ဝန်ထမ်းအလုပ်လုပ်ကိုင်ရန် သွားရောက်ခဲ့သည်။

လွန်ခဲ့သည့်သုံးနှစ်ကျော်အတွင်း ချန်သည် အရည်အသွေးမြင့်မားသည့် ကျောင်းဆရာများကို မွေးထုတ်ပေးခြင်းဖြင့် ထိုကျောင်း၏ ပညာရေးအရည်အသွေးကို တိုးတက်စေခဲ့သည်။ ထိုဒေသတွင် တာဝန်ထမ်းဆောင်စဉ်အတွင်း ချန်သည် ကျောင်းသားများ၏ မိသားစုဝင်များထံသို့ လည်ပတ်၍ ဆင်းရဲနွမ်းပါးသည့် တိုင်းရင်းသား အိမ်ထောင်စု ၁၀၀ ကျော်ကို ငွေကြေး ထောက်ပံ့ကူညီခဲ့သည်။

ချန်၏ လုပ်ဆောင်ချက်များသည် တရုတ်နိုင်ငံအတွင်းရှိ ဖွံ့ဖြိုးမှုနည်းပါးသည့်ဒေသများ၏ ပညာရေးတိုးတက်ရေးကိစ္စများတွင် ပါဝင်လုပ်ဆောင်ရန် အခြားသူများကို စေ့ဆော်နိုင်ခဲ့သည်။ အလုပ်၌ အာရုံစူးစိုက် လုပ်ဆောင်မှုကြောင့် ချန်သည် ပညာရေးပြုပြင်ပြောင်းလဲမှုနှင့် ဆန်းသစ်တီထွင်မှုတွင် ထူးချွန်သည့်ကျောင်းအုပ်ဆုရရှိခဲ့ပြီး ၂၀၁၈ ခုနှစ်အတွင်း ပညာရေးကဏ္ဍမှ ထိပ်တန်းပုဂ္ဂိုလ် ၁၀ ဦးစာရင်းဝင်အဖြစ် သတ်မှတ်ဂုဏ်ပြုခြင်းခံခဲ့ရကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-အောင်ဇော်လင်း**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ တရားမဝင်သစ် ၆၄ တန်ကျော် သိမ်းဆည်းရမိ



**နေပြည်တော် စက်တင်ဘာ ၉**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှု သတင်းပို့စနစ်အပြင် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် သစ်တောဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၅ ရက်မှ ၆ ရက်အထိ စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် စပါးပုံတောင်မြောက်ဘက် ရွှေထိုးချောင်းနေရာမှ ကျွန်းသစ်ခွဲသား အရွယ်အစားစုံနှင့် လုံးပတ်သုံးပေအောက် ကျွန်းသစ် ၁၂ ဒသမ ၁၈၅၂ တန်၊ အင်ဂျင် တစ်လုံး၊ လွှဝိုင်း တစ်ဝိုင်းနှင့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။

ထို့ပြင် မုံရွာခရိုင် မုံရွာမြို့နယ်နှင့် ဆားလင်းကြီးမြို့နယ်တို့ရှိ ကျွန်းရွာသစ်ကျေးရွာ အနောက်ဘက် ချင်းတွင်းမြစ်အတွင်းမှ ကျွန်း၊ နဘဲ၊ ရေတမာ၊ ဘိုင်သစ်၊ မျောက်ငိုသစ် စုစုပေါင်း ၄၁ ဒသမ ၇၆၂၀ တန်နှင့် မုံရွာမြို့ ယင်းမာပင်ခရိုင် ပုလဲမြို့နယ် ပုလဲ-ဂန့်ဂေါကားလမ်း စုပေါင်းစစ်ဆေးရေးစခန်းအနီး၌ ခြောက်ဘီးယာဉ်ပေါ်မှ ပိတောက်နှင့် ပျဉ်းကတိုးခွဲသား စုစုပေါင်း ၁၀ ဒသမ ၉၁၅၄ တန်ကို သိမ်းဆည်းရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူများနှင့် ဆက်စပ်သူများကို စုံစမ်းရှာဖွေဖော်ထုတ်၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**မောင်လူမော်**

# အမြန်လမ်းမကြီးတွင် ခရီးသည်တင် ယာဉ်တစ်စီး တိမ်းမှောက် သုံးဦး သေဆုံး

**နေပြည်တော် စက်တင်ဘာ ၉**

နေပြည်တော်-ရန်ကုန် အမြန်လမ်းပိုင်း မိုင်တိုင် (၁၆/၆) နှင့် (၁၆/၇)ကြားတွင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်နေ ဦးတင်ထွန်းဦး မောင်းနှင်လာသည့် ခရီးသည်တင်ယာဉ်သည် ယနေ့ နံနက် ၃ နာရီက အရှိန်မထိန်းနိုင်ဘဲ အမြန်လမ်း၏ ယာဘက်သို့ တိမ်းမှောက်ခဲ့ရာ ယာဉ်ပေါ်ပါခရီးသည် ၄၅ ဦးအနက် အမျိုးသားနှစ်ဦး၊ အမျိုးသမီးတစ်ဦး သေဆုံးပြီး အမျိုးသား ၁၆ ဦးနှင့် အမျိုးသမီး ၁၂ ဦး ဒဏ်ရာများရရှိခဲ့သည်။

ထို့ကြောင့် အမြန်လမ်းမကြီးရဲတပ်ဖွဲ့ အမှတ်(၃)စခန်းမှ တပ်ဖွဲ့ဝင်များနှင့် အထောက်အကူပြုအဖွဲ့များက ကူညီဆောင်ရွက်ပေးခဲ့သည်။ အဆိုပါဖြစ်စဉ်နေရာနှင့်အနီးတစ်ဝိုက် မိုင်တိုင် (၁၅)မှ (၂၀)အကြား နေရာများတွင် လမ်းပိုင်းဆိုင်ရာ အားနည်းချက်များရှိသည်ဟု ယူဆရသဖြင့် ခရီးသွားပြည်သူများ အန္တရာယ်ကင်းဝေးစေရေး သတ်မှတ်အရှိန်နှုန်းအတိုင်းသာ သတိပြုမောင်းနှင်ကြပါရန် သတိပေးဖော်ပြထားကြောင်း အမြန်လမ်းရဲတပ်ဖွဲ့မှ သိရသည်။

**မောင်လူမော်**

# သာစည်မြို့နယ်ရှိ ရွှေစည်းခုံဘုန်းတော်ကြီးကျောင်းဝင်းအတွင်းမှ ပိဿာချိန် ၁၁၀ ကျော်ရှိ ကြေးခေါင်းလောင်း ပျောက်ဆုံး

**မိတ္ထီလာ စက်တင်ဘာ ၉**

သာစည်မြို့နယ် ချောက်ခွဲကျေးရွာရှိ ရွှေစည်းခုံဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ ချိတ်ဆွဲထားသည့် ကြေးပိဿာချိန် ၁၁၀ ကျော်ရှိ ကြေးခေါင်းလောင်းတစ်လုံး စက်တင်ဘာ ၈ ရက် နံနက် ၈ နာရီက ပျောက်ဆုံးသွားကြောင်း သိရသည်။

သာစည်မြို့နယ် ချောက်ခွဲကျေးရွာရှိ ရွှေစည်းခုံဘုန်းတော်ကြီးကျောင်းမှ ဦးပဥ္စင်း ဦးဝိတ္တရနှင့် ချောက်ခွဲကျေးရွာနေ ဦးသန်းမောင်၊ ဦးသန်းနိုင်တို့က ကျောင်းဝင်းအတွင်း မြောက်ဘက်တွင် တည်ထားကိုးကွယ်ထားရှိသော ရွှေစည်းခုံစေတီတော်အား ဖူးမြော်စဉ် စေတီ၏တောင်ဘက်ထောင့်၌ လွန်ခဲ့သော ၁၇ နှစ်က ချောက်ခွဲကျေးရွာနေ ဒေါ်အေးပု လှူဒါန်းထားသော အမြင့်သုံးပေ၊ အချင်းနှစ်ပေရှိ ကြေးပိဿာချိန် ၁၁၁ ဒသမ ၂၅ ပိဿာရှိ ကြေးခေါင်းလောင်းတစ်လုံး ပျောက်ဆုံးနေကြောင်း ဂေါပကအဖွဲ့ဝင်များအား အကြောင်းကြားသဖြင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုပြီး ဟံဇားရဲစခန်း၌ အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သိန်းမြင့်ကျော် (မိတ္ထီလာ)**

# ကလော၌ ဆေးခြောက်များ သိမ်းဆည်းရမိ

**ကလော စက်တင်ဘာ ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် ရေယားကျေးရွာအနီး ကလော-သာစည်သွားကားလမ်း မိုင်တိုင်(၆၅/၃)အနီးတွင် ယမန်နေ့ ည ၈ နာရီခန့်က ဆေးခြောက်တစ်ထုပ်လျှင် ၁ ဒသမ ၂ ကီလိုခန့်စီပါ အထုပ်ခြောက်ထုပ် စုစုပေါင်း ၇ ဒသမ ၂ ကီလိုခန့် (ခန့်မှန်းကာလတန်ဖိုးငွေကျပ် ၄၆၈၀၀၀ ခန့်) ကို သယ်ဆောင်လာသူနှင့်အတူ သိမ်းဆည်းရမိကြောင်း သိရသည်။



ဖြစ်စဉ်မှာ မူးယစ်တပ်ဖွဲ့စု(၂၅) တောင်ကြီးမှ ရဲအုပ်ရဲထွန်းအောင် ဦးစီး၍ ကလောမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ်ဆန်းလွင် ဦးစီးအဖွဲ့သည် သက်သေများနှင့်အတူ ကလောမြို့နယ် ရေယားကျေးရွာအနီး ကလော-သာစည်သွားကားလမ်း မိုင်တိုင်(၆၅/၃)အနီးတွင် မူးယစ်ဆေးဝါးသတင်းအရ မော်တော်ယာဉ်နှင့် ဆိုင်ကယ်များအား ရှာဖွေစစ်ဆေးမှုပြုလုပ်နေစဉ် ကလောမှ သာစည်သို့ နေလင်းထက် မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာ ဆိုင်ကယ်၏နောက်တွင် တင်ဆောင်လာသော ဆာလာအိတ်အတွင်းမှ ဆေးခြောက်ထုပ်ခြောက်ထုပ် စုစုပေါင်း အလေးချိန် ၇ ဒသမ ၂ ကီလိုခန့်အား ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။

ထို့ကြောင့် ဆေးခြောက်ထုပ်များ သယ်ဆောင်လာသူ နေလင်းထက် ဂျိုးဖြူလမ်း ပေါက်ကုန်းရပ်ကွက် မင်္ဂလာဒုံမြို့နယ် ရန်ကုန်တိုင်းဒေသကြီး နေသူအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း ကလောမြို့မရဲစခန်းမှ သိရသည်။

**ကျော်ဝင်း ( ပြန်/ဆက်)**

# လှည်းကူးတွင် ယာဉ်တိုက်မှုကြောင့် အမျိုးသားတစ်ဦး သေဆုံး

**လှည်းကူး စက်တင်ဘာ ၉**

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် မဟာဗောဓိပင်ဘုန်းကြီးကျောင်းရှေ့တွင် ယမန်နေ့ ညနေ ၅ နာရီခွဲခန့်က ယာဉ်တိုက်မှုကြောင့် စက်ဘီးစီးနင်းသူ အမျိုးသားတစ်ဦး သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယမန်နေ့ ညနေ ၅ နာရီခွဲက ရန်ကုန်-ပဲခူးလမ်းအတိုင်း (လှည်းကူးမှ ပဲခူးသို့) အနောက်မှအရှေ့သို့ ယာဉ်မောင်း သာထူးကျော် မောင်းနှင်လာသောယာဉ်သည် ဒရယ်ဘိုကျေးရွာ ရွာလယ်ကွေ့အလွန် မဟာဗောဓိပင်ဘုန်းကြီးကျောင်းရှေ့အရောက် ၎င်း၏ရှေ့ယာဘက်မှ ဦးရွှေမြ စီးနင်းလာသောစက်ဘီးကို တိုက်မိသဖြင့် ဦးရွှေမြမှာ ဒဏ်ရာများရရှိပြီး အခင်းဖြစ်နေရာတွင် သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မဆင်မခြင်မောင်းနှင်သူ သာထူးကျော်အား လှည်းကူးမြို့မရဲစခန်းက ဥပဒေအရ အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**နိုင်လင်း(လှည်းကူး)**



(၅၅) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သနပ်ပင်မြို့နယ်ရဲတပ်ဖွဲ့မှ ရဲမှူးတင်အောင်၊ သနပ်ပင်မြို့နယ် မြို့မစခန်းမှူး ဒု-ရဲမှူးမြင့်ရွှေတို့ ဦးစီး၍ တပ်ဖွဲ့ဝင်အရာရှိ ရှစ်ဦးနှင့် အခြားအဆင့် ၄၂ ဦးတို့သည် စက်တင်ဘာ ၇ ရက်က မြို့နယ်ပြည်သူ့ဆေးရုံပတ်ဝန်းကျင်ရှိ မြက်ရိုင်းပင်ချုံနွယ်ပိတ်ပေါင်းများကို ရှင်းလင်းဆောင်ရွက်ကြစဉ်။

လှမိုး( ပြန်/ဆက်)

# မြဝတီမြို့၌ မီးလောင်၊ နေအိမ်ငါးလုံး ဆုံးရှုံး



**မြဝတီ စက်တင်ဘာ ၉**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ အမှတ်(၂)ရပ်ကွက် ပုလဲရတနာ (၁) လမ်းရှိ မစိုးစိုးထွေး၏ နေအိမ်တွင် ယနေ့ နံနက် ၁၀ နာရီ မိနစ် ၂၀ ခန့်တွင် မီးပူတိုက်နေစဉ် မီးပလပ်ခုံမှ အပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မီးစတင်လောင်ကျွမ်းသည့် အလျား ၂၇ ပေ၊ အနံ ၁၈ ပေနှင့် အမြင့် ၁၈ ပေရှိ သွပ်မိုး၊ အုတ်ကာ နှစ်ထပ်နေအိမ်တွင် မစိုးစိုးထွေးက နေအိမ်အပေါ်ထပ်၌ အဝတ်စားများအား မီးပူတိုက်နေစဉ် မီးပလပ်ခုံအပူလွန်ကဲရာမှ မီးလောင်ကျွမ်းပြီး နေအိမ် ငါးလုံး မီးကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။

မီးလောင်မှုဖြစ်ပွားရာသို့ မြဝတီခရိုင် မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များက မီးငြှိမ်းသတ်ယာဉ် သုံးစီး၊ ရေသယ်ယာဉ် ငါးစီး၊ ရပ်ကွက်ရေသယ်ယာဉ် သုံးစီးတို့ဖြင့် ဝိုင်းဝန်းငြှိမ်းသတ်ရာ နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် မီးငြှိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# လက်တော့(ပ်)ခိုးသူ အမျိုးသမီးတစ်ဦး ဖော်ထုတ်ဖမ်းဆီးရမိ

**ရန်ကုန် စက်တင်ဘာ ၉**

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်တွင် နေထိုင်သူ နိုင်ငံခြားကျောင်းသူတစ်ဦး၏ လက်တော့(ပ်)အား စက်တင်ဘာ ၂ ရက်က ခိုးယူသွားသော အမျိုးသမီးအား စက်တင်ဘာ ၈ ရက်က ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ ကမာရွတ်မြို့နယ် အမှတ်(၈) ရပ်ကွက် မာလာလမ်းတွင် နေထိုင်သူ နိုင်ငံခြားသူ Ms. Hwamg Som Hee (ခ)မခင်ဝင်းဝါသည် စက်တင်ဘာ ၂ ရက် နံနက် ၈ နာရီခွဲက နေအိမ်မှ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်သို့ သွားရောက်ကျောင်းတက်ခဲ့ပြီး ညနေ ၅ နာရီခွဲခန့်တွင် ကျောင်းဆင်း၍ နေအိမ်သို့ ပြန်လာစဉ် အိမ်တံခါးပွင့်နေပြီး ဧည့်ခန်းစားပွဲပေါ်တွင် ထားရှိခဲ့သည့် ငွေကျပ် ၈၀၀၀၀၀ ကျော်တန်ဖိုးရှိ LG အမျိုးအစား အဖြူရောင်လက်တော့(ပ်)မှာ ပျောက်ဆုံးနေသဖြင့် ကမာရွတ်မြို့မရဲစခန်းသို့ အမှုဖွင့်တိုင်ကြားခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့ရုံးနှင့် ကမာရွတ်မြို့မရဲစခန်းမှ ပူးပေါင်းအဖွဲ့ဝင်များက ဖော်ထုတ်ခဲ့ရာ စက်တင်ဘာ ၈ ရက်တွင် ဆိပ်ကြီးခနောင်တိုမြို့နယ် မြို့သစ်(၂)ရပ်ကွက်တွင် နေထိုင်သူ မခင်စန်းဝေ(ခ) မဘူးသီးအား ဒလမြို့နယ် ဆာပါချောင်း သမ္ဗန်ဆိပ်တွင် သက်သေခံပစ္စည်းနှင့်အတူ ဖမ်းဆီးရမိကြောင်း သိရသည်။

**တင်ဝင်းတင်**

# ငြိမ်းချမ်းသောနယ်မြေဖြစ်၍ ကမ္ဘာ့အမွေအနှစ်အဖြစ်သို့

■ မောင်ဇေ

ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များသည် ခေတ်ကာလအလျောက် ပြောင်းလဲလျက်ရှိသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပထဝီဝင်အချက်အလက် ရေစီးကြောင်းအမျိုးမျိုးအကြားတွင် လူသားမျိုးနွယ်တို့၏ ယဉ်ကျေးမှုအမွေအနှစ်များ ပျောက်ပျက်သွားခြင်း မရှိစေရေး ထိန်းသိမ်းနိုင်ခဲ့ခြင်း၊ ထိန်းသိမ်းရမည်ကိုသိသည့် အတွေးအခေါ် အယူအဆ မြင့်မားခဲ့ခြင်းနှင့် အမှန်တကယ်ချစ်မြတ်နိုးစွာ ထိန်းသိမ်းခဲ့ခြင်းတို့ကြောင့် ယနေ့တိုင် ကိုယ်တိုင်မြင်တွေ့ခွင့်ရပြီး တည်မြဲနေကြခြင်းဖြစ်သည်။ ထိန်းသိမ်းစောင့်ရှောက်ထားသော ယဉ်ကျေးမှုအမွေအနှစ်များ၏ နှစ်ပရိစ္ဆေဒကြာမြင့်မှုနှင့် တွေးခေါ်ယူဆမှု၏ အနုလက်ရာများအလိုက် အမွေအနှစ်၏တန်ဖိုးများမှာလည်း မြင့်မားခဲ့ကြပါသည်။

မြန်မာနိုင်ငံသည် တိုင်းရင်းသားမျိုးနွယ်စုပေါင်းများစွာဖြင့် စုဖွဲ့၍ နှစ်ပေါင်းရှည်ကြာစွာ တည်တံ့လာခဲ့သော နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ လူမျိုးဓလေ့စရိုက်များ စုံလင်လှသော်လည်း နိုင်ငံအနှံ့အပြားတည်ရှိနေသည့် ယဉ်ကျေးမှုအမွေအနှစ်များအပေါ်တွင် တညီတညွတ်တည်း အလေးထားဂရုပြုတန်ဖိုးထားကြလေ့ရှိပါသည်။ မိမိတို့ အမွေအနှစ်တို့သည် ခိုင်မာသော အထောက်အထားများဖြင့် ပြည့်စုံသည့် ထည်ဝါဂုဏ်မြောက်သော ယဉ်ကျေးမှုအမွေအနှစ်များဖြစ်ခြင်းကြောင့်လည်း ကမ္ဘာ့အလယ်တွင် ဂုဏ်ယူဝင့်ကြွားစွာ မျက်နှာပန်းလှနေပါသည်။

**အဆိုပြုဒေသများ**

မြန်မာနိုင်ငံတွင် ကမ္ဘာ့အမွေအနှစ်စာရင်း သတ်မှတ်နိုင်ရေးအတွက် အခြေခံအားဖြင့် ကမ္ဘာ့အဆင့်မီ စံတန်ဖိုးများ (Outstanding Universal Value)ဖြစ်သည့် ခိုင်မာမှု (Integrity)၊ စစ်မှန်မှု (Authenticity) စသည့်အချက်များနှင့် ပြည့်စုံလုံလောက်မှုရှိသည့် ယဉ်ကျေးမှုအမွေအနှစ်ဒေသပေါင်းများစွာအနက်မှ အောက်ပါ အမျိုးသားအဆင့်အမွေအနှစ်နေရာများကို အဆိုပြုအမွေအနှစ်စာရင်း (Tantative List) အဖြစ် ၁၉၉၆ ခုနှစ်တွင် UNESCO သို့ တင်သွင်းခဲ့ကြပါသည် -

(က) မြန်မာနိုင်ငံအထက်ပိုင်းဒေသများမှ ရှေးဟောင်းမြို့များ၊ (အင်းဝ၊ အမရပူရ၊ စစ်ကိုင်း၊ မင်းကွန်း၊ မန္တလေး)
(ခ) ပြဒါးလင်းဂူ၊
(ဂ) ပုဂံရှေးဟောင်းအမွေအနှစ်ဒေသရှိ အဆောက်အုံများ၊
(ဃ) အင်းလေးကန်၊
(င) ပဲခူး၊ ဟံသာဝတီ စသည့် မွန်ရှေးဟောင်းမြို့တော်များ၊
(စ) မြောက်ဦး ယဉ်ကျေးမှုအမွေအနှစ်ဒေသ၊
(ဆ) ဟန်လင်း၊ ဗိဿနိုးနှင့် သရေခေတ္တရာ စသည့် ပျူရှေးဟောင်းမြို့များ၊
(ဇ) အုံတုံ၊ စလေ၊ ပုခန်းကြီး၊ ပုခန်းငယ်၊ လယ်ကိုင်း၊ စကု၊ ရွှေကျောင်း (မန္တလေး) တို့ဖြစ်ပါတယ်။

၂၀၁၈ ခုနှစ်မှာတော့ အဆိုပြု ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ရွှေတိဂုံစေတီတော်နှင့် ပရိုင်းမိတ်ဒေသတွေကို အဆိုပြုဖြည့်စွက် ပေးပို့ထားပါသည်။

**ကမ္ဘာ့အမွေအနှစ်**

အဆိုပြုဒေသ ၁၀ ခုအနက်မှ ဟန်လင်း၊ ဗိဿနိုးနှင့် သရေခေတ္တရာ စသည့် ပျူမြို့ဟောင်း သုံးမြို့ကို ၂၀၁၄ ခုနှစ်တွင်လည်းကောင်း၊ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို ၂၀၁၉ ခုနှစ်တွင်လည်းကောင်း ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်နိုင်ရန် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။ ယခုအခါတွင် မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ် သတ်မှတ်ခံရရေး ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

မြောက်ဦးဒေသအား မြန်မာနိုင်ငံအတွက် တတိယအကြိမ် ကမ္ဘာ့မှတ်တမ်းအမွေအနှစ်ရရှိရန် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့၏ ဦးဆောင်မှုဖြင့် ဆက်စပ်ဝန်ကြီးဌာနများ၊ ပြည်နယ်ဌာနဆိုင်ရာများ၊ အမွေအနှစ်ချစ်မြတ်နိုးကြသူ အဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများ ပူးပေါင်းကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယခုအခါ အဆိုပြုစာတွဲ(မူကြမ်း)ကို UNESCO သို့တင်ပြနိုင်ရေး အချက်အလက်များဖြည့်စွက်ခြင်း၊ ပြင်ဆင်ရေးသားခြင်း၊ မြေပုံအချက်အလက်များ မှန်ကန်ရေးဆောင်ရွက်ခြင်း၊ သမိုင်းအထောက်အထားများ မှန်ကန်စေရေးအတွက် ရက်ရှည် ညှိနှိုင်းဆောင်ရွက်ကြပြီးနောက် အဆိုပြုစာတွဲ(မူကြမ်း) ရေးသားမှု အပြီးသတ်လုနီးပါးဖြစ်ကြောင်း သိရှိရသည်။ ထို့အပြင် ဖော်ပြပါသတ်မှတ်အချိန်ဇယားများအတိုင်းလည်း ဆက်လက်အကောင်အထည်ဖော်သွားကြမည်ဖြစ်ပါသည်။



ထုက္ကန်သိမ်ပုထိုးတော်ကြီး

| စဉ် | သတ်မှတ်အချိန်ကာလ | ဆောင်ရွက်ချက် | မှတ်ချက် |
|---|---|---|---|
| ၁ | ၂၀၁၉ ခုနှစ် စက်တင်ဘာလ | အဆိုပြုစာ(မူကြမ်း) Nomination Dossier (Draft)တင်ပြခြင်း | ပြင်သစ်နိုင်ငံ ပါရီမြို့ UNESCO World Heritage Centre သို့ ပေးပို့ခြင်း |
| ၂ | ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ | အဆိုပြုစာ Nomination Dossier (Complete) တင်ပြခြင်း | ပြင်သစ်နိုင်ငံ ပါရီမြို့ UNESCO World Heritage Centre သို့ ပေးပို့ခြင်း |
| ၃ | ၂၀၂၀ ပြည့်နှစ် ဩဂုတ်လမှ နိုဝင်ဘာလအတွက် | ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ရောက်ရေး အတွက် စစ်ဆေးခံယူခြင်း | ICOMOS အဖွဲ့မှ ကွင်းဆင်း စစ်ဆေးခြင်း |
| ၄ | ၂၀၂၁ ခုနှစ် ဇွန်လ၊ ဇူလိုင်လ | ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ရောက် ရေးအတွက် ဆုံးဖြတ်ချက် ခံယူခြင်း | (၄၄)ကြိမ်မြောက် ကမ္ဘာ့အမွေ အနှစ်ညီလာခံက ဆုံးဖြတ်ခြင်း |

ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်နိုင်ရန်အတွက် ကမ္ဘာလုံးဆိုင်ရာ စံတန်ဖိုးသတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိရန် လိုအပ်ပြီး အောက်ပါသက်သေအထောက်အထားတို့သည် အရေးပါသည့် အဓိကကျသော အကြောင်းအချက်များ ဖြစ်သည် -

(က) ခိုင်မာမှုရှိခြင်း
(ခ) စစ်မှန်မှုရှိခြင်း

**ကမ္ဘာလုံးဆိုင်ရာစံတန်ဖိုးသတ်မှတ်ချက်**

ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေးအတွက် အခြေခံလေ့လာဆန်းစစ်ချက်တစ်ခုမှာ ကမ္ဘာလုံးဆိုင်ရာစံတန်ဖိုး (သို့မဟုတ်) ကမ္ဘာ့အဆင့်မီစံတန်ဖိုးရှိ၊ မရှိ သုံးသပ်ဆုံးဖြတ်ခြင်းဖြစ်ပါသည်။ ကမ္ဘာ့အဆင့်မီစံတန်ဖိုး ဆန်းစစ်ချက်တွင် ခိုင်မာမှုရှိခြင်း၊ စစ်မှန်မှုရှိခြင်းနှင့် စံတန်ဖိုးများနှင့် ကိုက်ညီမှုရှိကြောင်းတို့ကို တိုက်ဆိုင်စိစစ် သတ်မှတ်ဆုံးဖြတ်ကြခြင်း ဖြစ်ပါသည်။

**ခိုင်မာမှုရှိခြင်း**

မြို့ပြစနစ်နှင့် ဖွဲ့တည်ပုံဖြစ်သော အခြေအနေ၊ မြို့ရိုး၊ ကျုံး၊ စပါးကျီ၊ ခံတပ် စသည့် ကြွင်းကျန်ရစ်သော အထောက်အထားများသည် လွန်ခဲ့သော နှစ်ပေါင်းများစွာက တည်ဆောက်ခဲ့သောအနေအထားတို့ကို ကောင်းစွာဖော်ပြနိုင်ပါသည်။ ဗိသုကာလက်ရာနှင့် စာပေမှတ်တမ်းဆိုင်ရာ အထောက်အထားတို့သည်လည်း ခေတ်ကာလသက်တမ်းကို ကောင်းစွာအထောက်အပံ့ပေးနိုင်သကဲ့သို့ နှစ်ပေါင်းများစွာ ရှင်သန်၊ ဖွံ့ဖြိုးတိုးတက်မှုရှိခဲ့ကြောင်းတို့ကို သက်သေပြနိုင်ပါသည်။ သဘာဝပတ်ဝန်းကျင်ကို ကောင်းစွာပြုပြင်ဖန်တီးနိုင်ခဲ့သော လယ်ယာစိုက်ပျိုးမှုလုပ်ငန်းအတွက် အရေးပါသော တူးမြောင်းများ၊ ရေကန်များသည် ယင်းခေတ်ကာလမှသည် ယနေ့တိုင် အသုံးပြုလျက်ရှိသော အထောက်အထားများပင် ဖြစ်ပါသည်။ ကြွင်းကျန်တည်ရှိနေသော အဆောက်အအုံများ၊ ရှေးဟောင်းသုတေသနအထောက်အထားများ၊ တွေ့ရှိသည့် ဝတ္ထုပစ္စည်းများသည် ယဉ်ကျေးမှုတန်ဖိုးနှင့် ဖွံ့ဖြိုးတိုးတက်လာမှုကိုလည်း ကောင်းစွာသက်သေပြနိုင်သည့် ခိုင်မာမှုရှိခြင်း၏ သက်သေများ ဖြစ်ပါသည်။

**စစ်မှန်မှုရှိခြင်း**

ရှေးဟောင်းဘုရားပုထိုး၊ အဆောက်အအုံနှင့် နန်းတော်ရာတို့သည် ရှေးမူလက်ရာမပျက် တည်ရှိနေခြင်း၊ ယနေ့တိုင် လက်ခံကျင့်သုံးလျက်ရှိသည့် ဗုဒ္ဓဘာသာဆိုင်ရာ ဓလေ့ထုံးတမ်းများ၊ လယ်ယာစိုက်ပျိုးမှုနှင့် ကုန်သွယ်မှုဆိုင်ရာ နည်းစနစ်များ၊ ရေအသုံးချမှုစနစ်တို့သည် မူလ၊ သဘာဝကိုအခြေခံ၍ ဆက်လက်အသုံးပြုနေသည့်အနေအထား တွေ့ရှိနေရသလို ယနေ့တိုင် ရှေးခေတ်ဟောင်းယဉ်ကျေးမှုဆိုင်ရာအခင်းအကျင်း (Cultural Lanscape) များစွာတို့ ကြွင်းကျန်တည်ရှိခြင်း စသည့် စစ်မှန်သောအထောက်အထား လက္ခဏာများကိုပြသည့် အမွေအနှစ်တို့၏ စစ်မှန်မှုရှိသည့် သက်သေများပင် ဖြစ်ပါသည်။

**စံတန်ဖိုး**

အထက်ပါအချက်များမှာ မြောက်ဦးဒေသအား ကမ္ဘာ့အမွေအနှစ်ဒေသအဖြစ် သတ်မှတ်နိုင်ရေးအတွက် ကိုက်ညီမှုရှိသည့်အပြင် ကိုက်ညီသည့် စံနှုန်းသတ်မှတ်ချက်များအနက် ပိုမိုထင်ရှားပေါ်လွင်နိုင်မည့် စံသတ်မှတ်ချက်များဖြစ်သည့် ၃ နှင့် ၄ တို့ကို ပြည်တွင်း၊ ပြည်ပ ပညာရှင်များ၊ ဒေသ အမွေအနှစ်ချစ်မြတ်နိုးသူများက ညှိနှိုင်းအစည်းအဝေးများပြုလုပ်ကာ စိစစ်တင်ပြထားခြင်းဖြစ်ပါသည်။

**ဗိသုကာလက်ရာနှင့် စာပေမှတ်တမ်းဆိုင်ရာ အထောက်အထားတို့သည်လည်း ခေတ်ကာလသက်တမ်းကို ကောင်းစွာအထောက်အပံ့ပေးနိုင်သကဲ့သို့ နှစ်ပေါင်းများစွာ ရှင်သန်၊ ဖွံ့ဖြိုးတိုးတက်မှုရှိခဲ့ကြောင်းတို့ကို သက်သေပြနိုင်ပါသည်။ သဘာဝပတ်ဝန်းကျင်ကို ကောင်းစွာပြုပြင်ဖန်တီးနိုင်ခဲ့သော လယ်ယာစိုက်ပျိုးမှုလုပ်ငန်းအတွက် အရေးပါသော တူးမြောင်းများ၊ ရေကန်များသည် ယင်းခေတ်ကာလမှသည် ယနေ့တိုင် အသုံးပြုလျက်ရှိသော အထောက်အထားများပင် ဖြစ်**

စာမျက်နှာ ၁၆ သို့

❂ စာမျက်နှာ ၁၅ မှ

စံတန်ဖိုး(၃) (Testimony) မြောက်ဦးမြို့ဟောင်းသည် ဗုဒ္ဓအခြေပြု မြို့ပြယဉ်ကျေးမှုအဖြစ် သမိုင်းမှတ်တမ်းအထောက်အထားများဖြစ်ပြီး ဗုဒ္ဓဘာသာ၏ ဓမ္မနှင့် သံဃာအဖွဲ့အစည်းကို ခိုင်မာစွာတည်ထောင်နိုင်ခဲ့သည့် အထောက်အထားများစွာရှိနေသကဲ့သို့ ရေအရင်းအမြစ်ကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးချပြီး လယ်ယာစိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခဲ့ခြင်း၊ သဘာဝတောင်တန်းများကိုအသုံးပြု၍ ကာကွယ်ရေးစနစ်များ အသုံးပြုခဲ့ခြင်းနှင့် ဗုဒ္ဓဘာသာ သက်ဝင်ယုံကြည်မှုနှင့်အတူ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ ဆောက်လုပ်လာရာ အုတ်၊ ကျောက်အဆောက်အအုံ ဗိသုကာပညာရပ် ကောင်းစွာဖွံ့ဖြိုးတိုးတက်ခဲ့ခြင်း၊ နိုင်ငံတကာနှင့် ကုန်ကူးသန်းရောင်းဝယ်ခဲ့သည့် အထောက်အထားများ တွေ့ရှိရခြင်းသည် စံတန်ဖိုး(၃)ကို ထောက်ပံ့ပေးနိုင်မည့် အချက်အလက်များဖြစ်ပါမည်။

စံတန်ဖိုး(၄) (Typology) စနစ်ကျ၍ ဖွံ့ဖြိုးတိုးတက်ခဲ့သော မြို့ပြစနစ်နှင့် မြို့ပြအဆောက်အအုံများကို ဖန်တီးတည်ဆောက်နိုင်ခြင်း၊ နည်းပညာဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ရေအရင်းအမြစ်များကို စီမံခန့်ခွဲနိုင်ခြင်း၊ လယ်ယာစိုက်ပျိုးရေး၊ ကျောက်၊ ကြေး၊ သံ၊ အုတ်တို့ကိုအသုံးပြုခြင်း၊ မြို့ပြစနစ်၏အရေးပါသောလက္ခဏာများအဖြစ် မြို့ရိုးနှင့် ကျုံး၊ တူးမြောင်းများ၊ ဘာသာတရားကို အထွတ်အမြတ်ထားမှုနှင့်အတူ ဘာသာရေးဆိုင်ရာအဆောက်အအုံများကို သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေစွာ တင့်တင့်တယ်တယ်ဖြစ်အောင် ဖန်တီးတည်ဆောက်နိုင်ခဲ့ခြင်း၊ ကိုးကွယ်ယုံကြည်မှုအပေါ် စေတနာထက်သန်မှုနှင့် စိတ်ကူးစိတ်သန်းအကြံဉာဏ်များကို ဖန်တီးဖော်ဆောင်နိုင်မှုရှိသည့် အမွေအနှစ်လက္ခဏာပေါင်းများစွာ တွေ့ရှိရခြင်းသည် စံတန်ဖိုး(၄) အထောက်အပံ့များပင်ဖြစ်သည်။

အထက်ပါအချက်များသည် မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသနှင့်ကိုက်ညီမှုရှိနေသည့်အချက်များဖြစ်ပြီး ဒေသနေပြည်သူများ၏ ကမ္ဘာ့အမွေအနှစ်အဖြစ် ရရှိလိုမှုဆန္ဒတို့နှင့် ပေါင်းစပ်ပါက ကမ္ဘာ့အမွေအနှစ်ဖြစ်ရန် ထိုက်တန်မှုရှိကြောင်း ပြသသကဲ့သို့ပင်ဖြစ်ပါသည်။ အမွေအနှစ်အပေါ် တန်ဖိုးထားခြင်း၊ တန်ဖိုးသိခြင်းသည် မိမိတို့ဒေသအပါအဝင် မိမိတို့နိုင်ငံ၏ ဂုဏ်သိက္ခာကို မြှင့်တင်ခြင်းတစ်မျိုးဖြစ်ပေမည်။

**ငြိမ်းချမ်းရေးနှင့် အမွေအနှစ်**

လတ်တလော ပဋိပက္ခဖြစ်စဉ်ကြောင့် ကမ္ဘာ့အမွေအနှစ်ဖြစ်ရေးလုပ်ငန်းစဉ်အပေါ် သက်ရောက်မှုရှိသည့်အပြင် ရှေးဟောင်းအမွေအနှစ်များ ထိခိုက်နိုင်မှုကို စိုးရိမ်ကြသည်မှာ ဒေသခံများသာမကဘဲ တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံးပင်ဖြစ်ပါသည်။ ယခင် ယဉ်ကျေးမှုအမွေအနှစ်များနှင့် သဘာဝကပေးသည့် သဘာဝအမွေအနှစ်များကြားတွင် ငြိမ်းချမ်းပျော်မွေ့ဖွယ် ရှင်သန်လာခဲ့ကြပြီး အမွေအနှစ်ကို ချစ်ခင်မြတ်နိုး၍ လာရောက်လည်ပတ်သူများဖြင့် စည်ကားသိုက်ဝန်းခဲ့သည့်ကာလ ပြန်လည်ရရှိနိုင်ရေးကို အားလုံးဝိုင်းဝန်းကြိုးပမ်းပေးရန် လိုအပ်နေပါသည်။

ကမ္ဘာ့အမွေအနှစ်ဖြစ်စေရေးလုပ်ငန်းစဉ်တွင် ငြိမ်းချမ်းရေးဖြစ်စဉ်သည်လည်း အရေးပါသည့်ကဏ္ဍတစ်ရပ်ဖြစ်ပြီး မိမိတို့ပြည်သူ၊ အစိုးရ အားလုံးသော မြန်မာနိုင်ငံသားများသည် ဒေသရှိအမွေအနှစ်များကို မည်မျှထိ အလေးအနက်ထားကြကြောင်း၊ ဂရုစိုက်မှုရှိကြောင်းကို သက်သေခိုင်လုံစွာ ပြသနိုင်မှသာ ကမ္ဘာ့အမွေအနှစ်အဖြစ် လက်ခံသတ်မှတ်ပေးနိုင်မည့်အခြေအနေ ဖြစ်ပါသည်။ အမွေအနှစ်ဒေသအတွင်း ပဋိပက္ခဖြစ်စဉ်သည် အမွေအနှစ်အတွက် ကောင်းမွန်ဖြောင့်ဖြူးစေမည့် ဖြစ်စဉ်မဟုတ်ကြောင်း နိုင်ငံသားတိုင်း နားလည်ကြပါသည်။ ထို့အတူ UNESCO သည်လည်း ဤအချက်ကို သေချာပေါက် ဂရုတစိုက်စောင့်ကြည့်နေမည်မှာ မလွဲပါ။ အထူးပြောချင်သည်မှာ သိမ်မွေ့နူးညံ့သည့် အမွေအနှစ်အတွက် တိုင်းရင်းသားအားလုံးသည် ညီရင်းအစ်ကိုဖြစ်ရန် လိုသကဲ့သို့ အမွေအနှစ်အတွက်သာမက နိုင်ငံအတွက်ပါ မည်မျှစည်းလုံးကြောင်း ပြသရန်လိုအပ်ပါသည်။

ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနနှင့် ဆက်စပ်ဌာနများ၊ ဒေသခံများ၊ ပြည်တွင်း၊ ပြည်ပ ပညာရှင်များပူးပေါင်း၍ ၂၀၁၆ ခုနှစ်မှစ၍ မနားမနေကြိုးပမ်းဆောင်ရွက်ခဲ့ပြီး ယခု အဆိုပြုစာတွဲ (မူကြမ်း) Nomination Dossier(Draft) ပြုစုတင်ပြနိုင်တော့မည့် အခြေအနေရောက်ရှိနေပြီဖြစ်ပါသည်။ လေးနှစ်တာကာလရောက်ရှိခဲ့ပြီးဖြစ်သကဲ့သို့ ကမ္ဘာ့အမွေအနှစ်အတွက် တစ်ဝက်မကသောခရီးကို ရောက်ရှိခဲ့ပြီးဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။

မည်သို့ပင်ဆိုစေ ကမ္ဘာ့အမွေအနှစ်ဖြစ်ရန် အရည်အသွေးပြည့်စုံမှုရှိသည့်အတွက် မိမိတို့အနေဖြင့် သတ်မှတ်အချိန်များအတိုင်း UNESCO သို့တင်ပြကြမည်ဖြစ်ပါသည်။ နေ့စဉ် ရွှေဥ ဥပေးမည့် ဆက်လက်ရှင်သန်နေသော သက်မဲ့အမွေအနှစ်ဒေသတစ်ခုကို ငြိမ်းချမ်းသော ဖြစ်စဉ်များဖြင့် အကောင်အထည်ဖော် ဖန်တီးကြရမည်ဖြစ်သည်။

ရှေးဘိုးဘေးအစဉ်အဆက်မှ မြတ်နိုးစွာ စောင့်ရှောက်ထိန်းသိမ်းလာခဲ့သော ယဉ်ကျေးမှုအမွေအနှစ်များကို အသက်တမျှ မြတ်နိုးတန်ဖိုးထား၍ လက်ဆင့်ကမ်းကာကွယ်စောင့်ရှောက်ခဲ့ကြခြင်းကြောင့် ယဉ်ကျေးမှုအမွေအနှစ်တို့သည် ဤကာလအထိ ထင်ရှားစွာ ကျန်ရှိနေခြင်းဖြစ်ကြောင်း မိမိတို့အားလုံးသိရှိကြပါသည်။ ထိုသို့သော အဆက်ဆက်ဘိုးဘေးများ တာဝန်ကျေပွန်ခဲ့ကြသည့်အတွက်သာ မိမိတို့အနေဖြင့် ယဉ်ကျေးမှုအမွေအနှစ်များကို မျက်မြင်တွေ့နေရခြင်းဖြစ်သည်ဟု ဆိုရပါမည်။ နောင်ကာလများစွာအထိ တည်တံ့ရေးသည် မိမိတို့သာမက နောင်မျိုးဆက်တို့အတွက် ဆက်လက်ထမ်းဆောင်ရမည့် နိုင်ငံသားတိုင်း၏ မွေးရာပါတာဝန်ဖြစ်သည်။ ငွေကြေးပြည့်စုံခြင်းကြောင့် ခေတ်မီဆန်းပြားသော လူမှုပတ်ဝန်းကျင်မျိုးစုံကို အလွယ်တကူဖန်တီးတည်ဆောက်၍ရနိုင်သော်လည်း နှစ်ပရိစ္ဆေဒကြာမြင့်၍ သမိုင်းအထောက်အထားခိုင်မာသည့် ယဉ်ကျေးမှုအမွေအနှစ်များကိုကား ဖန်တီးယူ၍ ရနိုင်ကောင်းသည့် အရာမဟုတ်ပါကြောင်း၊ ငြိမ်းချမ်း၍ သာယာတင့်တယ်မည့် မြောက်ဦးကမ္ဘာ့အမွေအနှစ်ဒေသအဖြစ် မြင်တွေ့လိုပါကြောင်းနှင့် ဌာနဆရာတစ်ဦးက ၎င်းစာမျက်နှာပေါ်တွင် ရေးသားထားသည့် Mrauk-U is the place for flowers, not a space for fire ဟူသော စကားအား ကြိုက်နှစ်သက်၍ ကူးယူဖော်ပြနိုင်ပါသည်။ ။

**ကိုးကား-**

**ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ကမ္ဘာ့အမွေအနှစ်ရရှိရေးဆောင်ရွက်မှုအစီရင်ခံစာများ**

## အနုပညာ

# တေးအယ်လ်ဘမ်သစ်မှာ မင်န ပါဝင်သွားမည်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီး တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "TWICE" ဟာ မကြာမီမှာ မီနီတေးအယ်လ်ဘမ်သစ်ကို ထုတ်လွှင့်သွားမှာဖြစ်ပါတယ်။ ဒီတေးအယ်လ်ဘမ်သစ်မှာ ကျန်းမာရေးအခြေအနေတွေကြောင့်



အဖွဲ့ရဲ့ နယ်လှည့်ဖျော်ဖြေပွဲမှာ ပါဝင်နိုင်ခြင်းမရှိတဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ မင်န ပါဝင်သွားမှာဖြစ်ကြောင်း လတ်တလောမှာ ထုတ်ဖော်ပြောကြားလာတာဖြစ်တယ်လို့ အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဂျေဝိုင်ပီအန်တာတိန်းမန့်က "TWICE" ရဲ့ တေးအယ်လ်ဘမ်သစ် "Feel Special" မှာ မင်န ပါဝင်သွားမှာဖြစ်ကြောင်း အသိပေးခဲ့ပါတယ်။ ကျန်းမာရေးအခြေအနေတွေကြောင့် ကုသမှုတွေခံယူနေရတဲ့ မင်နဟာ ယခင်က တေးအယ်လ်ဘမ်သစ်အတွက် ပရိုမိုးရှင်းလုပ်ငန်းတွေမှာ ပါဝင်သွားဖို့ရာ မသေချာခဲ့ပါဘူး။ လတ်တလောမှာ တေးအယ်လ်ဘမ်သစ်အတွက် ဓာတ်ပုံတွေနဲ့ စီဒီမှာ မင်န ပါဝင်ကြောင်း ဖော်ပြခဲ့ပါတယ်။ ဒါပေမယ့် လက်ရှိအချိန်အထိ ပရိသတ်တွေနဲ့ တွေ့ဆုံပွဲတွေ၊ အမှတ်တရလက်မှတ်ရေးထိုးပွဲတွေနဲ့ တေးဂီတဖျော်ဖြေပွဲတွေမှာ မင်နပါဝင်သွားဖို့ရာ မသေချာသေးပါဘူး။ အဖွဲ့ဝင်တွေနဲ့ ဆွေးနွေးတိုင်ပင်မှုတွေ ပြုလုပ်ပြီးနောက်မှာ မင်န ပါဝင်နိုင်ခြင်းရှိ၊ မရှိ ထုတ်ပြန်ပြောကြားမှာဖြစ်ကြောင်း အေဂျင်စီက ပြောကြားခဲ့တာဖြစ်ပါတယ်။

# နယူးယောက်ဖက်ရှင်ပြပွဲကို တက်ရောက်ခဲ့တဲ့ ဆောင်းဟေကို

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသမီးတစ်ဦးဖြစ်သူ ဆောင်းဟေကိုဟာ နယူးယောက်ဖက်ရှင်သီတင်းပတ်ကို တက်ရောက်အားပေးခဲ့တာ တွေ့ရပါတယ်။ ဒီအခမ်းအနားမှာ ဆောင်းဟေကိုဟာ အဖြူရောင်ဝတ်စုံကို ဝတ်ဆင်တက်ရောက်ခဲ့ပြီး အများအကြား ထင်ရှားလှပနေကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

စက်တင်ဘာ ၈ ရက်က ပြုလုပ်ခဲ့တဲ့ " Ralph Lauren's Fall 2019 show" ပွဲကို ဆောင်းဟေကို တက်ရောက်ခဲ့တာပါ။ ဒီအခမ်းအနားကို တက်ရောက်လာတဲ့ မင်းသမီးက မိတ်ကပ်ကို သဘာဝဆန်ဆန် ပါးပါးလေးလိမ်းခြယ်ထားပြီး နှုတ်ခမ်းနီကိုတော့ အနီရောင်ဆိုးကာ ပြင်ဆင်ခဲ့တာကိုလည်း တွေ့ရပါတယ်။

ဆောင်းဟေကိုနဲ့ ဆောင်းဂျွန်ကီတို့ဟာ ပြီးခဲ့တဲ့ ဇူလိုင်လအတွင်း အပြီးသတ်ကွာရှင်းခဲ့ကြပြီး သူတို့နှစ်ဦး တရားဝင်ကွာရှင်းပြတ်စဲခဲ့ကြပေမယ့် ပိုင်ဆိုင်မှုတွေကိုတော့ ခွဲယူခဲ့ခြင်း မရှိဘူးလို့လည်း ဆောင်းဟေကိုရဲ့ အေဂျင်စီမှ ကိုယ်စားလှယ်တစ်ဦးက ပြောကြားခဲ့တယ်လို့ သိရပါတယ်။





# ဒေါ်လာငါးသိန်းကျော် တန်ဖိုးရှိ ပြိုင်ကားကို ဝယ်လိုက်တဲ့ ဂျင်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "BTS" ရဲ့အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဂျင်ဟာ အမေရိကန်ဒေါ်လာ ၅၂၂၀၀၀ ခန့် တန်ဖိုးရှိတဲ့ လမ်ဘော်ဂီနီကားတစ်စီးကို ဝယ်ယူခဲ့ကြောင်း ပရိသတ်တစ်ဦးရဲ့ ပြောကြားချက်ကို ကိုးကားကာ အောကေပေ့ါပ်ဒေ့ါကွန်းက ရေးသားဖော်ပြခဲ့ပါတယ်။

ဂျင်ဟာ ဒီကားကို ဝယ်ယူခဲ့တာကို ပရိသတ်တစ်ဦးက တွေ့မြင်ခဲ့တာပါ။ ဂျင်ဝယ်ယူခဲ့တဲ့ ကားကတော့ အပြာရောင်ဖြစ်တယ်လို့လည်း သိရပါတယ်။

ဂျင်အတွက်တော့ ဒီလို တန်ဖိုးမြင့်ပြိုင်ကားတစ်စီးကို ဝယ်ယူခဲ့တာ ပထမဆုံးအကြိမ်တော့ မဟုတ်ပါဘူး။ ၂၀၁၇ ခုနှစ်အတွင်း အဖြူရောင်ပြိုင်ကားတစ်စီးကို ဝယ်ယူခဲ့တာကိုလည်း တွေ့ခဲ့ရပါတယ်။

ဂျင်ဟာ ပြိုင်ကားတွေ နှစ်သက်သူတစ်ဦးဖြစ်ပေမယ့် ဒီအရာပေါ်မှာပဲ သူ့ရဲ့ပိုက်ဆံတွေကို သုံးနေသူတော့ မဟုတ်ပါဘူး။ သူဟာ အလှူအတန်းလည်း ရက်ရောသူတစ်ဦး ဖြစ်ပါတယ်။ သူဟာ တိရစ္ဆာန်စင်တာတွေအတွက် ငွေကြေးများစွာ လှူဒါန်းခဲ့သလို ယူနီဆက်ကို စုစုပေါင်းလှူဒါန်းခဲ့တဲ့ ငွေဟာ ကိုရီးယားဝမ်သန်း ၁၀၀ ခန့် ရှိတယ်လို့လည်း သိရပါတယ်။

**အေးပြည့် - စုစည်းသည်**



# မိတ္ထီလာ၌ မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲဖွင့်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ

**မိတ္ထီလာ စက်တင်ဘာ ၉**
မိတ္ထီလာမြို့ (၁၃၆) ကြိမ်မြောက် သမိုင်းဝင်ဖောင်တော်ဦးစေတီ ဗုဒ္ဓပူဇနိယပွဲတော်တွင် ထည့်သွင်းကျင်းပသည့် မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက အဆိုပါစေတီတော်မုခ်ဦးအနီးနှင့် ပွဲကြည့်စင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဘုရားပွဲတော်ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသက်လွင်က မြန်မာ့ရိုးရာလှေပြိုင်ပွဲ ကျင်းပရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြန်မာ့ရိုးရာလှေပြိုင်ပွဲကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်မိုး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသက်လွင်နှင့် သမိုင်းဝင်ဖောင်တော်ဦးစေတီတော်ဂေါပကအဖွဲ့ဒုတိယဥက္ကဋ္ဌ ဦးစိုးနိုင်ထွေးတို့က ဖွင့်လှစ်ပေးသည်။

မြန်မာ့ရိုးရာလှေပြိုင်ပွဲကို စက်တင်ဘာ ၉ ရက်မှ ၁၄ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အကြီးတန်းပြိုင်ပွဲတွင် ခြောက်သင်း၊ အငယ်တန်းပြိုင်ပွဲတွင် ၂၂ သင်း အုပ်စုခြောက်အုပ်စု ပါဝင်ယှဉ်ပြိုင်ကြသည်။ လှေပြိုင်ပွဲကို နေ့စဉ် ပုံမှန် ၁၄ ပွဲ ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲအနေအထားအရ သုံးကြိမ် လှော်ခတ်ယှဉ်ပြိုင်ရမည်ဖြစ်သော်လည်း ပွဲစဉ်တစ်ခုတွင် နှစ်ကြိမ်ပြိုင် နှစ်ကြိမ် အနိုင်ရသည့်အသင်းကို အနိုင်အဖြစ်သတ်မှတ်သည်။ ပွဲစဉ်တစ်ခုကို အနည်းဆုံး နှစ်ကြိမ်ယှဉ်ပြိုင်လှော်ခတ်ရမည်ဖြစ်၍ လှေပြိုင်ပွဲအရေအတွက် နေ့စဉ် ၂၈ ပွဲကျော် ရှိမည်ဖြစ်သည်။

မိတ္ထီလာမြို့ဖောင်တော်ဦးဘုရားပွဲ လှေပြိုင်ပွဲကို ဘုရားပွဲတော်လာရောက်လည်ပတ်သူများနှင့် လှေပြိုင်ပွဲကြိုက်နှစ်သက်သူများက ကြည့်ရှုအားပေးကြသည်။

အဆိုပါလှေပြိုင်ပွဲ ဗိုလ်လုပွဲကို စက်တင်ဘာ ၁၄ ရက် (တော်သလင်းလပြည့်ကျော် ၁ ရက်) အထိ ကျင်းပသွားမည်ဖြစ်ပြီး အနိုင်ရဗိုလ်စွဲသည့်အသင်းများကို ဂုဏ်ပြုဆုများ ထိုက်တန်စွာ ချီးမြှင့်သွားမည်ဖြစ်သည်။

**ချမ်းသာ (မိတ္ထီလာ)**

# လွန်ခဲ့သောနှစ် ၅၀ က ရှားပါးကာတွန်းလက်ရာများ စုစည်းပြသ

**ရန်ကုန် စက်တင်ဘာ ၉**
မြန်မာ့ကာတွန်းသမိုင်းတစ်လျှောက် လူသိများထင်ရှားခဲ့သည့် ကာတွန်းဆရာများ၏ ရှားပါးကာတွန်းလက်ရာများ စုစည်းပြသသော ရွှေအိုရောင်ဟုအမည်ပေးထားသည့် ကာတွန်းပြပွဲကို ယနေ့နံနက်ပိုင်းက ကျောက်တံတားမြို့နယ် ၃၅ လမ်း အလယ်ဘလောက်ရှိ MOON Art Gallery ၌ ဖွင့်လှစ်ပြသသည်။



အဆိုပါကာတွန်းပြပွဲတွင် ကာတွန်းငွေကြည်၊ ကာတွန်းမောင်မောင်အေးတို့က ပြပွဲဖြစ်ပေါ်လာပုံနှင့် ကာတွန်းသမိုင်းကြောင်း၊ လက်ရှိကာတွန်းဆရာများ၏ ဘဝရပ်တည်မှုအနေအထားများနှင့် စပ်လျဉ်း၍ ပြောကြားသည်။

ကာတွန်းဆရာကြီးဦးငွေကြည်က ကာတွန်းအတတ်ပညာများနှင့်စပ်လျဉ်း၍ "စာနယ်ဇင်းကာတွန်းရေးဆွဲတဲ့အခါမှာ ကာတွန်းဆရာတစ်ယောက်အနေနဲ့ ပုံဆွဲတဲ့အတတ်ပညာကျွမ်းကျင်ရပါမယ်။ ပုံကိုလှအောင်ဆွဲဖို့က အဓိကမဟုတ်ပါဘူး။ ကိုယ်ပြောချင်တဲ့အကြောင်းအရာကို သရုပ်ပေါ်အောင်ရေးဆွဲနိုင်တဲ့ အတတ်ပညာရှိရပါမယ်။ နောက်တစ်ခါ အတွေးအခေါ်ရှိရမယ်။ အခြားစာရေးဆရာ၊ ကဗျာဆရာတွေလို အတွေးအခေါ်လိုပါတယ်။ နောက်တစ်ခုက ဟာသအမြင်ရှိရမယ်။ ဟာသပါတဲ့ကာတွန်းဖြစ်မှ ပရိသတ်ကိုဆွဲဆောင်နိုင်တယ်။ ကာတွန်းဆိုတာ အရုပ်နဲ့စာနဲ့ပေါင်းထားတဲ့ မီဒီယာဖြစ်ပါတယ်" ဟု ပြောကြားသည်။

ရွှေအိုရောင်ကာတွန်းပြပွဲတွင် ဝါရင့်ကာတွန်းဆရာကြီးများဖြစ်ကြသည့် ကာတွန်းအောင်ဇင်၊ ကာတွန်းဇော်ဝိတ်၊ ကာတွန်းကျော်ထွဏ်း၊ ကာတွန်းမောင်ဗချီ၊ ကာတွန်းငယ်ဦး၊ ကာတွန်းမောင်မောင်အေး၊ ကာတွန်းကိုသက်ကြည်၊ ကာတွန်းတိုးတိုး၊ ကာတွန်းမောင်ရွှေဝင်းတို့၏ လက်ရာများအပါအဝင် ကာတွန်းဆရာ ၂၁ ဦးတို့၏ ကာတွန်းလက်ရာ ၁၀၀ ကျော် ပြသထားသည်။

"လွန်ခဲ့သော သုံးနှစ်ခန့်က ကာတွန်းဆရာကြီးများ ဆွေးနွေးတိုင်ပင်ကြရာက ဒီနေ့ ရွှေအိုရောင်အမည်ရှိတဲ့ ကာတွန်းပြပွဲကို ပြသခဲ့တာပါ။ ရွှေအိုရောင်လို့အမည်ပေးရတာက နှစ် ၅၀ ကို ရည်ရွယ်ပြောဆိုတာပါ။ နှစ် ၅၀ ခန့်က ရေးဆွဲဖော်ပြခဲ့တဲ့ ကာတွန်းလက်ရာတွေဖြစ်ပါတယ်။ ၁၉၆၅ ခုနှစ်မှ ၁၉၇၈ ခုနှစ်အတွင်း ရေးဆွဲဖော်ပြခဲ့တဲ့ လက်ရာတွေပါ။ အသက် ၇၀ ဝန်းကျင်ရှိနေပြီဖြစ်တဲ့ ကာတွန်းဆရာကြီးများရဲ့သက်ရှိထင်ရှားရှိနေစဉ်မှာ အမှတ်တရဖြစ်စေဖို့ ပြသခဲ့ခြင်းလည်းဖြစ်ပါတယ်။ ဒီကာတွန်းတွေကို အမျိုးသားစာကြည့်တိုက်ကနေ ပြန်ရှာခဲ့ရတာပါ။ အပြင်မှာ မရှိနိုင်တော့ပါဘူး။ ရှေးဟောင်းကာတွန်းလက်ရာတွေ ဖြစ်ပါတယ်" ဟု ကာတွန်းမောင်ရွှေဝင်းက ပြောသည်။

ယင်းကာတွန်းလက်ရာများသည် မြန်မာ့အလင်း၊ ကြေးမုံ၊ လုပ်သားသတင်းစာ၊ ဗိုလ်တထောင်သတင်းစာတို့မှ အဓိကဖော်ပြခဲ့သော စာနယ်ဇင်းကာတွန်းများဖြစ်သည်။ ထို့အပြင် ဟံသာဝတီနှင့် ဒို့ကျောင်းသားစာစောင်တို့တွင်လည်း ဖော်ပြပေးခဲ့သော ကာတွန်းလက်ရာများ ပါဝင်သည်။

"အဲဒီခေတ်က ကာတွန်းတစ်ပုဒ်ပါရင် ၁၅ ကျပ်ရတယ်။ တစ်ပုဒ်ပါဖို့လည်း မလွယ်ဘူး။ တစ်လလုံးမှ သုံးပုဒ် လေးပုဒ်လောက်ပဲပါတယ်။ တစ်လလုံးမှ ၄၅ ကျပ်လောက်ပဲရတယ်။ ကာတွန်းဆရာတစ်ယောက်ရဲ့ ဘဝရပ်တည်ဖို့မလွယ်ပေမယ့် ကျောင်းသားတစ်ယောက်အတွက် များတဲ့ငွေကြေးဖြစ်ပါတယ်" ဟု ကာတွန်းမောင်ရွှေဝင်းက ပြောသည်။ ယင်းကာတွန်းပြပွဲကို ယနေ့မှ စက်တင်ဘာ ၁၁ ရက်အထိ ဆက်လက်ပြသသွားမည်ဖြစ်ကြောင်းနှင့် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ခင်းကျင်းပြသသွားမည်ဖြစ်ရာ မည်သူမဆိုလာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**မြင့်မောင်စိုး**

# သတင်းလမ်းညွှန်

သန်းဇော်မင်း(ပြန်/ဆက်) စုစည်းတင်ပြသည်။

## စာအုပ်စာစောင်ပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲကျင်းပမည်

စာအုပ်စာစောင်ပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ကို မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် ၆၂ လမ်းနှင့် မြဝတီမင်းကြီးလမ်းထောင့်ရှိ မန္တလေးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် စက်တင်ဘာ ၁၁ ရက်မှ ၁၅ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီခွဲအထိ ကျင်းပသွားမည်ဖြစ်ပြီး မည်သူမဆို လာရောက်လေ့လာနိုင်ကြောင်း သိရသည်။

## အလုပ်အကိုင်ပြပွဲ ကျင်းပမည်

MRCCI E နှင့် ICT တို့ ပူးပေါင်းကျင်းပမည့် အလုပ်အကိုင်ပြပွဲကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၁၀ လမ်း၊ ၆၂ လမ်းနှင့် မြို့ရှောင်လမ်းကြားရှိ အမှတ်(၂) စက်မှုသင်တန်းကျောင်းတွင် စက်တင်ဘာ ၁၃ ရက် နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

## ချမ်းမြသာစည်မြို့နယ်၌ ပြည်သူ့စကားဝိုင်းကျင်းပမည်

လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် တမ္ပဝတီရပ်ကွက်ရှိ အထက(၇) ကျောင်းခန်းမ၌ စက်တင်ဘာ ၁၄ ရက် နံနက် ၉ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

## ပြည်ကြီးတံခွန်မြို့နယ်၌ ပြည်သူ့စကားဝိုင်းကျင်းပမည်

အမျိုးသမီးငယ်များ အနာဂတ်လှပဖို့ အားလုံးပါဝင်ဆောင်ရွက်စို့ ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် အထက(၂၇) ကျောင်းခန်းမ၌ စက်တင်ဘာ ၁၄ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

## သိပ္ပံနည်းပညာနှင့် တီထွင်မှု စာတမ်းဖတ်ပွဲကျင်းပမည်

သိပ္ပံနည်းပညာနှင့်တီထွင်ဆန်းသစ်မှုဆိုင်ရာ နိုင်ငံတကာစာတမ်းဖတ်ပွဲကို မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်ရှိ မန္တလေးနည်းပညာတက္ကသိုလ်တွင် စက်တင်ဘာ ၁၆ ရက်မှ ၁၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

## စားသောက်ကုန်လုပ်ငန်းရှင်များအတွက် သင်တန်းဖွင့်မည်

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စားသောက်ကုန်များ ဘေးအန္တရာယ်ကင်းရှင်းစေရေး စားသောက်ကုန်ထုတ်လုပ်သောနည်းလမ်းများ၊ အသိပညာများကို ပို့ချပေးရန်ရည်ရွယ်၍ စားသောက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းရှင်များအတွက် သင်တန်းကို မန္တလေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံး၌ စက်တင်ဘာ ၁၇ ရက်တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

## နှစ်နိုင်ငံကုန်သွယ်မှုနှင့်စပ်လျဉ်း၍ ဆွေးနွေးပွဲကျင်းပမည်

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား နှစ်နိုင်ငံကုန်သွယ်မှုနှင့်စပ်လျဉ်း၍ ဆွေးနွေးပွဲကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းရုံးခန်းမ၌ စက်တင်ဘာ ၂၆ ရက် နံနက်ပိုင်းတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

# သန်လျင်၌ မှုခင်းပြခန်းယာဉ်ဖြင့် အသိပညာပေး

**ရန်ကုန် စက်တင်ဘာ ၉**
ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ ပဲခူးစုရပ်ကွက် မာဃလမ်းရှိ အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်းရှေ့တွင် ယနေ့နံနက် ၉ နာရီခွဲက ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် အသိပညာပေးဆွေးနွေးပွဲကျင်းပသည်။

သန်လျင်မြို့နယ်ရဲတပ်ဖွဲ့ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒု-ရဲမှူးခင်မောင်လင်းနှင့် ရဲတပ်ဖွဲ့ဝင်များက လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့် မှုခင်းလျော့နည်းကျဆင်းရေး အသိပညာပေးဟောပြောပြီး ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများကို မှုခင်းဆိုင်ရာအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**သက်ခိုင် (သန်လျင်)**

## ရွှေလီမြစ်ရိုးတစ်လျှောက် ကျေးရွာများတွင် မြေအိုးများ လိုက်လံရောင်းချ

**ကသာ စက်တင်ဘာ ၉**

ကသာခရိုင်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) ရွှေလီမြစ်ရိုးတစ်လျှောက် ကျေးရွာများတွင် နွယ်ငြိမ်းမြေအိုးများ လိုက်လံရောင်းချပေးလျက်ရှိကြောင်း ဒေသခံများထံမှ သိရသည်။

"အရင်က သောက်ရေအိုးတစ်လုံးရဖို့ မြို့ပေါ်နှင့် ကျေးရွာများ သွားသူတွေကိုမှာရတယ်။ မိမိကိုယ်တိုင်လည်း သွားဝယ်ရတယ်။ လမ်းခရီးမှာ ကွဲတာလည်းကြုံရတယ်၊ အခုတော့ ကျေးရွာအရောက် ခရီးအဝေးကြီးကနေ လာရောက်ရောင်းချပေးတော့ ဝယ်ယူရတာ အဆင်ပြေပါတယ်" ဟု ပျဉ်းထောင်းလေးကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီး၌ မြေအိုးမျိုးစုံ လုပ်ကိုင်လျက်ရှိကြရာ မြို့ပေါ်များတွင် သောက်ရေအိုး ဝယ်ယူသုံးစွဲသူ ကျဆင်းလာခြင်းကြောင့် အလုမ်းဝေးသည့် ကျေးရွာများအရောက် ရက်၊ လချီပြီး မိသားစုလိုက် မြေအိုးရောင်းချခြင်းကို အိုးလုပ်ငန်းရှင်မိသားစုများ ဘဝရပ်တည်ရေးကြိုးပမ်းလုပ်ဆောင်နေရကြောင်း၊ မြို့နယ်ကျေးရွာများသို့ ရေယာဉ်ငယ်ဖြင့် သောက်ရေအိုးတစ်လုံးလျှင် ငွေကျပ် ၁၅၀၀ နှင့်ရောင်းချပေးလျက်ရှိကြောင်း နွယ်ငြိမ်းမြို့နယ်မှ သောက်ရေအိုး လာရောင်းသူတစ်ဦးက ပြောသည်။

**ငွေအိုး (ကသာ)**

## ညောင်ဦး-စက်စက်ယို ဓာတ်အားလိုင်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်

**ညောင်ဦး စက်တင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်း မြို့ပေါ်ရပ်ကွက်နေပြည်သူများနှင့် လျှပ်စစ်မီးရရှိသည့် ကျေးရွာများမှ ကျေးလက်နေပြည်သူများ လျှပ်စစ်ဓာတ်အားအသုံးပြုရာတွင် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများ လျော့နည်းကျဆင်းရေး၊ ဗို့အားပြည့်ဝစွာသုံးစွဲနိုင်ရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးအတွက် မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ ဓာတ်အားလိုင်းများ တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းနှင့် ပြုပြင်လဲလှယ်ရန် လိုအပ်သည့် ဓာတ်အားလိုင်းကြိုးများအား အရည်အသွေးပြည့်ဝသော ဓာတ်အားလိုင်းကြိုးများဖြင့် အစားထိုးလဲလှယ်ခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးနေကြောင်း မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ ဒုတိယမြို့နယ်လျှပ်စစ်မန်နေဂျာ ဦးဝင်းထိန်ထံမှ သိရသည်။

ညောင်ဦးမြို့မှ ဓာတ်အားခွဲရုံ (၆၆/၁၁)ကေဗွီ၊ ၁၀ အမ်ဗွီအေမှ ဓာတ်အားဖြန့်ဖြူးပေးထားသော ညောင်ဦးမြို့နှင့် စက်စက်ယိုကျေးရွာသို့ ပို့လွှတ်ထားသည့် အရှည်ပေ ၅ မိုင် ဓာတ်အားလိုင်း အား ဓာတ်အားလိုင်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ရာ ယခုအခါ ဓာတ်အားလိုင်းတိုင်အသစ် စိုက်ထူခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ဓာတ်အားလိုင်း ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းအား တင်ဒါရရှိသည့် ကုမ္ပဏီအနေဖြင့် ယခုစက်တင်ဘာလကုန် အပြီးဆောင်ရွက်သွားမည်ဖြစ်ရာ ညောင်ဦးမြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်နေ ပြည်သူများနှင့်လျှပ်စစ်မီးရရှိသည့် ကျေးရွာများမှ ပြည်သူများ ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်မည်ဖြစ်ကြောင်း မြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ ဒုတိယမြို့နယ် လျှပ်စစ်မန်နေဂျာ ဦးဝင်းထိန်က ပြောသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာပြိုင်ပွဲများ ကျင်းပ

**ကျွန်းလှ စက်တင်ဘာ ၉**

၂၀၁၉ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာပြိုင်ပွဲများကို ယနေ့နံနက် ၉ နာရီက စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှ မြို့နယ်ပညာရေးမှူးရုံး အောင်ပညာခန်းမ၌ ကျင်းပကြောင်း သိရသည်။

စာစီစာကုံးပြိုင်ပွဲတွင် "ကိုယ်ကျိုးမဖက် ပြည့်အတွက်မြတ်ပညာ" ခေါင်းစဉ်ဖြင့် အထက်တန်း ၁၈ ဦး၊ အလယ်တန်း ၂၁ ဦး၊ ကဗျာပြိုင်ပွဲတွင် "ကကြိုးစုံစွာ မြတ်ဆရာ" ခေါင်းစဉ်ဖြင့် အထက်တန်း ၁၂ ဦး၊ အလယ်တန်း ၂၁ ဦး စုစုပေါင်း ၆၆ ဦး ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**မျိုးဝင်းညို (ကျွန်းလှ)**



## အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့(စစ်ကိုင်း) ၂ နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားကျင်းပ

**စစ်ကိုင်း စက်တင်ဘာ ၉**

အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့(စစ်ကိုင်း) ၂ နှစ်ပြည့် နှစ်ပတ်လည် အထိမ်းအမှတ်နှင့် အလှူငွေများပေးအပ်ပွဲအခမ်းအနားကိုစက်တင်ဘာ ၈ ရက် နံနက်ပိုင်းက စစ်ကိုင်းမြို့ အောင်ထူးခန်းမ၌ ကျင်းပရာ စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းသည်။

အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့(စစ်ကိုင်း)ကို ၂၀၁၇ ခုနှစ် စက်တင်ဘာ ၉ ရက်က စတင်ဖွဲ့စည်းခဲ့ပြီး အဖွဲ့တွင် လူနာတင်ယာဉ်နှစ်စီး၊ ရေသယ်ယာဉ် တစ်စီး၊ ရေပြင်ရှာဖွေကယ်ဆယ်ရေးလှေ တစ်စင်းတို့ဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**လူအောင်(ကသာ)**

## လူငယ်နှင့် လူကုန်ကူးမှုအန္တရာယ် ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပ

**ရမည်းသင်း စက်တင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး၌ စက်တင်ဘာ ၈ ရက် နံနက် ၉ နာရီက လူငယ်နှင့် လူကုန်ကူးမှု အန္တရာယ်ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပသည်။

တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းနှင့် ဦးအောင်မျိုးဦးတို့က အမှာစကားပြောကြားပြီး ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်ထွန်းက လူကုန်ကူးသူများသည် ကျောင်းသားလူငယ်များအား ပိုမိုပစ်မှတ်ထားကာ မက်လုံးပေး၍ နည်းမျိုးစုံဖြင့်စည်းရုံးခြင်းတို့ကြောင့် ပြည်သူများမှ ပူးပေါင်းပါဝင်ပေးကြရန် ရှင်းလင်းပြောကြားပြီး ရမည်းသင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သိမ့်သိမ့်မျိုးက လူငယ်နှင့် လူကုန်ကူးမှုအန္တရာယ် ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပရခြင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်အမျိုးသမီးကော်မတီအဖွဲ့ဝင် ခရိုင်ကုသရေးဦးစီးဌာန ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာလှလှဌေးက လူကုန်ကူးခံရသူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ ခရိုင်ဥပဒေအရာရှိ ဒေါ်သဥ္ဇာလှိုင်က လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ ဥပဒေနှင့် ပြစ်မှုပြစ်ဒဏ်များ၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စန်းဝေက လူကုန်ကူးခံရသူများ အားနည်းချက်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထိန်လင်းက လူကုန်ကူးသူများ အသုံးပြုသည့်နည်းလမ်းများနှင့် သတင်းပေးပို့မှု အားနည်းချက်များကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

**ဇော်ဝင်းအောင် (ရမည်းသင်း)**

## ကြံခင်းမြို့နယ်တွင် ကျေးလက်ဒေသများ သောက်သုံးရေပေးဝေရေးလုပ်ငန်းများ လွှဲပြောင်းပေးအပ်

**ကြံခင်း စက်တင်ဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ကြံခင်းမြို့နယ်အတွင်းရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသ ၁၀ နေရာတွင် သန့်ရှင်းသော သောက်သုံးရေတွင်း၊ ရေကန်များ တူးဖော်တည်ဆောက်ခဲ့ပြီးဖြစ်၍ သောက်သုံးရေပေးဝေခြင်းလုပ်ငန်း လွှဲပြောင်းပေးအပ်ပွဲကို စက်တင်ဘာ ၉ ရက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး အမှတ်(၁)မဲဆန္ဒနယ်မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ကိုကျော်မျိုးလင်းက အဖွင့်အမှာစကားပြောကြား၍ တိုင်းဦးစီးမှူး ဦးနေထက်ရှိန်က ကျေးရွာအုပ်စုငါးအုပ်စုအတွင်းရှိ ကျေးရွာ ၁၀ ရွာမှ ကျေးလက်ရေရရှိရေးကော်မတီများသို့ လုပ်ငန်းလွှဲပြောင်းမှတ်တမ်းလွှာများပေးအပ်ပြီး ခရိုင်ဦးစီးမှူး ဦးအောင်သက်ရှည်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်လွင်တို့က မြေအလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပေးအပ်သည်။

ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း သောကြာဒူး၊ ဆုံလဲ၊ ကလို့ကွင်း၊ ပေါက်နွယ်စမ်း၊ ပိန္နဲကွင်းကျေးရွာအုပ်စုအသီးသီးရှိ ကျေးရွာ ၁၀ ရွာတွင် တွင်းနက်၊ စိမ့်စမ်းသောက်သုံးရေတွင်းများ ဂါလန် ၃၀၀၀ မှ ၅၀၀၀ ဆံ့ အုတ်ရေကန်များ၊ အမြင့်တင်ရေစင်များနှင့် ရေစက်ရုံများကို တူးဖော်တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**ဦးဌေးမင်း**

## (၅၅) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကြိုဆို သန့်ရှင်းရေးဆောင်ရွက်



**ပေါက်**

ပေါက်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်ကို ဦးဆောင်သော ရဲတပ်ဖွဲ့ဝင် ၆၅ ဦးနှင့် ပြည်သူများ စုပေါင်း၍ စက်တင်ဘာ ၈ ရက် နံနက်ပိုင်းက လောကဒီပမြတ်စွာဘုရားရင်ပြင်တော်နှင့် ဘုရားစောင်းတန်းများရှိ အမှိုက်များ၊ ချုံနွယ်ပိတ်ပေါင်းများအား ခုတ်ထွင်ရှင်းလင်းခဲ့ကြောင်း သိရသည်။

**ဉာဏ်တိုး(ပေါက်)**



**ရန်ကုန်**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ် (၁၂) တပ်ခွဲ သဃ်္ဃန်းကျွန်းတပ်ခွဲမှူး ဒုတိယရဲမှူး သိန်းဝင်းနှင့်အဖွဲ့သည် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် (၁၆) ရပ်ကွက်ရှိပြည်သူများနှင့် ပူးပေါင်း၍ စက်တင်ဘာ ၈ ရက် နံနက် ၁၀ နာရီခွဲက ပြည်ကြီးချမ်းသာ မဟာစေတီတော်ကြီးရင်ပြင်နှင့် မုခ်ဦးတို့တွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ကြေးမုံ**




အမှတ် (၃) ရထားရဲတပ်ဖွဲ့ ခွဲမှူးရုံး (ရန်ကုန်) မှ ခေတ္တရထားရဲတပ်ဖွဲ့ခွဲမှူး ရဲမှူးဖိုးဆယ်ဦးစီး၍ အမှတ် (၁၃) တပ်ခွဲ (ရန်ကုန်) နှင့် ရန်ကုန်ရထားရဲစခန်းမှ တပ်ဖွဲ့ဝင်အင်အား ၃၀ တို့သည် စက်တင်ဘာ ၇ ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူမီးရထားရပ်ကွက် အမှတ် (၅) အခြေခံပညာမူလတန်းကျောင်းဝင်း အတွင်း၊ အပြင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ကျော်စိုးမိုး (မင်္ဂလာတောင်ညွန့်)**



**လှိုင်ကော်**

လှိုင်လင်လေးရဲကင်းစခန်းမှ ရဲကင်းစခန်းမှူး ရဲအုပ်တင်မောင်လတ်နှင့် တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များသည် စက်တင်ဘာ ၈ ရက် နံနက် ၇ နာရီက လှိုင်လင်လေးမြို့ရှိ အောင်တေဇ ရပ်ကွက် သာသနာ့ရောင်ခြည်ကျောင်းတိုက် ကျောင်းအဝင်လမ်းတွင် ချုံနွယ်များ၊ မြက်များ၊ အမှိုက်များ ရှင်းလင်းခဲ့ကြောင်း သိရသည်။

**ကိုစိုင်း (လှိုင်ကော်)**

ကြေးမုံ



# ပထမအကြိမ် ဥရောပရုပ်ရှင်ပွဲတော် မန္တလေးမြို့တွင် ကျင်းပမည်



**မန္တလေး စက်တင်ဘာ ၉**

မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံရုံးကကြီးမှူး၍ ပထမအကြိမ် ဥရောပရုပ်ရှင်ပွဲတော် (၂၀၁၉) ကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ၆၂ လမ်း မင်္ဂလာစင်ထရယ်ပွိုင့်ရှိ ရုပ်ရှင်ရုံတွင် စက်တင်ဘာ ၁၃ ရက်မှ ၁၅ ရက်အထိ ပြသသွားမည်ဖြစ်သည်။

ပထမအကြိမ်ဥရောပရုပ်ရှင်ပွဲတော်တွင်ဥရောပ သမဂ္ဂနိုင်ငံများဖြစ်သော နယ်သာလန်၊ ပြင်သစ်၊ နော်ဝေ၊ ချက်သမ္မတနိုင်ငံ၊ ဒိန်းမတ်၊ အီတလီ၊ ဂျာမနီနိုင်ငံများမှ ရုပ်ရှင်ကားများကို မူလမိခင် နိုင်ငံစကားပြောနှင့် အင်္ဂလိပ်စာတန်းထိုးပြသသွားမည်ဖြစ်သည်။ ရုပ်ရှင်လက်မှတ်များကို ပွဲမစမီ တစ်နာရီမှ ရုပ်ရှင်ပြသရန် ၁၅ မိနစ်အလိုအထိ ဦးရာလူပေးစနစ်ဖြင့် အခမဲ့ယူ၍ ဝင်ရောက်ကြည့်ရှုနိုင်သည်။

ဥရောပရုပ်ရှင်ပွဲတော်ကို မြန်မာနိုင်ငံ ရန်ကုန်မြို့တွင်ကျင်းပခဲ့သည်မှာ (၂၈) ကြိမ်ရှိခဲ့ပြီဖြစ်သော်လည်း မန္တလေးမြို့တွင် ပထမဆုံးအကြိမ်ကျင်းပခြင်းဖြစ်သည်။

ဖွင့်ပွဲနေ့တွင် ဘယ်လ်ဂျီယံနိုင်ငံ၏ တတိယမြောက် နီကိုလပ်ဘုရင်အကြောင်း မှတ်တမ်းရုပ်ရှင်နှင့် ခရီးသွားရုပ်ရှင်ဆန်ဆန် ရောနှောပြသသွားမည်ဖြစ်သည်။ စက်တင်ဘာ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် နံနက် ၁၀ နာရီ၊ မွန်းတည့် ၁၂ နာရီခွဲ၊ ညနေ ၃ နာရီခွဲမှ ညနေ ၆ နာရီခွဲပွဲစဉ်များ အခမဲ့ပြသသွားမည်ဖြစ်သည်။ **မောင်ပြည်သူ(မန္တလေး)**

# မြိတ်မြို့တွင် ကာယဗလမောင်၊ ကာယကြံ့ခိုင်မောင်၊ ကာယကြံ့ခိုင်မယ် ဆုချီးမြှင့်ပွဲ ကျင်းပ

**မြိတ် စက်တင်ဘာ ၉**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် မျိုးဆက်သစ် ကာယဗလမောင်မယ်များ ပေါ်ထွန်းလာစေရေးအတွက် စက်တင်ဘာ ၈ ရက် မွန်းလွဲပိုင်းက မြိတ်ခရိုင် အားကစားခန်းမ၌ ကလပ်ပေါင်းစုံ ကာယဗလမောင်၊ ကာယကြံ့ခိုင်မောင်၊ ကာယကြံ့ခိုင်မယ် ပြိုင်ပွဲကို ကျင်းပသည်။



ပြိုင်ပွဲကို ကာယကြံ့ခိုင်မောင်ပြိုင်ပွဲ၊ ကာယကြံ့ခိုင်မယ်ပြိုင်ပွဲ၊ ၂၁ နှစ်အောက် ကာယဗလမောင်ပြိုင်ပွဲ၊ ၆၀ ကီလို အလွတ်တန်း ကာယဗလမောင်ပြိုင်ပွဲ၊ ၆၅ ကီလို အလွတ်တန်း ကာယဗလမောင်ပြိုင်ပွဲ၊ ၇၀ ကီလို အလွတ်တန်း ကာယဗလမောင်ပြိုင်ပွဲများကို ကျင်းပခဲ့ပြီး ကာယဗလမောင်ပြိုင်ပွဲများတွင် စိတ်ကြိုက်ကိုယ်ဟန် တစ်မိနစ်၊ သတ်မှတ်ကိုယ်ဟန် ခုနစ်မျိုးနှင့် စုပေါင်းကိုယ်ဟန်များ၊ ကာယကြံ့ခိုင်မယ်ပြိုင်ပွဲ စိတ်ကြိုက်ကိုယ်ဟန်သုံးမျိုး၊ သတ်မှတ်ကိုယ်ဟန်လေးမျိုးတို့ကို ယှဉ်ပြိုင်ခဲ့ကြရာ အားကစားဝါသနာရှင်များ၊ ပြည်သူများက အားပေးကြည့်ရှုခဲ့ကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ ပြိုင်ပွဲများအလိုက် နှစ်သိမ့်ဆု၊ တတိယဆု၊ ဒုတိယဆုနှင့် ပထမဆုရရှိသူများအား တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ **ခိုင်ထူး (မြိတ် ပြန်/ဆက်)**

# အေရိုးဗစ်စနစ်သစ် နည်းပြသင်တန်းနှင့် Fitness Dance သင်တန်းဆင်း



**ပူတာအို စက်တင်ဘာ ၉**

ကချင်ပြည်နယ် ပူတာအိုခရိုင် အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် ခရိုင်ပညာရေးဌာနတို့ပူးပေါင်းဖွင့်လှစ်သည့် ခရိုင်အဆင့် အေရိုးဗစ်စနစ်သစ်နည်းပြဆင့်ပွားသင်တန်းနှင့် Fitness Dance သင်တန်းဆင်းပွဲအခမ်းအနားကို စက်တင်ဘာ ၉ ရက် နံနက် ၉ နာရီက ပူတာအိုမြို့ အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ ကျင်းပသည်။

ခရိုင်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်နှင့် တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်၊ သင်တန်းထူးချွန်ဆု ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုနှစ်ဆုတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြပြီး သင်တန်းသား သင်တန်းသူများက အဖွဲ့လိုက် အေရိုးဗစ်စနစ်သစ်ကကွက် ၄၆ ကွက် ကပြပြီး Fitness Dance သရုပ်ပြ ကပြဖျော်ဖြေခဲ့ကြသည်။

သင်တန်းသို့ ပူတာအိုခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် အားကစားဝါသနာရှင် သင်တန်းသား သင်တန်းသူ ၅၅ ဦးတို့ကို ဩဂုတ် ၂၆ ရက်မှ စက်တင်ဘာ ၉ ရက်အထိ ဖွင့်လှစ်သင်ကြားပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဖုန်ကန်(ပူတာအို)**

# အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှု အေရိုးဗစ်ပြိုင်ပွဲကျင်းပ

**နွားထိုးကြီး စက်တင်ဘာ ၉**

နွားထိုးကြီးမြို့ အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူးကျင်းပသော အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှု အေရိုးဗစ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၉ ရက် မွန်တည့် ၁၂ နာရီက မြို့နယ်အားကစားခန်းမ၌ ကျင်းပသည်။

အေရိုးဗစ်ပြိုင်ပွဲကို အငယ်တန်း သုံးသင်း၊ အကြီးတန်း ခြောက်သင်း စုစုပေါင်း ကိုးသင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့သည်။

**သန်းအောင်ဇော်**
**(ပြန်/ဆက်)**



## တိုတိုထွာထွာဖတ်စရာ



### နိုင်ငံတကာစာတတ်မြောက်ရေးနေ့ကျင်းပ

**မြဝတီ**

ကရင်ပြည်နယ် မြဝတီမြို့ သောင်ရင်းခန်းမတွင် ၂၀၁၉ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနားကို စက်တင်ဘာ ၈ ရက် နံနက် ၉ နာရီခွဲက ကျင်းပသည်။

ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကို၊ မြို့နယ်ပညာရေးမှူး ဦးနိုင်ဝင်းအောင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကျောင်းအုပ်ကြီးများက နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် အလယ်တန်း၊ အထက်တန်းအဆင့် ကဗျာပြိုင်ပွဲမှ ကျောင်းသား၊ ကျောင်းသူ ၂၅ ဦးအား ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင် (ပြန်/ဆက်)**

### ပြည်မြို့တွင် ဆုံစည်းရာစာဖတ်ဝိုင်းကျင်းပ

**ပြည်**

ပြည်မြို့စာပေချစ်မြတ်နိုးသူများ 'ဆုံစည်းရာ' စာဖတ်ဝိုင်းကို ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာနရုံး၌ စက်တင်ဘာ ၈ ရက် နံနက် ၉ နာရီကကျင်းပရာ စာရေးဆရာကြီးများဖြစ်ကြသော ပြည်မြို့နယ် စာရေးဆရာအသင်း ရာသက်ပန်နာယက သတင်းစာဆရာ၊ စာရေးဆရာ သက်ကြီးအပူဇော်ခံ မြရွှေ(ပြည်)၊ ကဗျာဆရာ မောင်လင်းကြည်၊ စာရေးဆရာ မြဝင်း (ဒဿန)၊ ဦးကြည် (ပါမောက္ခ-ငြိမ်း-ပထဝီ)၊ အမျိုးသားစာပေဆုရှင် အောင်စိုး (တိမ္ဘူးကု)၊ ညွှန်ကြားရေးမှူး (ငြိမ်း) မောင်မောင်ကြည်သန့်တို့က 'စာတတ်သူများ စာဖတ်ရေး' ခေါင်းစဉ်ဖြင့် ဦးဆောင်ဆွေးနွေးကြရာ ဝါသနာရှင် ၂၂ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မောင်စိမ်းလန်း (ပြည်)**

### စတုတ္ထအကြိမ် ပညာသင်ထောက်ပံ့ကြေးပေးအပ်

**နတ်မောက်**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ရွှေပန်းတော အထက ကျောင်းသားကျောင်းသူဟောင်းများ၏ ပညာရေးဖောင်ဒေးရှင်းမှ တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား ကျောင်းသူများဂုဏ်ပြုပွဲနှင့် ပညာသင်စရိတ်ထောက်ပံ့ကြေးပေးအပ်ပွဲကို ယင်းကျောင်းရှိ ဒေါ်စောမေခန်းမ၌ စက်တင်ဘာ ၇ ရက် နံနက်ပိုင်းကကျင်းပရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဆရာကြီး ဦးရွှေလှက အဖွင့်အမှာစကားပြောကြားပြီး ကျောင်းသား ကျောင်းသူ ၆၁ ဦးကို ရွေးချယ်၍ တစ်ဦးလျှင် ထောက်ပံ့ကြေးငွေကျပ် ၂၀၀၀၀၀ နှုန်းဖြင့် ကျောင်းသား ကျောင်းသူ ၂၃ ဦးအား ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ **အောင်သန်းထွန်း (နတ်မောက်)**

### ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးကူညီ

**ကျိုက်မရော**

ငြိမ်းချမ်းရေးမဏ္ဍိုင် လူငယ်များအဖွဲ့၏ တတိယအကြိမ်မြောက် ရေဘေးသင့်ဒေသ ကူညီရေးနှင့် ပြန်လည်ထူထောင်ရေးခရီးစဉ်အဖြစ် စက်တင်ဘာ ၇ ရက် နံနက် ၉ နာရီခွဲက မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ငါးပြေမ၊ ကြက်ခတ်ကုန်းနှင့် ဖာသိမ်အုပ်စု ကမ်းနားကျေးရွာတို့သို့ စားနပ်ရိက္ခာ၊ အသုံးအဆောင်နှင့် အဝတ်အထည်များကို သွားရောက်ထောက်ပံ့ လှူဒါန်းခဲ့သည်။

ယခုထောက်ပံ့လှူဒါန်းမှုမှာ တတိယအကြိမ်ဖြစ်ပြီး အိမ်ထောင်စု ၃၅၀ အတွက် ကာလတန်ဖိုး ငွေကျပ်သိန်း ၃၀ ခန့်ဖြစ်ကြောင်း သိရသည်။

ငြိမ်းချမ်းရေးမဏ္ဍိုင် လူငယ်များအဖွဲ့အနေဖြင့် ပထမအကြိမ် ရေးမြို့နယ် ရေဘေးသင့်ဒေသများနှင့် ဒုတိယအကြိမ် အတ္ထရံမြစ်ဝှမ်း ဦးလေးရွာ၊ ပေါလောရွာတို့သို့ သွားရောက်လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**လှိုင်ထွန်းအောင်(သထုံ)**

## ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ကျွမ်းကျင်မှုပူးပေါင်းဆောင်ရွက်ရေး လူငယ်စင်တာဖွင့်ပွဲတက်ရောက်



**ကျောက်ဖြူ စက်တင်ဘာ ၉**

ကျောက်ဖြူလူငယ် ကျွမ်းကျင်မှုသင်တန်း ပူးပေါင်းဆောင်ရွက်ရေးစီမံကိန်း လူငယ်စင်တာဖွင့်ပွဲ အခမ်းအနားကို ကျောက်ဖြူမြို့နယ် ထွေအုပ်ရိပ်သာရှိ အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၉ ရက် နံနက် ၈ နာရီခွဲက ကျင်းပသည်။

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပုက သင်တန်းတက်ရောက်သင်ကြားသည့် သင်တန်းသား သင်တန်းသူများအားလုံး ၎င်းတို့၏အနာဂတ် ၎င်းတို့ရဲ့ဘဝအတွက် ရေရှည်အကျိုးရှိမှာဖြစ်ပါကြောင်း၊ လက်တွေ့လုပ်ငန်းခွင်များတွင်လည်း အကျိုးရှိနိုင်ရန် ယခုလို သင်တန်းများ ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း၊ အစိုးရအနေဖြင့် ပညာရေးကို အထူးအလေးထားဦးစားပေး ဆောင်ရွက်လျက်ရှိရာ ရင်းနှီးမြှုပ်နှံမှုကို ရည်ရွယ်ချက်ကြီးကြီးမားမားဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အမျိုးသားပညာရေးမူဝါဒကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာမျိုးကြွယ်က ယခုလိုသင်တန်းမျိုးဟာ အလုပ်အကိုင်အခွင့်အလမ်းကို ဦးစားပေးသော သင်တန်းဖြစ်သည့်အတွက် ကြိုးစားသင်ယူကြရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်နှင့်ပြည်နယ်အတွက် လိုအပ်သောလုပ်ငန်းများကို ဒီထက်မက ဆက်လက်ပံ့ပိုးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် CITIC Consortium Authorized Representative Mr. Yuan Shaobin က ကျောက်ဖြူလူငယ်စင်တာ လှူဒါန်းရခြင်းနှင့် သင်တန်းများဖွင့်လှစ်ပေးရခြင်းသည် ကျောက်ဖြူလူငယ်များ၏ အခြေခံပညာရေးအရည်အချင်းနှင့် သက်မွေးဝမ်းကျောင်း အတတ်ပညာ အဆင့်အတန်းကို မြှင့်တင်ပေးရန်၊ ကျောက်ဖြူဒေသတွင် ကျွမ်းကျင်မှုသင်တန်း ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်အတွက်ရည်ရွယ်၍ ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း၊ CITIC Consortium အနေဖြင့် ဒေသခံများ၏ လိုအပ်ချက်များအရ သက်မွေးပညာသင်တန်းများကို ဆက်လက်ဦးစီး ဆောင်ရွက်ပေးခြင်းအားဖြင့် ဒေသခံနှင့် ပွင့်လင်းမြင်သာသော ချစ်ကြည်မှုဆက်ဆံရေးကို ထူထောင်နိုင်၍ လူမှုရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ဒေသခံများနှင့် လက်တွဲကြိုးပမ်းအားထုတ်သွားမည်ဟု ပြောကြားသည်။

ယင်းနောက် ကျောက်ဖြူမြို့ အစိုးရရပ်ကွက်ရှိ CITIC Consortium မှ လှူဒါန်းတည်ဆောက်ထားသည့် ကျောက်ဖြူလူငယ်စင်တာတွင် သင်တန်းသား သင်တန်းသူများအား သင်ကြားပြသနေမှုများ၊ အိပ်ဆောင်များကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

အဆိုပါသင်တန်းတွင် အင်္ဂလိပ်စာသင်တန်းတွင်သင်တန်းသားသင်တန်းသူ ၃၂ ဦးနှင့်အိမ်တွင်းလျှပ်စစ်သင်တန်းသား သင်တန်းသူ ၃၀ စုစုပေါင်း ၆၂ ဦးခန့် တက်ရောက်လျက်ရှိကာ အင်္ဂလိပ်စာသင်တန်းကို နှစ်လသင်ကြားသွားမည်ဖြစ်ရာ အိမ်တွင်းလျှပ်စစ်သင်တန်းကို ဩဂုတ် ၉ ရက်မှ စက်တင်ဘာ ၂၇ ရက်အထိ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ဖြိုးဝေလင်း(ပြန်/ဆက်)**

## သဘာဝဘေးကြောင့်ပျက်စီးခဲ့သော သီးနှံများအတွက် ထောက်ပံ့ငွေပေးအပ်ပွဲ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

**မင်းဘူး စက်တင်ဘာ ၉**

မင်းဘူး(စကု)မြို့နယ်တွင် ၂၀၁၈ ခုနှစ်အတွင်း သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သီးနှံများအတွက် ထောက်ပံ့ကြေးငွေပေးအပ်ပွဲကို စက်တင်ဘာ ၈ ရက် မွန်းလွဲပိုင်းက မင်းဘူးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို တက်ရောက်သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဝင်းမော်ဌေးက ၂၀၁၈ ခုနှစ်အတွင်း သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သီးနှံများအတွက် ထောက်ပံ့ကြေးငွေပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်းက သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သီးနှံများအတွက် နိုင်ငံတော်အစိုးရက ထောက်ပံ့ကြေးငွေ ပေးအပ်ခဲ့ခြင်းအတွက် ကျေးဇူးတင်စကား ပြောကြားသည်။

မင်းဘူး(စကု) မြို့နယ်တွင် ၂၀၁၈ ခုနှစ်အတွင်း သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော တောင်သူ ၁၀၈၂၆ ဦး၏ ပျက်စီးသီးနှံဧရိယာပေါင်း ၁၉၇၁၇ ဧကမှ ထောက်ပံ့ကြေးငွေ စုစုပေါင်း ငွေကျပ် ၈၃၈၃ ဒသမ ၇ သိန်း အနက်မှ နှမ်းစပါးနှင့် နှမ်းနှမ်းအတွက် တောင်သူ ၇၉၉၇ ဦး၏ သီးနှံဧရိယာပေါင်း ၁၅၆၃၅ ဧကအတွက် ငွေကျပ် ၈၁၈၀ ဒသမ ၅ သိန်းအား ပေးအပ်ခဲ့ကြောင်း သိရသည်။

သဘာဝဘေးကြောင့် ပျက်စီးခဲ့သော မိုးနှမ်းနှင့် ပဲတီစိမ်းသီးနှံများအတွက် ငွေကျပ် ၂၀၃ ဒသမ ၂ သိန်းအား ဆက်လက်ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာန အစီအစဉ်ဖြင့် ရရှိထားသော ကွန်ပေါင်းဓာတ်မြေဩဇာ 50 kg အိတ် ၄၂၁၈ အိတ်ကိုလည်း ငါးဧကလျှင် တစ်အိတ်နှုန်းဖြင့် ဆက်လက်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုးဝင်း(မင်းဘူး)**

## လှိုင်ကော်မြို့နယ် လူငယ်ရေးရာကော်မတီ ဖွဲ့စည်းနိုင်ရေးနှင့် လူငယ်မူဝါဒထပ်ဆင့်ရှင်းလင်းပွဲ ကယားပြည်နယ်ဝန်ကြီးချုပ် တက်ရောက်

**လွိုင်ကော် စက်တင်ဘာ ၉**

လူငယ်များသည် နိုင်ငံ၏ အနာဂတ်ဖြစ်ပြီး လူငယ်များအနေနှင့် နိုင်ငံ့သားကောင်းများအဖြစ် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးဖြင့် အကျိုးပြုကဏ္ဍများတွင် ပါဝင်လာစေရေးအတွက် ရည်ရွယ်၍ လွိုင်ကော်မြို့နယ် လူငယ်ရေးရာကော်မတီဖွဲ့စည်းနိုင်ရေးနှင့် လူငယ်မူဝါဒ ထပ်ဆင့်ရှင်းလင်းပွဲအခမ်းအနားကို စက်တင်ဘာ ၈ ရက် နံနက် ၁၀ နာရီက လွိုင်ကော်မြို့ မြို့နယ်ခန်းမ၌ ကျင်းပသည်။

ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက လူငယ်များအနေဖြင့် တန်ဖိုးထားသည့် ဂုဏ်နှင့် ညီညွတ်သည့် ကြံစည်တွေးတောခြင်းဖြင့် နိုင်ငံ့အတွက် အဖိုးတန်သည့် နိုင်ငံ့တာဝန်ကို ပခုံးပြောင်းယူနိုင်အောင် ကြိုးပမ်းရန်လိုကြောင်း၊ ပြည်နယ်အစိုးရ၊ အသင်းအဖွဲ့များနှင့် ချိတ်ဆက်၍ ၎င်းတို့၏ အားများကို ယူတတ်ကြရန်လိုကြောင်း၊ ပြည်နယ်အစိုးရအနေဖြင့် လိုအပ်သောပံ့ပိုးမှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ် စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးက ပြည်နယ် လူငယ်ရေးရာကော်မတီ စတင်ဖွဲ့စည်းဆောင်ရွက်မှု အခြေအနေများ၊ ဖွဲ့စည်းထားရှိမှုများ၊ လူငယ်ရေးရာမူဝါဒများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လူငယ်မူဝါဒ ဖြစ်ပေါ်လာပုံကို ရှင်းလင်းတင်ပြခြင်း၊ လူငယ်မူဝါဒ ရည်မှန်းချက်နှင့် ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြခြင်း၊ ပေါင်းစပ်ညှိနှိုင်းမှုယန္တရားများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခြင်း၊ အုပ်စုဖွဲ့ဆွေးနွေးခြင်း၊ မြို့နယ် လူငယ်ရေးရာကော်မတီ ဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**လွိုင်ကော်သား**





## မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေသားများနိမ့်ကျ ပြိုဆင်းသည့်နေရာသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ကွင်းဆင်းကြည့်ရှု

**တောင်ကြီး စက်တင်ဘာ ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ မြို့မရပ်ကွက်နယ်မြေ (၃) အနောက်မြို့ပတ်လမ်းရှိ ကုန်းသာပရိယတ္တိစာသင်တိုက် ကျောင်းမြေအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေသားများနိမ့်ကျပြိုဆင်းခဲ့ပြီး ကျောင်းအောက်ခြေအနိမ့်ပိုင်းရှိ တောင်၊ မြောက်အလျားပေ ၁၅၀ ခန့် မြေသားများ တဖြည်းဖြည်းပြိုဆင်းခဲ့ရာ မြို့မရပ်ကွက် အနောက်မြို့ပတ်လမ်း နေအိမ်အချို့အပေါ်သို့ မြေများကျဆင်းခဲ့သည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေသားများ နိမ့်ကျပြိုဆင်းသည့်နေရာသို့ စက်တင်ဘာ ၉ ရက်နံနက် ၉ နာရီခွဲက ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အနီးဝန်းကျင်ရှိနေအိမ်များ ထပ်မံအန္တရာယ်ရှိနိုင်သဖြင့် ပြောင်းရွှေ့နေထိုင်ရန် သင့်ကြောင်းနှင့် တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ပြည်သူများ အန္တရာယ်မဖြစ်စေနိုင်ရေးအတွက် ကြိုတင်၍ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက သစ်ပင်များ၊ ချုံနွယ်များ ရှင်းလင်းကာ မြေများပြိုဆင်းမှုမရှိနိုင်ရန်အတွက် မြေထိန်းနံရံများ ကြိုတင်ကာကွယ်ပြုလုပ်ပေးကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

**တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ**
**အင်ဂျင်နီယာသင်တန်းသားများ**
**အလိုရှိသည်**

၁။ လျှောက်ထားသူသည်-

(က) **၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁** ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၉ နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့်ကိုယ်အလေးချိန်ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၄၀ ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား သိပ္ပံဘာသာတွဲ၊ သို့မဟုတ် ဝိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၉-၉-၂၀၁၉** ရက်နေ့မှ စတင်၍ **၂၃-၁၁-၂၀၁၉** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း တိုင်းစစ်ဌာနချုပ်များတွင် အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ**။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ အရည်အချင်းစစ်စာမေးပွဲကို မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်များ၌ **၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၆။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်မြင်သူများကို ဟိုပုံးမြို့(တောင်ကြီးခရိုင်)တွင်လူတွေ့စစ်ဆေးမည်။ လူတွေ့အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းနှင့်သတင်းပို့ရမည့်ရက်များကို မိမိလျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်များတွင် **၂၇-၁၂-၂၀၁၉** မှ **၂၈-၁၂-၂၀၁၉** ရက်နေ့များအတွင်း မေးမြန်းနိုင်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-** ၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် **ပညာသည် အကြပ်ကြီး** အဖြစ်ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက်တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးကံထွန်း

**အသက်(၉၂)နှစ်**

**(ကြီးကြပ်ရေးမှူး-ငြိမ်း၊ သစ်တောဦးစီးဌာန)**

ရောဝတီတိုင်းဒေသကြီး၊ ငသိုင်းချောင်းမြို့နေ (ဦးဘိုးရှင်း-ဒေါ်အေးမယ်)တို့၏သား၊ (ဒေါ်မြစိန်)၏ ခင်ပွန်း၊ (ဦးတင်စိုး)-ဒေါ်ဝင်း၊ ဦးခင်ဇော်ထူး-ဒေါ်မာစီထွန်း၊ ဦးဝင်းနိုင်-ဒေါ်ခင်မာရီထွန်း၊ ဦးမိုးခိုင်-ဒေါ်နိုင်နိုင်ထွန်းတို့၏ ဖခင်၊ ကိုတိုးလွင်-မအင်ကြင်း အိမေ်ာထွန်း၊ ကိုဘိုဘိုထွေး-မရွှေရည်လဲ့လဲ့ထွန်း၊ ကိုပြည့်စုံထွန်းနိုင်-မဖူးပွင့်ခိုင်၊ မအေးဆုရည်မိုး၊ မမိုးသဇ္ဈာအောင်၊ မောင်လွင်မိုးဟန်တို့၏အဘိုး၊ မြစ်သုံးယောက်တို့၏ ဘိုးဘိုးသည် ၈-၉-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၈း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၉-၂၀၁၉ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ဣန္ဒာ(၁၀)လမ်း၊ (မြောက်ပိုင်း)၊ အမှတ်(၇၂၉)၊ ပထမထပ် နေအိမ်မှ ကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်သောင်းရီ (ပဲခူး)

**အသက်(၈၁)နှစ်**

**နေရှင်နယ်ကျောင်းသူဟောင်း**

**မှတ်တမ်းရုံးစစ်မှူးထမ်း (ငြိမ်း)**

ရန်ကုန်မြို့ ရွှေပိတောက်ရိပ်မွန်၊ ရွှေသစ်ခွလမ်း၊ တိုက်-R၊ အခန်း(၆)နေ (ဦးသက်တင်)၏ ဇနီး၊ ပဲခူးမြို့နေ ဦးမျိုးမြင့်-ဒေါ်မြရီ(ထ-၃)၊ ရန်ကုန်မြို့နေ (ဦးဝင်းဖေ)-ဒေါ်ခင်စန်းဝင်း၊ ပဲခူးမြို့နေ ဦးခင်မောင်ဇော်-ဒေါ်တင်ရီ တို့၏ အစ်မကြီး၊ မခင်ချိုသင်း၊ မစုသက်တင်၊ ကိုဇော်ဝင်းမောင်-မခိုင်မိုးသက်တို့၏ မိခင်၊ မရွှေပြည့်သွန်းထက်၊ မသွန်းမြတ်ချယ်ရီအောင်တို့၏အဘွား ဒေါ်သောင်းရီသည် ၆-၉-၂၀၁၉ (သောကြာနေ့) တွင် ကွယ်လွန်သွားပါသဖြင့် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၂-၉-၂၀၁၉ (ကြာသပတေးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဌေးလွင်

**ဦးစီးအရာရှိ (စက်မှု) PPD**

**အသက်(၆၀)**

ရန်ကုန်မြို့ အင်းစိန်မြို့နယ်၊ အောင်ဆန်းရပ်ကွက်အရာရှိရိပ်သာ၊ အမှတ်(၈/၁၄)နေ (ဦးထွန်းငွေ-ဒေါ်တင်တင်)တို့၏ သားကြီး၊ (ဦးစောလှသိန်း-ဒေါ်နော်ထူးစေး)တို့၏ သားသမက်၊ ဦးထိန်ဝင်း (လက်ထောက်မန်နေဂျာ-ငြိမ်း၊ မြန်မာ့မီးရထား)-ဒေါ်သန္တာရီ၊ ဦးသက်နိုင်ဝင်း(ဒုတိယစီးပွားရေးတာဝန်ခံ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ မန္တလေး)-ဒေါ်နှင်းဆီ၊ ဦးခင်မောင်ဇော်၊ ဦးလှမျိုး (အင်/ယာမှူး၊ မုံရွာစည်ပင်)-ဒေါ်မိုးသီတာ၊ ဦးမင်းဇော် (ဆက်သွယ်ရေးတာဝန်ခံ၊ ဖားကန့်)-ဒေါ်စန္ဒာ၊ ဗိုလ်ကြီးပြည့်ဖြိုး-ဒေါ်ဝါဝါမင်း (S.A.T/မိုးကောင်း၊ အထက-၁)၊ ဗိုလ်မှူးမျိုးမင်းခိုင်-ဒေါ်တင်ဇာသောင်းလွင်တို့၏ အစ်ကိုကြီး၊ ဒေါ်နော်စေးသိန်း၏ ချစ်လှစွာသောခင်ပွန်း၊ မစန္ဒာလွင်၏ မွေးသဖခင်ကျေးဇူးရှင်သည် ၇-၉-၂၀၁၉ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၉-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၉-၂၀၁၉ (သောကြာနေ့) နံနက်တွင် အင်းစိန်မြို့နယ်၊ အောင်ဆန်းရပ်ကွက်၊ အရာရှိရိပ်သာ၊ အမှတ် (၈/၁၄) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

## ဦးထိန်ဝင်း

**BE (Textile)**

**ဒု-စက်ရုံမှူး(ငြိမ်း)၊ ရွှေတောင်/ချည်/ချောစက်ရုံ**

ရွှေနေကြာမိသားစု၏ ဒု-ဥက္ကဋ္ဌ ဦးထိန်ဝင်း အသက် (၆၆)နှစ်သည် ၇-၉-၂၀၁၉ (စနေနေ့)တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရွှေနေကြာမိသားစု(ရန်ကုန်)**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်ကြီးကျော်မင်း(ငြိမ်း)

**စ-တ-သ(၂၆)**

**အသက်(၅၈)နှစ်**

မန္တလေးမြို့ (၆၉၅)ရပ်ကွက်နေ ဒေါ်မင်းမင်းသန်း၏ခင်ပွန်း ဗိုလ်ကြီးကျော်မင်း(ငြိမ်း)သည် ၇-၉-၂၀၁၉ ရက် ည ၉း၁၀ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စ-တ-သ(၂၆)မှ သူငယ်ချင်းများနှင့်**

**မိသားစုဝင်များ**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်မှူးသန်းကျော်ဝင်း(ငြိမ်း)

**O.T.S(88)၊ သီဟတပ်ခွဲ**

**အသက်(၅၁)နှစ်**

သူငယ်ချင်း ဗိုလ်မှူးသန်းကျော်ဝင်း(ငြိမ်း)သည် ၇-၉-၂၀၁၉ (စနေနေ့) နံနက် ၁း၃၀ နာရီတွင် တပ်မတော်ဆေးရုံ ခုတင်(၁၀၀၀)၊ မင်္ဂလာဒုံ၌ ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈၈)**

**သီဟတပ်ခွဲမှ သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

## တပ်ကြပ်ကျော်ညီညီ (အကူနည်းပြ)

**ကိုယ်ပိုင်အမှတ်-တ/၆၅၅၃၁**

**အသက်(၃၇)နှစ်**

**မြန်မာနိုင်ငံသေနတ်ပစ်အားကစားအဖွဲ့ချုပ်(အမှုဆောင်)**

၉-၉-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံသေနတ်ပစ်အားကစားအဖွဲ့ချုပ်**

## ဦးမောင်မောင်နီ

**အသက်(၈၉)နှစ်**

မအူကုန်းရပ်ကွက်ဓမ္မာရုံစောင့်ရှောက်ရေးအသင်း နာယက ဦးမောင်မောင်နီ သည် ၉-၉-၂၀၁၉ (တနင်္လာနေ့) တွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၉-၂၀၁၉ (သောကြာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည် ဖြစ်ပါသဖြင့် အသင်းသားများလိုက်ပါပို့ဆောင်ကြပါရန်။

အမှုဆောင်အဖွဲ့

## ဦးသိန်းဟန် (စာရေးဆရာ လူမော်ဟန်)

**မြန်မာနိုင်ငံသတင်းစာဆရာများအသင်းဝင်**

**သက်ကြီးကန်တော့ခံ**

**လက်ထောက်မန်နေဂျာ (ငြိမ်း)၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်**

**အသက် (၈၆) နှစ်**

ရောဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်၊ ကနိကျေးရွာနေ (ဦးမြူး-ဒေါ်ရှုန်)တို့၏ သား၊ (ဒေါ်တင်စိန်)၊ (ဒေါ်တင်ရှိန်)တို့၏မောင်၊ ဒေါ်တင်တင်ထွေး၏အစ်ကို၊ ရန်ကုန်မြို့တိုက် (၂၆၈)၊ အခန်း(၁၃)၊ ရန်အောင်(၆)လမ်း၊ (၂)ရပ်ကွက်၊ အရှေ့ရန်ကင်းနေ ဒေါ်ခင်မြ၏ခင်ပွန်း၊ ဦးမင်းထင်၊ ဦးဝင်းသိန်း၊ ဒေါ်ရီရီချို၊ ဦးရွှေခိုင်-ဒေါ်ဥမ္မာမြင့်တို့၏ဖခင်၊ မခွာညိုသင်း၏အဘိုးသည် ၉-၉-၂၀၁၉ (တနင်္လာနေ့) နံနက် ၉း၃၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၉-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၉-၂၀၁၉ (တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးသောင်းစိန်

**အသက်(၈၂)နှစ်**

**DSA အပတ်စဉ်(၁)**

**ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)**

**မြန်မာ့ထုတ်ကုန်/သွင်းကုန်လုပ်ငန်း**

**စီးပွား/ကူးသန်းဝန်ကြီးဌာန**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်၊ သစ်ရာမြိုင်ရပ်ကွက်နေ (ဦးဖိုးသိန်း-ဒေါ်ဖွားအိ)တို့၏ သား၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ (၃)ရပ်ကွက်နေ (ဦးနီ-ဒေါ်ဘဏ်)တို့၏ သားသမက်၊ ရန်ကုန်မြို့ တာမွေမြို့နယ်၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ မြို့သစ်(၁)လမ်း၊ အမှတ် (၁၇)နေ ဒေါ်ညိုညို၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်မိမိစိန်(အကောက်ခွန်ဦးစီးဌာန)၊ ဦးရဲဇော်ဝမ်း-ဒေါ်ဝင်းဝင်းစိန်(ခေတ္တ-စင်ကာပူ)၊ (ဗိုလ်မှူးခိုင်ဦး)-ဒေါ်စုစုစိန်၊ ဗိုလ်မှူးအောင်ဇော်ဦး၊ ဒေါ်ယုယုစိန်၊ ဦးဝင်းကိုကို-ဒေါ်အိအိစိန် တို့၏ ဖခင်၊ မြေးကိုးယောက်၊ မြစ်သုံးယောက်တို့၏အဘိုး ဦးသောင်းစိန်သည် ၉-၉-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၁း၂၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၉-၂၀၁၉ (သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၉-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌ အိပ်ပျော်ခြင်း**

## ဦးသန်းကြွယ်(ခ)ဦးမောင်မောင်

**(လေ-၅၁၃၆)**

**အသက်(၈၂)နှစ်**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးနေ (ဦးမောင်ခင်-ဒေါ်သဲညှာ)တို့၏ သား၊ (ဦးမင်းလွင်)-ဒေါ်လှမြင့်တို့၏ မောင်၊ နော်ရီးနာ၏ခင်ပွန်း၊ ဦးမျိုးသန့်-နမ့်ဝမ်ဖောင်၊ ဦးမျိုးဆန်း-ဒေါ်ညွန့်ရီ၊ ဦးမျိုးဟန်-ဒေါ်ရီရီချစ်၊ ဦးမျိုးဝင်း-ဒေါ်သင်းသင်းဝါ (ခေတ္တ-စင်ကာပူ)၊ ဦးမန်းထွန်းနိုင်-ဒေါက်တာဒေါ်ခင်မျိုးလွင် (ခေတ္တ-Canada)တို့၏ ဦးလေး၊ လှိုင်မြို့နယ်၊ G-5၊ ဒါဗာ(A)၊ (၈)ရပ်ကွက်၊ ဦးချိုလမ်း၊ လွတ်လပ်ရေးကွက်သစ်နေ ဦးစဝင်းလွင်-နော်ရိုစီသန်း၊ နော်ဒေစီသန်းတို့၏ဖခင်၊ စောဒိုးဒိုဝင်း၊ နော်စနိုးဝင်းတို့၏ ချစ်လှစွာသောဖူးဖူး ဦးစောသန်းကြွယ်သည် ၈-၉-၂၀၁၉ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၀-၉-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ၌ ဝတ်ပြုခြင်း အစီအစဉ်ပြုလုပ်မည်ဖြစ်ပါသဖြင့် မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## Pa Langh Do Kham

**ခွဲတပ်ကြပ်ကြီး (ငြိမ်း)**

**Gualnam (Munsuan Beh)**

**အသက် (၆၇) နှစ်**

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ လိုင်တွိုးကျေးရွာနေ (Pu Thang Khaw Ngul-Pi Paam Za Ciang)တို့၏သား၊ (Pu Vungh Za En-Pi Cing Khan Dim)တို့၏သားသမက်၊ Pa Gin Go Thang-Nu Cin Za Ning၊ (Zam Khan Mung)၊ (Nu Cing Sian Lian)-Pa Neng Khen Thang တို့၏ညီ/မောင်၊ (Nu Zen Go Ciang-Pa Sian Khan Pau)၊ Nu Nian Lam Cing-Pa Zam Khan Suan၊ (Cin San Kim)၊ (Cin Kap Lian)၊ (En Khan Mung)တို့၏အစ်ကို၊ Nu Ciang Don Lian-Pa Langh Muan Khai၊ Lia Dim Ngaih Lun၊ Tg Ngul Khen Za Khup၊ Pa En Theih Cin (CB Bank)-ဒေါ်မျိုးသဇ္ဈာ(CB Bank)တို့၏မွေးသဖခင်၊ Lia Ciang Lawh Zaam၊ Lia Vung Sian Lun၊ Tg Kham Thawn Khai တို့၏အဘိုး၊ ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်၊ ဝါယာလက်၊ ပလရရပ်ကွက်၊ တိုးချဲ့(၁)လမ်း၊ အမှတ်(၃၈)နေ (Nu Man Ngaih Vung)၏ ချစ်လှစွာသောခင်ပွန်းသည် ၈-၉-၂၀၁၉ (တနင်္ဂနွေနေ့) ည ၈း၂၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၀-၉-၂၀၁၉ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော် (ရေဝေး)ဝတ်ပြုခန်းမဆောင်၌ ဝတ်ပြုကိုးကွယ်ပြီး ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်၊ ဝါယာလက်ဈေးဝင်းတို့မှ ကားများ မွန်းလွဲ ၂ နာရီနှင့် ဆူးလေ-မောန္တေလဘုရားကျောင်းရှေ့ ယုဇနပိတောက်ကွေ့တို့မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ဇာနိုင်

**(Rtd.Senior National Prog.Officer UNFPA)**

**အသက် (၄၈) နှစ်**

ကလောမြို့နေ [ဦးအောင်နိုင် (ကျောင်းအုပ်ကြီး-ငြိမ်း၊ ကလော/အေးသာယာ-G.T.I)-ဒေါက်တာဒေါ်ခင်နနသင်]တို့၏သမီးကြီး၊ ဦးကျော်စွာနိုင်-ဒေါက်တာအေးမာတို့၏ညီမ၊ ဦးအောင်နိုင်ဦး-ဒေါ်ပြုံးကေသီနိုင် (ကလောမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)၊ ဦးစည်သူနိုင်-ဒေါ်နော် အယ်ယွားတို့၏ ချစ်လှစွာသောအစ်မကြီး၊ နိုင်ပိုရ်၊ စွာပိုရ်၊ အယ်ပိုရ်၊ သင်ပိုရ်တို့၏ချစ်လှစွာသော ကြီးကြီး ဒေါ်ခင်ဇာနိုင်သည် ၉-၉-၂၀၁၉ (တနင်္လာနေ့) နံနက် ၁၀း၂၅ နာရီတွင် အာရှတော်ဝင် အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၉-၂၀၁၉ (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေး သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။ (၉/A-2၊ နဝရတ်ကွန်ဒို၊ နဝရတ်လမ်း၊ အောင်ချမ်းသာဓမ္မာရုံရှေ့၊ ကမာရွတ်မြို့နယ်နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**အနိစ္စ**

**အကောက်ခွန်ဝန်ထမ်းဟောင်းများ အသင်း**

## ဦးလှရွှေ (၇)

**အသက်(၈၁)နှစ်**

**အကောက်ခွန်ဦးစီးမှူး(ငြိမ်း)**

ရာသက်ပန် အသင်းဝင်အမှတ် (၄၇၉) ဦးလှရွှေ(၇)သည် ၇-၉-၂၀၁၉ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၉-၉-၂၀၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းသူ/အသင်းသားများအား အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄B)၊ မြေကွက်အမှတ်(၇၁)၊ ဧရိယာ ပေ(၂၅×၅၀)=(၁၅၀၀)စတုရန်းပေ မြေကွက်တည်နေရာအမှတ်(၁၇)၊ မြို့ပတ်(၂)လမ်း၊ ပုသိမ်ညွန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (ဦးသိန်းကြွယ် [၁၂/မဂတ(နိုင်)၀၅၃၅၉၄])၊ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးသိန်းကြွယ်(ဖခင်)နှင့် ဒေါ်အေးရီ(မိခင်)တို့ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော ဦးတင်ကြွေ[၁၂/မဂတ(နိုင်)၀၅၂၃၀၈]၊ ဦးမောင်မောင်ကြည်[၉/မနမ(နိုင်)၀၀၄၄၉၇]၊ ဒေါ်သိန်းဌေး[၁၂/မဂတ(နိုင်)၀၅၂၄၈၆] တို့မှ ကျမ်းကျိန်လွှာများ၊ ဂရန်မူရင်း၊ သေစာရင်းတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**

**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၃)၊ မြေကွက်အမှတ် (၂၆၁)၊ မြေကွက်တည်နေရာအမှတ် (၂၆၁)၊ ရေဖြူလမ်း၊ (၁၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ဦးအောင်ထွဋ် အမည်ပေါက်ပါမစ်မြေအား အရပ်ကတိစာချုပ် အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လာသူ ဒေါ်ခင်မာရီ [၁၁/ကထန(နိုင်)၀၀၁၈၁၃] က ပါမစ်မူရင်းတွင် မိသားစုဇာတ်ပုံ၊ ရွှေ့ပြောင်းမည့်သူများ၏ ရာဇဝင်အကျဉ်းချုပ်တို့သာတင်ပြနိုင်ပြီး အိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့် မြေနေရာချထားပေးခံရသူများ၏ မှီခိုသူများစာရင်းတို့ တင်ပြနိုင်ခြင်းမရှိဘဲ ပါမစ် (မစုံ)ဖြင့် နှစ် (၆၀) မြေငှားစာချုပ် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**

**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

**သင့်**

**သွေးဖြင့်**

**အသက်ကယ်ပါ**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

## ဦးမောင်မောင်နီ (Sonny Sitt)

**(B.A, B.L)၊ ဖြူးမြို့**

**နတ်မောက်စက်မှုလက်မှုအထက်တန်းကျောင်း၊ ရန်ကုန် (သချာဌာန)**

**အသက် (၈၉) နှစ်**

ရန်ကုန်မြို့ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြားနေ (ဦးစစ်-ဒေါ်အေးကျင်)တို့၏ဒုတိယသား၊ [ဦးကျော်မြင့်(David Sitt)]၏ညီ၊ [ဒေါက်တာဝင်းလွင် (Leonard Sitt)]၊ ပါမောက္ခ ဒေါက်တာဌေးဆောင်(Bernie Sitt) (ပါမောက္ခချုပ်-ငြိမ်း)-ဒေါ်ရှုပိုး၊ ဒေါက်တာသာထွန်း(George Sitt)-ဒေါ်ခင်ဌေး၊ [ဒေါ်ကျင်မြိုင်-ဒေါက်တာမင်းလွင် (ဆေးရုံအုပ်ကြီး-ငြိမ်း)]၊ [ဦးသက်မြင့် (Winston Sitt)]၊ [ဦးစိန်မြင့်(Lawrence Sitt)-ဒေါ်မြင့်မြင့်စန်း]၊ ဦးတင့်တယ်(Daniel Sitt) (ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန)-(ဒေါ်နန်းထားရီ)၊ [ဦးဝင်းမြင့်(Johnny Sitt)]-ဒေါ်စိမ်းမြိုင်၊ ဒေါ်တင်တင်စန်း(Maisie Sitt)- (ဦးကျော်မြင့်)၊ ဒေါ်ခင်ခင်စန်း(Rosie Sitt)၊ ဒေါ်မင်းမင်းစန်း(Daisy Sitt)-ဒေါက်တာမြင့်ဦးတို့၏ ချစ်လှစွာသော အစ်ကို၊ ဒေါ်စိန်စိန်၏ ချစ်လှစွာသောခင်ပွန်းသည် ၉-၉-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၉-၂၀၁၉ (သောကြာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ မအူကုန်းလမ်းကျယ်၊ အမှတ်-၂၆ နေအိမ်မှ ကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

## ဦးမောင်မောင်နီ (Sonny Sitt)

**(B.A, B.L)၊ ဖြူးမြို့**

**နတ်မောက်စက်မှုလက်မှုအထက်တန်းကျောင်း၊ ရန်ကုန်(သချာဌာန)**

**အသက် (၈၉) နှစ်**

ရန်ကုန်မြို့ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြားနေ (ဦးစစ်-ဒေါ်အေးကျင်)တို့၏ဒုတိယသား၊ ရန်ကုန်မြို့ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ မအူကုန်းလမ်းကျယ်၊ အမှတ်(၂၆)နေ ဒေါ်စိန်စိန်၏ ချစ်လှစွာသောခင်ပွန်း၊ ကိုရန်အောင်စိုး-မပွင့်ရည်နန္ဒာ(UK)၊ မတင်ဇာပိုင်-ကိုဇော် ဝင်းမြင့်(Singapore)၊ ဗိုလ်မှူးဘဏ်ထက်(တပ်မတော်-ရေ)၊ မခိုင်ဇံဝေ-ကိုညီညီမောင်(Singapore)၊ မရတနာဖြိုး-ကိုကျော်ဇင်လင်း၊ ဒေါက်တာရန်နိုင်စိုး၊ မမို့မို့စံ-ကိုရဲမြင့်မောင်(Singapore)၊ ကိုအောင် ရဲပိုင်-မအိမ့်သန္တာအောင်(Noble IT Solutions)၊ မခင်သီရိထက် (AYA Bank)၊ ကိုဇေယျာစိုး(USA)၊ ကိုအောင်သူဟိန်း(USA)တို့၏ ချစ်လှစွာသောအဘိုး၊ မသွန်းနဒီဇော်၊ မသီရိကျော်ဇင်၊ မောင်သုခကျော်ဇင်၊ မဆောင်းရှုပါတို့၏ ချစ်လှစွာသော ဘိုးဘိုးကြီးသည် ၉-၉-၂၀၁၉(တနင်္လာနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၉-၂၀၁၉(သောကြာနေ့) နံနက် ၁၀နာရီတွင် တာမွေမြို့နယ် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈ နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးမြကြူး (မန္တလေး)

**လူမှုဝန်ထမ်းဦးစီးဌာန (ငြိမ်း)**

**အသက် (၈၄) နှစ်**

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့ မင်္ဂလာလမ်း၊ မြရိပ်သာနေ (ဦးဘမောင်-ဒေါ်ညိမ့်)တို့၏သား၊ ရောဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့နယ်၊ လှည်းဆိပ်ရွာနေ (မန်းကျော်ဒင်-ဒေါ်သန်းစိန်)တို့၏ သားသမက်၊ (ဦးမြဦး-ဒေါ်ဒေစီညွန့်)၊ (ဦးမြဘူး)-ဒေါ်အားမူ၊ (ဦးမြထူး)-ဒေါ်ခင်ထူးတို့၏ညီ၊ (ဦးမြသိန်း)-ဒေါ်သန်းနွဲ့၊ ဦးမြသန်း-ဒေါ်ခင်မျိုးသန်း၊ (ဦးကံချွန်)-ဒေါ်ခင်ရီ၊ (ဦးစောလှမောင်)-ဒေါ်သန်းစိန်၊ (ဦးမြအေး)-ဒေါ်အေးအေးတို့၏အစ်ကို၊ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၊ တိုက်(၁၄)၊ အခန်း(၉)၊ ဝေဠုဝန်အိမ်ရာစခန်းနေ ဒေါ်နန့်ရီသန်း၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်မြဝင်းမေ၊ ဒေါ်ဘေဘီကြူး (ဇေတဝန်မူကြို/ကျူရှင်)၊ ဦးစိန်ဝင်း (ထူးထက်စျာန့်ကုမ္ပဏီလီမိတက်)-ဒေါ်တင်မာမာလှဆန်း (ခ) မစူး (Novotel Hotel Max Myanmar)၊ ဒေါ်တင်မြခိုင်(ဇေတဝန်မူကြို/ကျူရှင်)၊ ဒေါ်တင်မြခိုင်ကြူးတို့၏ ဖခင်၊ မောင်ထူးထက်စျာန်(Grade-6, TTC၊ ကမာရွတ်)၏ချစ်လှစွာသောအဘိုး ဦးမြကြူးသည် ၇-၉-၂၀၁၉ (စနေနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၉-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၉-၂၀၁၉ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု



Myanmar International Series ကြက်တောင်ရိုက်ပြိုင်ပွဲတွင် ယှဉ်ပြိုင်မည့် သက်ထားသူဇာ။

# နိုင်ငံတကာ ကြက်တောင်ရိုက်ပြိုင်ပွဲ ရန်ကုန်မြို့၌ ယနေ့စတင်မည်

**ရန်ကုန် စက်တင်ဘာ ၉**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် Myanmar International Series ကြက်တောင်ရိုက်ပြိုင်ပွဲကို စက်တင်ဘာ ၁၀ ရက် နံနက် ၉ နာရီမှစတင်ကာ ရန်ကုန်မြို့ ကျုံးကြီးလမ်းရှိ အမျိုးသားကြက်တောင်အားကစားခန်းမ၌ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲပထမနေ့တွင် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ ကျင်းပမည်ဖြစ်သည်။

**နိုင်ငံပေါင်း ၁၀ နိုင်ငံ**

ပြိုင်ပွဲပထမနေ့တွင် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲသာ ကျင်းပမည်ဖြစ်ပြီး မြန်မာကစားသမားများအနက် ချမ်းဝင်းဦးနှင့် ဟောင်ပန်ဆန် (တရုတ်တိုင်ပေ)၊ မင်းထက်ကောင်းနှင့် မာနီဂန်ဒန် (အိန္ဒိယ)၊ အောင်မျိုးထူးနှင့် လင်ရီရှန် (မလေးရှား)၊ သူရိန်နှင့် ကောင်ချီခတ် (မလေးရှား)၊ ဘုန်းပြည့်နိုင်နှင့် ရှီရန်ရှာ (အိန္ဒိယ)၊ ဇော်လင်းထူးနှင့် ဟိုင်ကယ် (မလေးရှား)တို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ Myanmar International Series ကြက်တောင်ရိုက်ပြိုင်ပွဲကို အရှေ့တောင်အာရှ၊ အာရှနှင့် ဥရောပနိုင်ငံစသည့် နိုင်ငံပေါင်း ၁၀ နိုင်ငံကျော်မှ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ❖

**ကြေးမုံ ယနေ့ ဖတ်စရာ**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ထိုင်းနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ထံသို့ ညှိနှိုင်းမေတ္တာရပ်ခံစာပေးပို့ခဲ့ခြင်းနှင့် စပ်လျဉ်း၍ သတင်းထုတ်ပြန် စာမျက်နှာ » ၅

ပင်လယ်ကြမ်းပြင်အရင်းအမြစ်များနှင့် အဏ္ဏဝါစီးပွားရေးဆိုင်ရာ အာဆီယံနှင့် ဘင်းမ်စတက်ဒေသတွင်း အသိပညာပေးအလုပ်ရုံဆွေးနွေးပွဲ ကျင်းပ စာမျက်နှာ » ၆

ရာသီတုပ်ကွေးရောဂါ Seasonal Influenza ဖြစ်ပွားမှုနှင့်ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း၊ ကြိုတင်ကာကွယ်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင် ဆက်လက်ဆောင်ရွက်လျက်ရှိ စာမျက်နှာ » ၇

လေယာဉ်မှူးများ၏ဆန္ဒပြမှုကြောင့် လေကြောင်းခရီးစဉ်အားလုံးနီးပါး ဖျက်သိမ်းခဲ့ရဟု ဗြိတိန်လေကြောင်းလိုင်း ပြော စာမျက်နှာ » ၁၃

## မုတ်သုံလေအားကောင်းနေ

(စက်တင်ဘာလ ၉ရက်နေ့ ည ၇ နာရီအချိန် ထုတ်ပြန်ချက်)

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေသည်။

**မြန်မာ့ပင်လယ်ပြင်**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

**မိုး/ဇလ**

# မြန်မာအသင်း အာရှ ယူ-၁၉ ခြေစစ်ပွဲအတွက် ကစားသမား ၂၈ ဦးဖြင့် စတင်ဖွဲ့စည်း

**ရန်ကုန် စက်တင်ဘာ ၉**

မြန်မာ ယူ-၁၉ အသင်းသည် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၂၀ အာရှ ယူ-၁၉ ခြေစစ်ပွဲအတွက် ပဏာမကစားသမား ၂၈ ဦးဖြင့် စတင်ဖွဲ့စည်းလိုက်ပြီဖြစ်သည်။

**လေ့ကျင့်သွားမည်**

မြန်မာ ယူ-၁၉ အသင်းသည် ၂၀၁၉ အာဆီယံ ယူ-၁၈ ပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့သည့် ကစားသမား ၂၃ ဦးကို အခြေခံကာ ချန်လုပ်ခဲ့သည့် ကစားသမားများဖြင့် ပြန်လည်ပူးပေါင်းကာ လေ့ကျင့်သွားမည်ဖြစ်သည်။ မြန်မာ ယူ-၁၉ အသင်းတွင် **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ❍




ယူ-၂၁ အမှတ်ပေးပြိုင်ပွဲတွင် ချန်ပီယံဆုရခဲ့သည့် မြန်မာ ယူ-၁၉ အသင်းကို တွေ့ရစဉ်။

